
17
ခိုပိပိဇင်
အကြင်နာလေးပဲပေးပါကိုကို

# အခန်း (၁)

"ခွေးရူး ... ခွေးရူး ... ဟေ့ ... ဟေ့ ... ရှောင်ကြ ကိုက်သွားရင် မလွယ်ဘူး"

"အောင်မယ်လေး လုပ်ကြပါဦး"

"အောင်မယ်လေး .... အောင်မယ်လေး"

ရိုက်သူကရိုက်၊ အော်သူက အော်၊ လိုက်သူက လိုက်၊ ပြေးသူက ပြေးနှင့် ဈေးတန်းထဲတွင် ဝရုန်းသုန်းကား ဖြစ်နေ၏ ။

သဒ္ဒါဖြူသည် ပန်းစည်းတစ်စည်းကို ကိုင်၍ ဝယ်သူအားပေးမည် ပြုနေစဉ် ထိုအသံဗလံများ နှင့် အတူ ရှေ့ဆုံးက သူ့ ဆိုင်ဆီသို့ တန်းတန်းမတ်မတ် ပြေးလာနေသော ခွေးရူးတစ်ကောင်ကို တွေ့လိုက်ရသည်။

ရှေ့က ပန်းဘန်းတွေ ခံနေသဖြင့် ခွေးရူးသည် သူ့ကို ရုတ်တရက် ရန်မပြု နိုင်သော်လည်း သူ့ရှေ့က သူ့ ဖောက်သည့် ပန်းဝယ် နေကျ အမျိုး သမီးကြီးကို အန္တရာယ်ပြု နိုင်သည်မှာ သေချာနေသည်။

"အောင်မယ်လေး"

တုန်တက်နေသော အမျိုး သမီးကြီး သူသည်ဘေးသို့ဆွဲချလိုက်ပြီး ပန်းဘန်းများ ကို ယမ်းချလိုက်သည့် အခါတွင် ခွေးရူးသည် သူ့ဆိုင်ဆီသို့ တန်းတန်းမတ်မတ် ပြေးလာနေရာမှ တစ်ဘက်သို့ လှည့်၍ ပြေးတော့သည်။

ခွေးရူး နောက်မှက လူအုပ်ကြီး တစ်အုပ် ထက်ကြပ်မကွာ ပြေးလိုက်နေ၏ ။

ခွေးရူး တစ်ကောင် ဝင်မွှေလိုက်မှု ကြောင့် စည်ကားနေသော ဈေးတန်းကလေး ကစဉ့်ကလျား ဖြစ်ကုန်ကျသည်။

"လာ ... လာ မသစ္စာ ပန်းလဲ ယူမနေနဲ့တော့၊ မင်းလဲ သွားရင် မလွယ်ဘူး"

သဒ္ဒါဖြူ၏ ဆိုင်ရှေ့တွင် မျက်နှာတွင် သွေးမရှိတော့ဘဲ တုန်တက်နေသော အမျိုး

သမီးကြီးကို သူ့အမျိုး သားကြီးက လာတွဲ ကာ ခေါ်ထုတ်သွားတော့သည်။

သဒ္ဒါဖြူလည်း သူ့ ပန်းဘန်းထဲက ပန်းတွေ မရှုမလှ၊ ခေါင်းကျိုး ကိုယ်ကျိုး နှင့် မြေခနေသည်ကို နားနှစ် ဘက်ကို လက်ဖြင့် အုပ်၍ ပြူး ကျယ်ဝိုင်းစက်နေသော မျက်လုံးများ ဖြင့် ကြည့်နေ၏ ။

သဒ္ဒါဖြူ၏ နဖူးက ဖြူဖွေးနေသော မျက်နှာကလေး သည် ယခုတော့ စက္ကူဖြူ အလား ဖြစ်နေသည်။

ဟဲ့ .... ဟဲ့ ... သဒ္ဒါဖြူရယ်၊ နင် ပန်းတွေ ကုန်ပါပေါ့လား

ဘေးဘီက ပန်းသည်မကြီး ဒေါ်အေးက ကျိုး ကျနေသော ပန်းများ ကို လိုက်ကောက်၍ ပင် ဘန်းထဲသို့ ထည့်ပေးရင်း ပြောလိုက်သည်။

"ဟုတ်ပ့ါဟယ် .... အမြတ်ဝေးလို့ အရင်းတောင် ကြေမှာ မဟုတ်တော့ဘူး၊ နင်တော့ ဒုက္ခပဲ သဒ္ဒါဖြူ"

"ဟုတ် ... ဟုတ်တယ် ဒေါ်အေးရယ်၊ သဒ္ဒါ ... သဒ္ဒါ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

သဒ္ဒါဖြူသည် နှုတ်ခမ်းသားကလေးများ ဆတ်ဆတ်တုန်ကာ တုန်တုန်ယင်ယင်ဖြင့် ပန်းတွေ ကူကောက်ပေးနေသော နောက် တစ်ယောက် ပန်းသည်ကြီးကို ပြောလိုက်သည်။

"နင့်မလဲ ဒုက္ခ၊ ဟိုသူဌေး လင်မယားကလဲ သဒ္ဒါကြေးအ ဖြစ် ပန်းဖိုးလေးတောင် ကူကက် မ မစသွားဘူး။ ဟိုကောင်ကျော်မိုးနိုင်လာရင် ဒုက္ခပဲဟ ဒုက္ခ ဒုက္ခ"

သပြေနှင့် စပါယ်ကုံး နှစ် မျိုး သာ သီးသန့်ရောင် းသော အဘပုကြီးက စိတ်မကောင်းလှဟန်ဖြင့် သဒ္ဒါဖြူကို တစ်လှည့် ကြေမွပျက်စီးနေသော ပန်းတွေ ကို တစ်လှည့်ကြည့်ပြီး ခေါင်းတယမ်းယမ်း ဖြစ်နေ၏ ။

သဒ္ဒါဖြူသည် မလှမပ သူ့လင်ပန်းထဲ ပြန်ရောက်လာသော ပန်းတွေ ကို

ကြည့်ရင်း လှပသော မျက်ဝန်းကလေးနှစ် ဘက်မှ မျက်ရည်များ သွယ်ကျလာ၏ ။

သူ့ မျက်ဝန်းများ က ပန်းဘန်းထဲ စူးနစ်စွာ ရောက်ရှိနေရာမှ နေ့ပြန်တိုး ထုတ်ပေးနေသော သူဌေးပေါက်စ ကျော်မိုးနိုင်၏ မျက်နှာနှင့် အိမ်တွင် ရင်ကျပ်နာ ထ၍ လဲနေသော မိခင်ကြီး၏ မျက်နှာကို တစ်လှည့်စီ မြင်နေမိ၏ ။

"အမေ့အတွက် ဆေးဖိုး"

"ကျော်မိုးနိုင် အတွက် နေ့ပြန်တိုး"

"ငါ ... ငါ ဘာလုပ်ရမလဲ၊ အို ... ငါ ဘာလုပ်ရမလဲ" ရူးသွပ်သွားချင် လောက်အောင် သဒ္ဒါဖြူဖြစ်သွားသည်။

"ကဲ .... သဒ္ဒါဖြူရယ် နင် ဒါတွေ ရောင် းလို့မှမရတော့တာပဲ၊ ဘန်းတွေ သိမ်းပြီးပြန်တော့ ရော့ .. ဒီမှာ မမြတင်အတွက် ငါးကျည်းကလေး သုံးကောင် ဟင်းစားယူသွား၊ ကဲ ကဲ ... ပြန် ပြန်"

သူ့ ပန်းဘန်းတွေ ကို ကောက်ထပ်ပြီး ဒေါ်ချစ်မေက အတင်း ပြန်ခိုင်းနေသဖြင့် သဒ္ဒါဖြူလည်း မျက်ရည်စတွေ ကို လက်ဖမိုး နှစ် ဘက်ဖြင့် ကြမ်းတမ်းစွာ သုတ်ချလိုက်ပြီး ဘန်းတွေ ကို ဆတ်ခနဲ ကောက်ယူကာ ခေါင်းပေါ် တင်လိုက်သည်။

သဒ္ဒါဖြူသည် မြင်ကွင်းတွေ မှ နိဝါးနေသော မျက်လုံးများ ဖြင့် ခြေလှမ်းတွေ ကို လေးဖင့်စွာ လှမ်းကာ အိမ်ဆီသို့ ပြန်ခဲ့တော့သည်။

ပန်းဖိုး အစာဖြည့်ဖို့ ပေါင်စရာ နံ့စရာရွှေ ဆို၍ လည်း မှုး၍ ကား ရှူစရာ မရှိ။

ထဘီအင်္ကျီဆို၍ လည်း ပိုးဖဲကတ္တီပါ ဝေးစွ သရက်ထည်ကလေးတောင်မှ သုံးစုံပြည့်အောင် မရှိရှာသော သဒ္ဒါဖြူဘဝ။

နွမ်းပါးလိုက်သည်မှာ အရမ်း။

သည်ကြားထဲ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းလည်း သဒ္ဒါဖြူမှာ ဘယ်အခါမှ မရှိ။

တခ္ဒီးခ္ဒီး၊ တရှီးရှီး ကျပ်သံ ကြားနေသည့်ကြားက တဖျစ်တောက်တောက် ပြော၍ ဆူတတ် ပူတတ်သော ရင်ကျပ်ပန်းနာသည် အမေက တစ်မော င့်။

ချမ်းသာရာ ဘယ်မရှိတော့သည့် ကျပ်တည်းလှသည့် ဘဝဆိုးကြီးထဲမှ သဒ္ဒါဖြူ ထွက်ပြေးချင် စိတ် ဖြစ်နေမိသည်မှာ အခါခါ ....။

ယခုလည်း သဒ္ဒါဖြူခေါင်းပေါ်က လင်ပန်းတွေ ကို ပစ်ချ၍ ထွက်ပြေးချင်လှသည်။

အားလုံးနှင့် ဝေးရာကို ပြေးချင်သည်။

သို့ သော် စိတ်ထဲတွင် မည် မျှပင် ခံစားနေရစေကာမူ သူ့ ခြေထောက်များ ကတော့ ခနော်ခနဲ့ သူ့ အိမ်လေးရှိရာသို့ လှမ်းမြဲ လှမ်းနေပါသည်။

တကယ်တော့ သဒ္ဒါဖြူတစ်ယောက် သတ္တိမရှိပါ၊ အရာရာကို စွန့်လွှတ်ပြီး ကိုယ် လွတ်ရုန်းကာ တစ်စင်ထောင်ဝံ့သော သတ္တိမျိုး သဒ္ဒါဖြူတွင် လုံးဝ မရှိ။

အစဉ်အမြဲ အားငယ် ညှိုးငယ်နေသော စိတ်က သဒ္ဒါဖြူကို လွှမ်းမိုးချုပ်ကိုင် ထားနေပါ၏ ။

“အို ... ငါ့ ဘဝကြီးကိုက ဆိုးလွန်းပါတယ်၊ ဒီဘဝမှာ နေမယ့် အစား သေသွားတာမှ ကောင်းဦးမယ်”

သွယ်ကျလာသော မျက်ရည်စ တွေ ကို သုတ်ရင်း သဒ္ဒါဖြူသည် အိမ်ဆီသို့ ဆက်လျှောက်နေရာ .....

“အစ်မ သဒ္ဒါ .... အစ်မ သဒ္ဒါ”

သဒ္ဒါဖြူသည် သူ့ ရှေ့တွင် လာရပ်လိုက်သော ကောင်လေးကို ခြေအစုံ တန့်ခနဲ ရပ်ပြီး ကြည့်လိုက်သည်။

“ဟင် အစ်မသဒ္ဒါ ငိုလာတယ်”

သဒ္ဒါဖြူက မောင်ပါလေးကို မကြည့်ဘဲ မျက်နှာကို လွှဲဖယ်ထားလိုက်သည်။

"ကျွန်တော် အစ်မဆီလာမလို့ ဟိုလေ ... အရီးမြကြ ခိုင်းလိုက်လို့ပါ"

"ဘာတဲ့လဲ"

"သူ့ ဟင်းခါး သောက်ချင်တဲ့၊ အဲဒါ ...."

"ရတယ် အပါ၊ ငါ ဝယ်လာခဲ့ပြီ"

သဒ္ဒါဖြူသည် အိမ်ရောက်ရန် ခရီးကို ဆက်လျှောက်လာခဲ့ပြန်သည်။

အိမ်နားနီးလေလေ လှမ်းနေသော ခြေလှမ်းများ က တုန်လာလေလေ ဖြစ်နေသည်။

ကုန်းကုန်းကွကွ ထိုင်၍ တခွီးခွီး အသံထွက်အောင် ရင်တွေ ကျပ်၍ မရှုနိုင် မကယ်နိုင် ဖြစ်နေသည့် ကြားက သူ့အ ဖြစ်ကို သိရလျှင် အမေသည် ဒေါသူပုန် ထနေတော့မည် ။

မျက်လုံးမျက်ဆန်ကြီးတွေ ပြူး ပြူး ပြဲပြဲနှင့် ကြည့်၍ သူ့ကို ဒေါသတွေ မတရား ထွက်ကာ ဆူတော့ ပူတော့မည် ။ ကံမကောင်းလျှင် သူ့ အနီးအနားတွင် ရှိသော ပစ္စည်းပစ္စယ၊ ဘူးခွက်များ အတောင်ပံ မပါဘဲ လူထံသို့ ပျံဝဲလာနိုင်သေးသည်။

"အင်း .... ငါ့ဘဝနယ် ဆိုးလိုက်တာ၊ အမေက တစ်မှော င့် ကိုကျော်က တစ်မှော င့် အမေ စိတ်ဆိုးလို့ ထရိုက်လိုက်တာ ကမှ တော် သေးတယ်၊ ခံသာသေးတယ် အစ်ကိုကျော်က ခွေးမစား ဝက်မစား ပြောတာကို ခံရမှာ ကိုတော့ ငါ အကြောက်ဆုံးပဲ"

စိုးရွံ့၊ ထိတ်လန့်စိတ်၊ တုန်လှုပ်စိတ်များ ကို ရင်တွင် ပြိုင်၍ ခံစားရရင်း သဒ္ဒါဖြူ သည် သူ၏ တဲကုပ်သာသာ အိမ်ကလေးဆီသို့ ရောက်ခဲ့ရပါသည်။

ဝါးချောင်းကလေးများ မြက်ကွက် ကြားရိုက်ထားသော ဖိနပ်ချွတ်ကလေးမှ သဒ္ဒါဖြူသည် အိမ်ထဲသို့ အသာလှမ်းကြည့်လိုက်သည်။

အမေသည် ခေါင်းအုံးတွေ ကို ထပ်ခု၍ ကုန်းကုန်းကြီး ထိုင်နေရာမှ ဆတ်ခနဲ ခေါင်းထောင်ကာ အပြင်သို့ လှမ်းကြည့်ခိုက်နှင့် ကြုံတွေ့သွားရသည်။

"ဟင် .... မသဒ္ဒါ၊ ပြန်လာတာ စောလှချည်လား။ နင့် နင့် .... ပန်းတွေ ကုန်ခဲ့ပြီလား"

အမောဆို့ သံကြီးဖြင့် သဒ္ဒါဖြူက ကြည့်ကာ မေးလိုက်သည်။

"ပန်းတွေ .... ပန်းတွေ မှော က်ကျလို့ အမေ၊ အဲဒါ ကျိုး ကြေ ကုန်လို့ သမီး ... သမီး ... ဆိုင်သိမ်း ...."

သဒ္ဒါဖြူသည် သူ့ ခေါင်းပေါ်က ထပ်ထားသော လင်ပန်းများ ကို အိမ်ရှေ့ ဖိနပ်ချွတ်ပေါ်သို့ ထိုးတင်ရင်း ထစ်ထစ်ငေါ့ငေါ့ တွေ ဖြစ်ကာ တုန်နေရှာ၏ ။

"အောင်မလေး အကျိုး နည်းတာပဲ၊ အဲဒါ ညည်းဘယ်နှယ်လုပ်မလဲ ဟင်၊ ဘယ် ... နှယ် လုပ်မလဲ ... ဟို ... အကောင့်ကို ညည်း ဘယ်လို ရှင်းမလဲ၊ အရင်း ထပ်ထုတ်မပေးတော့ရင် ဒုက္ခ၊ ငါ ... ငါ့ ဆေးဖိုးကကော၊ ဟင်း ... နမော်နမဲ့ လုပ်လိုက်မှဖြင့် ငါ မပြောလိုက်ချင်ဘူး"

အမေ၏ နင့်သီးသော အဆဲအဆိုများ နှင့် စကားလုံးများ ၊ သဒ္ဒါဖြူ၏ ဒူးများ ကို ညွတ်ကျလောက်အောင် ပြင်းထန်လွန်းနေ၏ ။

သဒ္ဒါဖြူသည် အမေ့ကို တုန်လှုပ်ချောက်ချားစွာ ကြည့်၍ နှုတ်ခမ်းသားကလေးများ သာ တဆတ်ဆတ်တုန် နေသည့်စကားသံက ထွက်မလာဘဲ ရှိနေ၏ ။

"ပြောလိုက်ရင် ပြန်ပြောဖို့ ပါးစပ် မပါတော့ဘူး။ ဒီအရည်ကျဖို့ သိတယ်၊ နင့်ကိုတော့လား ငါ သတ်ချင်တယ်၊ သတ်ချင်တယ်၊ ကြည့်ရတာ အချိုး မပြေဘူးဘဲ ၊ ကဲ ... ဟယ် ... သေ ... သေ ... နင် သေမှ အေးမယ် သေဟဲ့ ၊ သေ .... ဟဲ့"

မသဒ္ဒါဖြူသည် သူ့ တစ်ကိုယ်လုံးကို ရှိုးမနဲရှိတ်နဲ ပွတ်ကာ သီကာ

ဖြတ်သန်းသွားနေသော ဆေးဘူး၊ ဆေးခွက်၊ ဆေးလိပ်ပြာခွက်များ ကို အသည်းအသန် ရှောင်ရှား၍ နေရရှာပေ၏ ။

သို့ သော် တစ်ချက်တွင် တော့ အမေ ပစ်လိုက်သော ကြေးမီးခြစ်ကြီးသည် သဒ္ဒါပြုံ၏ ချိုစောင်းတစ်ဘက်ကို ထိမှန်သွားတော့သည်။

"အောင်မယ်လေး"

သဒ္ဒါပြုံသည် အသည်းခိုက်အောင် နာကျင်သွားသော ချိုစောင်းတစ်ဘက်ဆီသို့ လက်ဖြင့် ကြောက်လန့်စွာ ဖိအုပ်လိုက်သည်တွင် ပူနွေးသော သွေးများ သူ့ လက်ကြားမှ စီးကျလာကြတော့သည်။

သဒ္ဒါပြုံသည် အလန့်တကြား သူ့ လက်ကို ကြည့်လိုက်သည်။ သွေး … သွေး … သဒ္ဒါပြုံအင်မတန် ကြောက်လှသော သွေးများ ၊ လက်ဝါး ဖြူဖွေးနုနုကလေးပေါ်တွင် ခြင်းခြင်း နီနေ၏ ။

"သွေး … သွေး … တွေ "

သဒ္ဒါပြုံသည် ပြူး ကျယ်ဝိုင်းစက်နေသော မျက်လုံးများ ဖြင့် သူ့ လက်ဝါးပြင်ပေါ်က သွေးများ ကို ကြည့်ရင်း ပုံလျက်သား လဲကျသွားတော့သည်။

*

"မသစ္စာ …. ရော့ … ရော့ ငြိမ်သွားအောင် ဒီဆေးလေး သောက်လိုက်"

ဦးဝေလှိုင်သည် တုန်လှုပ် ချောက်ချားလာသော ဇနီးသည်ကို သက်သော င့်သက်သာ ထိုင်စေပြီး ကိုယ်တိုင် ကိုယ်ကျ ကြင်နာယုယစွာ ဆေးတိုက်လိုက်သည်။

"မောသေးလားဟင် မသစ္စာ"

"နေသာ သွားပါပြီ ကိုဝေလှိုင်ရယ်"

" ဖြစ်မှ ဖြစ်ရလေ ကျုပ် ကားပေါ်ကနေ လှမ်းမြင်လိုက်တာနဲ့ ပြေးလာတာပဲ၊ ခင်ဗျား ကံကောင်းတယ်၊ ဟို ပန်းသည်ကလေးမကလေးသာ မကယ်ရင် ခင်ဗျားကို ခွေးရူးကိုက် သွားနိုင်တယ်"

"ဟုတ် .... ဟုတ်တယ် ကိုဝေလှိုင်၊ ကျွန်မလဲ မျက်စိကို ပြာသွားတာပဲ ကလေးမကလေးကို ကျေးဇူးတင်လိုက်တာ ရှင် ....."

"သူ့ခမျာ သနားပါတယ်ဗျာ ပန်းဘန်းမှော က်ပြီး ကျန်ခဲ့တာ အရင်းများ ပြု တ်လေပြီလား မသိဘူး"

"အို ... ဟုတ်ပါရဲ့ နော်"

ဒေါ်သစ္စာက သူ့ရင်ဝကိုလက်ဖြင့် ဖိကာ ခင်ပွန်းသည်၏ မျက်နှာကို ကြည့်လိုက်သည်။

အလွန် စိတ်မကောင်းဟန် ရှိနေ၏ ။

ဦးဝေလှိုင် ကိုယ်တိုင်လည်း စိတ်သိပ်မကောင်းလှဟန်ဖြင့် ရှိနေ၏ ။

"ခုလောက်ရှိ သူ့ အိမ်ကများ ဆူပူနေလေပြီလား မသိဘူးနော် ကိုဝေလှိုင်၊ ကျွန်မ သူ့ကို မေးကြည့်ဖူးတယ်၊ သူက ပန်းနာသည် မုဆိုးမ မိခင်ကြီးကို လုပ်ကျွေးနေရရှာ တာတဲ့"

"ခင်ဗျားက ခု ဘာလုပ်ချင်လို့လဲ၊ ပြောလေ မသစ္စာ"

"သွားကြည့်လိုက်ပါလား အခြေအနေကိုပေါ့၊ ပြီးတော့ ကလေးမလေးရဲ့ ဆုံးရှုံးသွားတဲ့ ပန်းဖိုးလိုသလောက် ကို ရှင်းပေးလိုက် ပါ"

"ခင်ဗျား၊ နေသာ ထိုင်သာ ရှိမှ သွားမယ်လေ"

"ကျွန်မ နေသာ ထိုင်သာ ရှိ သွားပါပြီ၊ ကျွန်မ အနားမှာ ခင်လုံကို ခေါ်ထားမယ် ရှင့် သွားလိုက်ပါ ကိုဝေလှိုင်ရယ်"

“ကောင်းပြီလေ၊ ခင်လုံရေ ... ခင်လုံ”

“လာပါပြီ ဘဘကြီး ရှင့် ...”

ဆယ့် သုံးနှစ် အရွယ် မိန်းကလေး တစ်ဦး ဧည့်ခန်းထဲ သို့ ပြေးဝင်လာ၏ ။

“ဒီမှာ ... နင့် မေမေကြီး အနားမှာ ထိုင်နေစမ်း၊ ငါ ပြန်မလာ မချင်းနော်”

“ဟုတ်ကဲ့ပါ ဘဘကြီး ...”

“ပိုက်ဆံ အိတ်ထဲမှာ ပိုက်ဆံ ပါရဲ့ လား၊ ကြည့်ဦး ကိုဝေလှိုင် ....”

“ပါ ပါတယ်ဗျာ ...”

“ဒီကလေးမလေးကို ပန်းဖိုးအပြင်လဲ ပိုပို လိုလို ကလေး ပေးခဲ့နော်၊ ကျွန်မလေ သူ့ကို စိတ်ဝင်စားပြီး သံယောဇဉ် ဖြစ်မိနေတာ ကြာပြီ”

“အင်းပါ မသစ္စာရယ် ... အင်းပါ”

ဦးဝေလှိုင်လည်း ချွတ်ထားသော သူ့ တိုက်ပုံ အင်္ကျီကို ပြန်ကောက်စွပ်ပြီး အိမ်ထဲမှ ထွက်ခဲ့သည်။

ပန်းသည်မလေး၏ သနားကမား မျက်နှာကလေးကို မြင်ယောင်ရင်း ဦးဝေလှိုင်သည် ကားကို မြေနီကုန်းဈေးဆီသို့ မောင်းနှင်ခဲ့သည်။

“အင်း .... မသစ္စာ အတွက် စိတ်ထူပူပြီး ကလေးမလေးကို မကြည့်ဘဲ ပြန်ခဲ့တာ၊ သူတို့ အမြင်မှာ တော့ ငါတို့ သိပ်ရိုင်းနေမှာ ပဲ ထင်တယ်”

ဦးဝေလှိုင်၏ ကား ဈေးအနီးတွင် ရပ်လိုက်သည်။ ဒီအခါတွင် တော့ စံပယ်နှင့် အောင်သပြေ သီးသန့်ရောင်းသော ပန်းသည် ယောက်ျားကြီးက သူ့ကို အလိုမကျသည့် မျက်နှာကြီးဖြင့် လှမ်းကြည့်နေ၏ ။

ဦးဝေလှိုင်သည် ကားတံခါးကို သော့ ခတ်ခဲ့ပြီး ပန်းတန်းဆီသို့ သုတ်သုတ်ကလေး လျှောက်ခဲ့သည်။

ကျန် ပန်းသည် အဒေါ်ကြီး နှစ် ယောက် ကလည်း သူ့ထံသို့ မေးငေ့ါပြပြီး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်ကို ဦးဝေလှိုင် တွေ့လိုက်ရသည်။

သူတို့ အနီးသို့ ရောက်သော အခါ ဦးဝေလှိုင်သည် မျက်နှာ အမူအရာကို အနူးည့်ဆုံးထားပြီး ရပ်လိုက်သည်။

"ဒီနားက ပန်းသည်ကလေးမလေးကော ဟင် ..."

"သူ့ ပန်းတွေ အားလုံး ကျိုး ကြေ သွားမှတော့ အိမ်ပြန်ပြီပေါ့ ဘာလုပ်မလို့ မေးတာလဲ"

စွာ တာတာပုံ ပေါက်နေသော ပန်းသည် မိန်းမကြီး တစ်ဦးက ဦးဝေလှိုင်ကို မကြည့်သလို ကြည့်ကာ ပြောလိုက်သည်။

"စိတ်မရှိပါနဲ့၊ ကျုပ် ဒီကလေးမနဲ့ တွေ့ရအောင် ပြန်လာတာပါ၊ ကလေးမ ဘယ်မှာ နေလဲဗျာ ညွှန်စမ်းပါဦး"

"သဒ္ဒါဖြူနဲ့ တွေ့ချင်လို့ ဟုတ်လား၊ ဟဲ့ ... ဟဲ့ အပါ သားလေး ဒီကို လာဦး"

ဈေးတန်းထဲ လျှောက်နေသော ကလေး တစ်ဦးကို လှမ်းခေါ်လိုက်သည်။

"ဘာလဲ ... အမေ ..."

"ဒီမှာ .... ဒီဘဘကို သဒ္ဒါဖြူတို့ အိမ်ကို ပို့ပေးလိုက်"

"လာ .... ဘဘ"

"နေဦးကွ၊ ကားနဲ့ သွားလို့ ရလား"

"ရပါတယ် ...."

"ဒါဖြင့် ကားနဲ့ သွားကြမယ်"

ကောင်လေးက ဦးဝေလှိုင် နောက် လိုက်လာ၏ ။

ဦးဝေလှိုင်က ကောင်လေးကို ကား ရှေ့ခန်းတွင် တင်မောင်းလာခဲ့သည်။

မြေနီကုန်း ရပ်ကွက် တစ်နေရာတွင် တွေ့ရှိရသော အိမ်စုကလေးများ အနီးသို့ ရောက်သည့် အခါတွင် တော့ ယောကျ်ား တစ်အုပ်နှင့် မိန်းမ တစ်အုပ်ကြားတွင် တွဲကိုင်ထားသော ခေါင်းမှာ ပတ်တီး အဖွေးသားနှင့် မိန်းကလေး တစ်ဦးကို ဦးဝေလှိုင်တို့ တွေ့လိုက် ကြရသည်။

"ဟာ ... အဲဒါ မမသဒ္ဒါပဲ၊ ဘာ ဖြစ်သွားတာလဲ မသိဘူး"

ကောင်ကလေးက ကားပေါ်မှ ပြေးဆင်းသွား၏ ။

ဦးဝေလှိုင်လည်း ကားစက်ကို လုံးဝ ရပ်ပစ်လိုက်ပြီး ကားပေါ်မှ ဆင်းကာ သဒ္ဒါဖြူထံသို့ လျှောက်သွားလိုက်သည်။

သဒ္ဒါဖြူအနီးတွင် ရှိနေသူများ သူ့ကို မြင်သော အခါ ဘေးသို့ ရှဲသွားကြသည်။

သဒ္ဒါဖြူသည် တွဲ ကိုင်ထားသူများ လက်တွင် ယိုင်နွဲ့နွဲ့ ရပ်ကာ ဦးဝေလှိုင်ကို အံ့အားသင့် လှဟန်ဖြင့် ကြည့်နေ၏ ။

သဒ္ဒါဖြူကိုယ်ပေါ်က အကျီပေါ်တွင် သွေးတွေ က ဟိုတစ်စ သည်တစ်စ စွန်းထင်းနေ၏ ။

"ဘယ်လို ဖြစ်ရတာ လဲ ကလေးမရယ်"

စိတ်မကောင်းလှဟန်ဖြင့် ဦးဝေလှိုင် မေးလိုက်မိသည်။

သဒ္ဒါဖြူသည် ဝဲခနဲ မျက်ရည်တွေ ဝဲလည်စွာ ဖြင့် ဦးဝေလှိုင်အားကြည့်ပြီး နှုတ်ခမ်းကလေး များ တဆတ်ဆတ် တုန်နေ၏ ။

သူ့ထံမှ စကားသံ ထွက်မလာ။

"လိမ့်ကျပြီး မတော် တဆ ထိသွားတာပါ"

အဒေါ်ကြီး တစ်ယောက် က ဝင်ပြောလာ၏ ။

"အင်း .... ဟုတ်လဲ ဟုတ်ပဲနဲ့၊ ကြီးမြကြီး ရိုက်လို့ ခေါင်းကွဲသွားတာများ ...."

"ဟဲ့ .... မိပူစူး၊ လူကြီးတွေ စကားပြောတဲ့ကြား နင် ဝင်မပါနဲ့ သွားစမ်း ...."

ဝင်ပြောလိုက်သော ကလေးမလေးတစ်ဦးသည် လက်မ ကို ကိုက်ကာ ခေါင်းငုံ့သွားတော့သည်။

"ကဲပါလေ ... ကျုပ်လာတဲ့ အကြောင်းက အိမ်က အမျိုး သမီးက ပန်းဖိုးတွေ အလျော် ပေးခိုင်းလိုက်လို့ပါ၊ ဒီကလေးမကိုလဲ သိပ်ကျေးဇူးတင်တဲ့ အကြောင်း ပြောခိုင်းလိုက်ပါတယ်"

ဦးဝေလှိုင်သည် တိုက်ပုံ အင်္ကျီအိတ်အတွင်း းမှ ပိုက်ဆံအိတ်ကို ထုတ်ယူပြီး ငွေသုံးရာတိတိ သဒ္ဒါဖြူအား ပေးလိုက်သည်။

သဒ္ဒါဖြူသည် ဦးဝေလှိုင်၏ လက်ထဲမှ ငွေစက္ကူများ ကို ကြည့်ပြီး မယူဘဲ ခေါင်းယမ်းပြနေသည်။

"ဘာ ဖြစ်လို့လဲ၊ အရင်း မပြည့်သေးလို့လား၊ ဒါဆို ငါးရာ ယူ"

"အို ... မဟုတ် ... မဟုတ်ပါဘူး၊ သဒ္ဒါ ... သဒ္ဒါ ... မလို ချင်လို့ပါ ဦးရယ်"

"ဟဲ့ သဒ္ဒါ အရင်းပြုတ်ပြီး ဒီနေ့အတွက် ဆေးဖိုးဝါးခ မရှိလို့ ဒီ အမေ့ ဒေါသထွက်ပြီး လုပ်တာ၊ ခုပဲ ဆေးခန်းပြေးခဲ့ရတယ် မဟုတ်လား၊ ရှိတဲ့လူက ပေးတာ နင် ယူထားလိုက်ပါလား၊ နင်မို့လို့ ကျော်မိုးနိုင် အပြောအဆိုကို ခံနိုင်တယ်"

"သဒ္ဒါ ...သဒ္ဒါ၊ အားနာလို့ပါ ကြီးကြီးတင်"

"ဟာ ... အားနာစရာ မဟုတ်ပါဘူး၊ ရော့ ... ရော့။ ငါးရာပြည့်အောင်ပဲ ယူလိုက်၊ ကဲဗျာ ... ကလေးမ ရှက်နေလား မဆိုနိုင်ဘူး။ ခင်ဗျားပဲ ယူထားလိုက်ပါ၊ ကျုပ် ဇနီးကလဲ ကောင်းကောင်း ကျန်းမာတာမဟုတ်ဘူး။ ကျုပ်ပြန်ရဦးမှာ မို့ပါ"

မကြီးတင်ဆိုသူ အမျိုး သမီး ကတော့ လက်သွက် ခြေသွက် ငွေငါးရာကို ဖျတ်ခနဲ လှမ်းယူလိုက်တော့သည်။

ဦးဝေလှိုင်လည်း မျက်နှာလေးနီမြန်းကာ မျက်ရည်တွေ ရစ်ဝဲ၍ နေသော မိန်းကလေးကို တစ်ချက်ကြည့်ပြီး ရပ်ထားသော သူ့ ကားဆီသို့ ပြန်လှည့်၍ လျှောက်ခဲ့တော့သည်။

သူ့ကား ထိုနေရာမှ ထွက်သွားသည်အထိ လူတွေ က သူ့ထံသို့ မျောက်ပွဲကြည့်သည့်ကဲ့ သို့ ကြည့်နေသည်ကို ဦးဝေလှိုင် ခံခဲ့ရသည်။

"ပိုက်ဆံရှိတဲ့လူများ ငွေငါးရာကို ပေးသွားလိုက်တာ ပက်ခနဲပဲ"

"ဟုတ်ပါရဲ့ တော်"

"နင် သိပ်ကံကောင်းတယ် သန္တါဖြူ။ ဒီငွေသာ မရရင် ဟိုကောင် ကျော်မိုးနိုင်နဲ့ ညနေကျရင် ပြဿ နာတက်မှာ သေချာတယ်၊ ရော့ ... ရော့ ... နင့် ပိုက်ဆံတွေ ယူထား"

ငွေစက္ကူတွေ ကို ကိုင်ထားသော ဒေါ်ကြီးတင်လက်ကို ကြည့်ပြီး သန္တါဖြူ မှင်တက်မိသလို ရှိနေ၏ ။

"ဟဲ့ ... သန္တါဖြူညည်း ဘာ ဖြစ်နေတာလဲ့၊ ခေါင်းထိလို့ စိတ်များ ဖောက်သွားပြီလား မဆိုနိုင်ဘူး"

"မ မဟုတ်ပါဘူး သန္တါ၊ သန္တါ ကိုယ့် အ ဖြစ်ကိုယ် မယုံနိုင်လွန်းလို့ပါ၊ သန္တါ သန္တါ တစ်သက် ဒီလောက် ငွေများများ ကြီး တစ်ခါမှ မကိုင် ဖူးခဲ့ဖူးဘူး ဒေါ်လေးမယ် ....."

"အင်း ... အဲဒါ ပြောတာပေ့ါ၊ လုံ့ထမ်းလာတာကို မြင်ရတယ်၊ ကံထမ်းလာတာ မမြင်ရဘူးလို့၊ ညည်း အခု ကံကောင်းလာတာ၊ ညည်း ဘဝမှာ ရှေ့လျှောက် ဒီ့ထက် ကံကောင်းလာတာ၊ ညည်း ဘဝမှာ ရှေ့လျှောက် ဒီ့ထက်ကံကောင်းလာမှာ ပဲ လို့မှတ်၊ ကဲ ... ကဲ ညည်း အိမ်က ပန်းနာသည် ဒေါ်သ ကုမ္မာ မကြီးကို ရင်အေးသွားအောင် ဒီငွေတွေ သွားပေးလိုက် ... သွားပေးလိုက်"

ဒေါ်ကြီးတင် လက်ထဲ ထိုးထည့် ပေးလိုက် သော ငွေများ ကို ဖျတ်ခနဲ ယူပြီး သန္တါဖြူသည် အိမ်ဆီသို့ ပြေးခဲ့တော့သည်။

အိမ်နောက်ဖေးက ကပြင်တွင် မိခင် ဒေါ်မြတင်ကို သဒ္ဒါဖြူတွေ့ရသည်။

"အမေ ဘာလုပ်နေတာလဲ၊ အဲဒီ ငါးတွေ သဒ္ဒါကိုင်မှာ ပေါ့ အမေ နားနေပါ၊ ထ အမေ"

ဒေါ်မြတင်သည် ငါးကျည်းကလေး နှစ် ကောင် သုံးကောင်ကို ကိုင်နေရာမှ အရောင် တွေ မွဲခြောက်နေသော မျက်လုံးများ ဖြင့် သဒ္ဒါဖြူကို လှမ်းကြည့်လိုက်သည်။

သဒ္ဒါဖြူလက်ထဲတွင် ကိုင်ထားသော ငွေစက္ကူတစ်ထပ်ကို တွေ့ရလျှင် ဒေါ်မြတင်၏ မွဲခြောက်ခြောက် မျက်နှာကြီးသည် အံ့သြသော အသွင်သို့ ပြောင်းသွား သည်။

"အမေ ... ဒီ ... ဒီမှာ ပိုက်ဆံတွေ ၊ ငါး ... ငါးရာတောင်မှ အမေ ...."

"ညည်း ... ညည်း ဒီပိုက်ဆံတွေ ၊ ဟိုကောင့်ဆီက ယူလာတာလား"

"မဟုတ်ဘူး အမေ၊ ကိုကျော်နိုင်ဆီက မဟုတ်ဘူး၊ သူဌေးကြီး တစ်ယောက် လာပေးသွားတာ"

"ညည်း မဟုတ်မဟပ်တွေ မပြောနဲ့ သူဌေးဆီက ပိုက်ဆံလား ဒီလောက် လွယ်လွယ်ရမှာ ညည်း ဒါ ဘာလုပ်ပြီး ယူလာတာလဲ မှန်မှန်ပြောစမ်း"

အမေ့ စကားလုံးများ သဒ္ဒါဖြူကို ကြက်သီးမွေးညင်းထလောက်အောင် ပြင်းထန်လှတော့သည်။

"မဟုတ်ဘူး အမေ ... မဟုတ်ဘူး။ အမေ တစ်လွဲတွေ မထင်ပါနဲ့၊ ဒီ .... ဒီငွေတွေကို ကြီးကြီးတင်တို့ ရှေ့မှာ တင် သဒ္ဒါရလိုက်တာပါ"

"ဟဲ့ .... မမြခင်၊ သဒ္ဒါဖြူပြောတာ ဟုတ်တယ်၊ အများ အရှေ့မှာ သူဌေးကြီးက ပန်းဖိုးတွေ အလျော် ပေးသွားတာ၊ နင်ကလဲ ဘယ်တော့မှ ကလေးစကားကို ဆုံးအောင် နားမထောင်ဘူး။ နင့် စိတ်ချည်းပဲ လုပ်လုပ်နေတာ ခက်တယ် မမြခင် ....."

မာတင်းခက်ထန်သွားသော မိခင်၏ မျက်နှာသည် အိမ်ပေါ်သို့ လှမ်းတက်ရင်း ရှင်းပြလာသော ဒေါ်ကြီးတင်၏ စကားများ ကို ကြားရတော့မှ အကြော လျှော့လာတော့သည်။

"လက် ... လက်ဆေး အမေ၊ ပြီးတော့ ဒီငွေတွေ ကို သိမ်းလိုက်၊ သမီးအမေ့အတွက် အချိန်မီ ကျက်အောင် ချက်ပေးပါ့မယ်"

"ကဲ ... ထအေ၊ ညည်းကို ကြည့်ရတာ မသက်မသာ ရှိလွန်းလို့"

ဒေါ်ကြီးတင် ပြောလိုက်မှ ဒေါ်မြ သူ့ လက်ကို ဆေးပြီး ထိုင်ရာမှ ထ လိုက်သည်။

"အတင်ရယ်၊ ငါလဲ အရင်းပြုတ်လာတယ်ဆိုတော့ စိတ်ထိန်းမရ ဖြစ်သွားတယ်၊ ညည်း သိတဲ့ အတိုင်း သူ တစ်နေ့ ပန်းရောင် းလို့ရတဲ့ ပိုက်ဆံက ဟို ကောင်ကို နေ့ပြန်တိုး ဆပ်ရ ငါ့ ဆေးဖိုး ဖယ်ရနဲ့ မနက် ထမင်း၊ ည ထမင်းကို တစ်ခါတစ်လေ တစ်နပ်တည်းနဲ့ ဖြတ်နေရတာ "

" ဖြစ်လာမှတော့ ပြေပြေလည်လည် ပြောကြပေါ့အေ၊ ရှိတာမှ သားအမိလေးနှစ် ယောက် တည်း၊ ညည်းလုပ်လိုက်တာ မတော် လို့ ခေါင်း တစ်ခုခု ဖြစ်ပြီး ဆေးရုံ ရောက်သွားရင် ဘယ့်နှယ့် လုပ်ပါ့မလဲ ညည်း စိတ်ကို ထင်တိုင်း မထွက်စေနဲ့အေ၊ မကောင်းဘူး ...."

"ညည်း သိထားဖို့က သူက ညည်းရဲ့ တောင်ဝှေးအေ့ .... တောင်ဝှေး "

"ခေါင်းက ချုပ်ရသေးလား"

"ဦးရေ ပြဲသွားရုံလောက်မို့ တော် သေးတာပေါ့"

ဒေါ်မြခင်သည် ငွေစက္ကူကလေးတွေ ကို လက်က ကိုင်ကာ သူ့အား လိုက်ကြည့်နေသော သမီး ဖြစ်သူကို စိတ်မကောင်း ဖြစ်သွားဟန်ဖြင့် တစ်ချက်ကြည့်ပြီး ငွေတွေ ကို ယူလိုက်သည်။

သဒ္ဒါဖြူလည်း မျက်နှာကလေး ဝင်းခနဲ လက်သွားပြီး စဉ်းတီတုံးနှင့် ဓားကို ကိုင်ကာ ငါးကို ဆက်ကိုင်လိုက်တော့သည်။

"အဟင်း ... တော် ပါသေးရဲ့ ခုမှ ရင်ထဲက အလုံးကြီး ကျသွားတော့မယ်၊ ဒါ ဒေါ်ကြီးတင် အလျှောက်ကောင်းလို့၊ အလျှောက်ကောင်းလို့ ငါ အထောင်းသက်သာ သွားတာ၊

နောက်နေ့ ဈေးထွက်သွားမှ ဒေါ်ကြီးတင်ကို မုန့်ကောင်းကောင်း ဝယ်ကျွေးရမယ်၊ အဟင်း .... ဟို တစ်ယောက် ကိုကျော်မိုးလဲ ငါ့ဆီ ဘာဆိုင်းနဲ့ ရောက်လာမလဲ မသိဘူး။ အို .... ဘာဆိုင်းနဲ့ လာလာပေ့ါ။ ခု ငါ့မှာ သူ့ ပိုက်ဆံကို အချိန်မရွေး ပြန်ပေးနိုင်လောက်အောင် ရှိနေပြီပဲ ....”

ကံ ဆိုးမလိုလိုနှင့် အကောင်းကြီး ကောင်းသွားသော သူ့ အ ဖြစ်ကို တစိမ့်စိမ့် ပြန်တွေ းရင်း သဒ္ဒါဖြူသည် ကျေနပ်အားရမဆုံး ဖြစ်နေမိတော့သည်။

*

# အခန်း (၂)

"တွေ့ခဲ့ရဲ့လား ကိုဝေလှိုင်"

ဒေါ်သစ္စာသည် သူ့ပေါင်ပေါ်တွင် တက်ထိုင်နေသော ကြောင်မလေး ပြည့်ပြည့်ကို ကျောသပ်ပေးနေရာမှ အိမ်ထဲသို့ဝင်လာသော ခင်ပွန်းသည်ကို မေးလိုက်သည်။

"တွေ့ခဲ့ပါ့များ ... တွေ့ခဲ့ပါ့"

ဦးဝေလှိုင်သည် သူ့ကိုယ်ပေါ်က တိုက်ပုံအင်္ကျီကို ချွတ်ရင်း ဇနီးသည်အား ကျေနပ်အားရသော မျက်နှာကြီးဖြင့် ကြည့်လိုက်သည်။

"ကလေးမလေးက ငွေယူလိုက်ရဲ့လား"

"ရုတ်တရက်တော့ မယူဘူးဗျ၊ ကျုပ် အတင်းပေးခဲ့ရတာ ၊ ဆင်းရဲပေမယ့် လွယ်လွယ်နဲ့ ငွေယူတတ်တဲ့ အစားမျိုး မဟုတ်ဘူးဗျ၊ ကျုပ်တော့ သူ့ကို ချီးကျူး တယ်"

"ဘာတွေ များ ချီးကျူး စရာ တွေ့လာလဲ ရှင်းပြစမ်းပါဦး"

"ပြောမယ်လေ၊ ပြောပါ့မယ်"

ဦးဝေလှိုင်သည် ဇနီးသည်၏ ရှေ့တွင် ဝင်ထိုင်လိုက်ပြီး သူ့ အတွက် အဖန်ရည်တစ်ခွက်ကို ငှဲ့ယူလိုက်သည်။

ထို့နောက်မှ .....

"ကလေးမလေး ခမျာ သနားပါတယ် မသစ္စာ၊ ပန်းဘန်းမှော က်ပြီး ၊ ပန်းတွေ ပျက်စီးလာလို့ အရင်းပြုတ်တယ် ဆိုပြီး သူ့ အမေက တွေ့ရာနဲ့ ကောက်ပေါက်လိုက်တာ ခေါင်းကွဲသွားရှာတယ်"

"အောင်မလေး ဘုရား ... ဘုရား ... အဲဒီ တော့ နောက် ဘာ ... ဘာ ဖြစ်သွားလဲ"

"သူ့ကို ခင်တွယ်နေကြတဲ့ အိမ်နီး နားချင်းတွေ က ဆေးခန်း ပို့ပေးကြလို့ သွားပြီး

အပြန်မှာ ကျုပ်နဲ့ ဆုံမိကြတယ်လေ၊ ကျုပ်က အကျိုး အကြောင်း ပြောပြီး ငွေပေးတော့ သဒ္ဒါဖြူလေးက ငြင်းတယ်ဗျ”

“သဒ္ဒါဖြူ”

“ဟုတ်တယ် .... ကလေးမလေး နာမည် က သဒ္ဒါဖြူတဲ့”

“နာမည် လေးက လှလိုက်တာ ရှင်၊ သူ့ ရုပ်ရည်ကလေးနဲ့လဲ လိုက်လိုက်တာ ဒါနဲ့ ဆက်ပြောပါဦး”

“ဘေးဘီက လူတွေ က အတင်းဝင်ဖျောင်းဖျပေးလိုက်တော့ ကောင်မလေးက ကျုပ်ပေးတဲ့ ငွေငါးရာကို ယူ သွားပါတယ်၊ သူ ထွက်သွားပြီး ခဏနေတော့ ကျုပ်တစ်ကြော့ သူ့ အကြောင်း ပြန်စုံစမ်းကြည့်တော့ သူ့ မွေးစားအမေက ပန်းနာသည်ကြီးနဲ့ သူ့အမေ ဆေးကုဖို့နဲ့ သူတို့ စားဖို့သောက်ဖို့ ပိုက်ဆံကို ဒီကလေးမလေးက နေ့ပြန်တိုးနဲ့ ချေးပြီး ပန်းရောင်းစားနေကြရတာ တဲ့၊ တစ်နေ့စာ တစ်နေ့စာတောင် တော် တော် ခက်ခဲ နေကြရရှာတာတဲ့၊ သနားစရာဘဲ မသစ္စာရယ်”

“ဟုတ်ပါရဲ့ ရှင် ရှင် ကတော့ မပြောတတ်ဘူး၊ ဒီသဒ္ဒါဖြူဆိုတဲ့ ကောင်မလေးကို ကျွန်မ စိတ်ဝင်စားနေတာ ကြာပြီ၊ ရုပ်ရည်ကလေးက ထူးတယ်၊ သနားကမားလဲ သိပ်ရှိတယ်၊ ကျွန်မလေ သူ့ကို အလိုလို ကြင်နာ သနားနေမိတာနဲ့ ဘုရားပန်း ဝယ်တိုင်း သူ့ ဆီကပဲ ဝယ်တယ်”

“ကျုပ်လဲ သတိထားမိပါတယ် .... မသစ္စာ”

“ကျွန်မတို့ သမီးကလေး ရတနာလှိုင်သာ ရှိရင် ဒီအရွယ်ပဲနော် ကိုဝေလှိုင်”

“ဟုတ်တယ် မသစ္စာ”

မျက်နှာကြီး ညှိုးကျသွားစွာ ဖြင့် ဦးဝေလှိုင်က ပြောလိုက်သည်။

“ဒီကလေးမလေးက မွေးစားအမေနဲ့ နေတာ ဆိုတော့ သူ့ မိဘအရင်းတွေ က ဘယ်ရောက်သွားကြလို့လဲ မသိဘူးနော်”

"အင်း .... မသစ္စာ .... ဒီလောက်အထိ သူ့ အကြောင်းကို သိချင်နေတာ ဆိုရင် ကျုပ် တစ်ပါတည်း စုံစမ်းခဲ့ပါတယ်"

"နေပါလေ ... တစ်နေ့တော့ သူ့ ဘ၀ အကြောင်းလေး သိလာရမှာ ပေါ့"

*

လမ်းထဲ ဝင်လာသော မော်တော် ဆိုင်ကယ် စက်သံကို ကြားလိုက် ကတည်းက ကိုကျော်မိုးနိုင် တစ်ယောက် အိမ်ကို လိုက်လာပြီ ဖြစ်သည်ကို သဒ္ဒါဖြူသိလိုက်သည်။

သဒ္ဒါဖြူသည် အင်္ကျီအစုတ်အပြဲကလေးကို ချုပ်နေရာမှ အိမ်ရှေ့ခန်းရှိ ဖျာချပ်ပေါ်တွင် တုံးလုံး လှဲမှိန်းနေသော မိခင် ဖြစ်သူ ထံသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။

မိခင် ဒေါ်မြခင်သည် အမှိန်းမပျက် ရှိနေ၏ ။

ဆိုင်ကယ်သံသည် အိမ်ရှေ့တွင် တုံ့ခနဲ ရပ်တံ့သွားပြီး ကျော်မိုး တစ်ယောက် လွှားခနဲ ဆင်းကာ အိမ်ပေါ်သို့ ရောက်လာသည်။

သူ့ မျက်နှာကြီးက ပုပ်သိုး မည်းညစ် လာတော့သည်။

ဝတ်ထားသော ဂျင်းဘောင်းဘီ၊ ဖောရိန်းရုပ်နှင့် လည်သော ဂျာကင်သည် သူ့ ရုပ်ရည်နှင့် ဘာမျှမဆိုင်သလို ရှိနေသည်။

လက်ထဲ ပတ်ထားသော သုံးထောင်ကျော်တန် နာရီနှစ် ကျပ်သားခန့်သော ဟန်းချိန်းနှင့် လည်ပင်း တပြ ဝတ်ထားသော နေရာမှ မြင်နေရသော နှစ် ကျပ်သားခန့်ဆွဲကြိုးကြီးသည်လည်း သူ့ အသားအရေနှင့် လားလားမှ မလိုက်ဘဲ ရှိနေ၏ ။

ကျော်မိုးနိုင်သည် နဖူးပေါ် ပြိုလဲကျနေသော ဆံပင်ကို သူ့ ဦးခေါင်းကို နောက်သို့ တစ်ချက် ဆတ်၍ တင်လိုက်ပြီး ခါးထောက်ကာ သဒ္ဒါဖြူထံသို့ စူးစူးရှရှ ကြည့်လိုက်ပြီးမှ ....

"ဟေ့ ... သဒ္ဒါ၊ ဒီမနက် ဈေးထဲမှာ ဘာ ဖြစ်တာလဲ"

"ရှင် သိပြီး လာပြီ မဟုတ်လား ကိုမိုးကျော်၊ ဘာအထွေအထူးတွေ လာမေးနေတာလဲ"

သဒ္ဒါဖြူက မတုန်မလှုပ် အေးစက်စက် နိုင်လှစွာ တစ်ချက် လှမ်းကြည့်ပြီး ချုပ်လက်စ အင်္ကျီကို ဆက်ချုပ်ရင်းက ပြောလိုက်သည်။

သူ့ကို မလေးမစား မတုန်မလှုပ် ပုံစံ လုပ်နေသော သဒ္ဒါဖြူကိုကြည့်ပြီး ကျော်မိုးနိုင်သည် ထောင်းခနဲ ဒေါသ ထွက်လာ၏ ။

"ဒီမှာ နင့်အချိုး က ဘာအချိုး လဲ၊ အရင်းပြုတ်အောင်လုပ်လာပြီး လူကို မလေးမခန့် ပုံစံနဲ့၊ နင် ငါ့ပိုက်ဆံ ပြန်မပေးနိုင်ရင် လွယ်မယ်များ မှတ်သလား။ ဒီမှာ ငါ့ မျက်နှာကို ကြည့်စမ်း ..."

"အို ... ရှင် ဘာလုပ်တာလဲ ခု လွှတ်ပါ"

အပ်ချုပ်နေသော သူ့ လက်တွေ ကို ရုတ်တရက် ဖမ်းချုပ်ထားလိုက်သော မိုးကျော်၏ အပြုအမူကို သဒ္ဒါဖြူသည် အံ့အားလည်း သင့်သွား၏ ။ တုန်လှုပ်ခြင်းလည်း ဖြစ်သွား၏ ။

"မောင်မိုးကျော် မင်း ဒီလို မလုပ်နဲ့လေ၊ ကြေရာ ကြေကြောင်း ပြောပါကွယ်"

"ခင်ဗျား .... လူမမာ က လူမမာ နေရာ နေပါ၊ ကျုပ်သူနဲ့ပဲ စာရင်း ရှင်းချင်တယ်"

ကျော်မိုးနိုင်က ဒေါ်မြခင်အား လှမ်းဟောက်လိုက်သည်။

"နေပါဦး ရှင်က အိမ်ပေါ်တက်ပြီး ငေါက်လား၊ ဟောက်လား ၊ စော်ကားလားနဲ့ ရှင့် ပိုက်ဆံကို ဘယ်သူက မပေးနိုင်ဘူးလို့ ပြောလို့လဲ"

"ဘာ ...."

ကျော်မိုးနိုင်၏ လက်များ ပြုတ်ကျသွားပြီး မျက်မှောင်ကြီး ကြုတ်ကာ

မျက်နှာကလေး နီမြန်း ရဲတွတ်နေသော သဒ္ဒါဖြူကို ကြည့်နေ၏ ။

"အမေ ... ဒီလူကို အရင်းကော၊ အတိုးကော တစ်ပြားမကျန် ပေးလိုက် ပါ၊ လိုတာရှိရင် သမီးဘာသာ သမီးရှာမယ်"

"ဟဲ့ ... ဖြစ်မလား မိသဒ္ဒါရဲ့ ၊ နင်က တခြား နည်းလမ်းနဲ့ ဘယ်လို ရှာမှာ တဲ့လဲ မောင်ကျော်မိုးနိုင်ကို အတိုး ပဲ ဆပ်ထားလိုက်ပါအေ၊ ညည်း ပန်းပဲ ရောင် းတတ်တာ ပန်းပဲ အေးအေး ဆေးဆေး ရောင် းပါအေ ...."

"အမေရယ် သဒ္ဒါ သူနဲ့ ဖြတ်ချင်တယ်၊ သူ့ကို ဆက်ဆံရတာ သဒ္ဒါ စိတ်ညစ်လွန်းလို့ပါ၊ အမေက သဒ္ဒါကို ပန်းရောင် းစေ့ချင်ရင် သဒ္ဒါ ပန်းပဲ ရောင် းပါ့မယ်၊ သူ့ကို တော့ ဒီနေ့ပဲ အပြတ် ရှင်းပေးလိုက် ပါ အမေ ...."

သဒ္ဒါဖြူသည် သူ့ အပ်ချုပ်ဘူးကလေးနှင့် ချုပ်လက်စ အင်္ကျီကိုယူကာ အတွင် းခန်းထဲသို့ ဆတ်ခနဲ ထ၍ ဝင်ရောက် ပျောက်ကွယ် သွားတော့သည်။

ဒေါ်မြခင်လည်း သူ့ ခေါင်းအုံးအောက်ကို လက်နှိုက်ပြီး ထည့်ထားသော ငွေစက္ကူများ ကို ထုတ်ယူလိုက်သည်။

ကျော်မိုးနိုင်သည် ဒေါ်မြခင်၏ လက်တွင် မမြင်ရစဖူး သော ငွေစက္ကူတစ်ထပ်ကို တွေ့လိုက်ရလျှင် မျက်နှာကြီး မည် းမှော င် ခက်ထန် နေရာမှ ပျော့ပျောင်း နူးညံ့သွားတော့သည်။

သူသည် ဒေါ်မြခင်၏ အနီးသို့ ချဉ်းကပ်သွားလိုက်ပြီး အနီးတွင် ထိုင်လိုက်သည်။

သူ့ မျက်လုံးများ က ဒေါ်မြခင် ရေတွက်နေသော ငွေစက္ကူများ ပေါ်တွင် သာ ရှိနေ၏ ။

"ရော့ ..... မောင်ကျော်နိုင် အတိုးရော၊ အရင်းရော နော် ... ပေါင်း နှစ် ရာ့ ခုနှစ် ဆယ်"

"အဟင်း ..... ငွေတွေ ကြေးတွေ အပြည့်နဲ့ ပါလား ဒေါ်မြခင်၊ ဘယ်ကနေ

ပွပေါက်တိုး လာတာလဲ ဟင်”

မိုးကျော်နိုင်က ငွေတွေ ကို လှမ်းမယူဘဲ ဒေါ်မြခင်ကို စူးစမ်း စစ်ဆေးသော မျက်လုံး အစုံဖြင့် ကြည့်ရင်း မေးလိုက်သည်။

“သူဌေး တစ်ယောက် က ပန်းဘန်းမှော က်ပြီး ပျက်စီးသွားလို့ သနားတာနဲ့ ပေးသွားတယ် ဆိုလားပဲ မောင်ကျော်မိုးနိုင် ရယ်”

ရင်ကျပ်သံများ ကြားကနေ၍ ဒေါ်မြခင်၏ အသံသည် အားပျော့စွာ ထွက်လာ၏ ။

“သူဌေးက ပေးတယ် .... သနားလို့ဟုတ်လား .... အဟား ဟား ... ဟား ... ဟား ... ဒီလောက် ငွေတွေ ပစ်ပေး သွားပုံ ပေါက်တော့ သူ သနားတဲ့ သဘောက ဘယ်လိုလဲ အင်း ... စဉ်းစား စရာတော့ ဖြစ်နေပြီ ဒေါ်မြခင်၊ ခင်ဗျား သမီးလေးကို အကောင်း ထင်မနေနဲ့ ကွယ်ရာမှာ ဘာတွေ လုပ်နေတယ်ဆိုတာကို ခင်ဗျား စုံစမ်းဦးဗျ”

“ကြည့်စမ်း အယုတ် တမာကြီး၊ ငါ့ကို မတရားတော့ ပြောနေတယ်၊ ဟို သူတော်ကောင်း သူဌေးကြီး ကိုလဲ စော်ကားတယ်၊ အို ... သူလို လူယုတ်မာ မျိုး နဲ့ ရှေ့ဆက်မဆက်ဆံရတာ ပဲ ကောင်းပါတယ်။ အမေကလဲ ငါ့အပေါ်မှာ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံသလောက် ဒီလူယုတ်မာကိုကျတော့ စကားပြောတာ လေသံတောင် မာမာ မထွက်ဝံ့တော့ဘူး”

သဒ္ဒါဖြူသည် လက်ထဲက အင်္ကျီစုတ်ကို လက်နှစ် ဘက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ရင်း မခံချင်စိတ်တွေ ပြင်းထန်နေ၏ ။

ကျော်မိုးနိုင်ကို စိတ်ထဲရှိရှိသမျှ ထွက်ပြောလိုက်မည် ဆိုလျှင်လည်း ကျော်မိုးနိုင် ပြန်သွားသည် နှင့် အမေ၏ သူ့ကို အမေသည် ကမ်းကုန်အောင် ဆဲဆို ပေတော့မည် ။

ကျော်မိုးနိုင် နှင့် ပတ်သက်လျှင် မကြားဝံ့ မနာသာ တွေ အမေ သူ့ကို ပြောပေါင်း များ လုပြီ ဖြစ်သည်။

ဝမ်းနည်း ကြေကွဲရရှုံမက အရက် ရပေါင်းလည်း များ လှပြီ ဖြစ်၍ သဒ္ဒါဖြူသည် မခံချင်စိတ်တွေ ကို တိုးတိတ်စွာ ထွက်ရင်း ကျိတ်မှိတ် နေလိုက်ရတော့၏ ။

“ဒီမှာ ဒေါ်မြခင်၊ ဒီငွေက ကျုပ် အတွက် အသေးအဖွဲပါဗျာ။ ခင်ဗျား ဆေးဖိုးဝါးခပဲ ယူထားလိုက်၊ ရော့ ဒီမှာ သုံးရာ ထပ်ယူထားလိုက်၊ သဒ္ဒါကို မနက်ဖြန် ပန်းဆိုင် ပြန်ထွက်ခိုင်း .... တစ်ခုပဲ ပြောထား ... ကိုယ့် ဘဝ ကိုယ့် အခြေအနေကို သိပြီး နေမြဲတိုင်းပဲ နေပါလို့၊ ဝါလဲကျွတ်ခါနီး ပြီ ကျုပ် ပြောထားတဲ့ ကိစ္စကိုလဲ ခင်ဗျား ပီပြင်အောင် လုပ်ဦးနော့ ဒေါ်မြခင်”

“အဒေါ် ပြောနေပါတယ်ကွယ် ... မင်း ဆန္ဒ အတိုင်း တော့ ဖြစ်လာရမှာ ပါ၊ အဒေါ်လဲ ဒီကျန်းမာရေး နဲ့ သက်ဆိုးရှည်မှာ မဟုတ်ဘူး။ သူ့ကို စိတ်ချ လက်ချ ထားပစ်ခဲ့ဖို့ လိုတယ်ဆိုတာ သိပါတယ်”

“အဟင်း ... ဟင်း ... ဟင်း .... ခင်ဗျားကြီး တော် တယ် ... သိပ် တော် တယ် ဒေါ်မြခင်၊ ခင်ဗျား ဆေးဖိုးလိုရင်လဲ ပြော ကျုပ် ပေးဖို့ အပန်းမကြီးဘူး။ အဟင်း ... ဟင်း ... ဟင်း”

တဟင်း ဟင်းနှင့် မိုးကျော်နိုင်မှာ သဘောကျမဆုံး ဖြစ်နေ၏ ။

“ဘုရား ... ဘုရား .... အမေဟာ ငါ မချစ် မနှစ်သက် တဲ့ ရင်ခွင် တစ်ခုထဲကို ဒီအတိုင်း ဆိုရင် ဇွတ်အတင်း တွန်းပို့တော့မယ် ပုံပဲ၊ ဒုက္ခပါပဲ ငါ ဘာလုပ်ရ မလဲ ... ငါ ဘာလုပ်ရမလဲ”

နောက်ဆုံးတွင် တော့ ကြံရာမရ ဖြစ်သွားသော သဒ္ဒါဖြူသည် ထရံနှင့် ကျော ပွတ်တိုက်၍ ထိုင်ချလိုက်ပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ကျိတ်၍ ငိုပါလေတော့သည်။

နောက်ဆုံးတော့ သဒ္ဒါဖြူတစ်ယောက် မျက်ရည်နှင့် မိတ်ဖွဲ့ခြင်းဖြင့် သာ အဆုံးသတ် ရလေသည် မဟုတ်ပါလား။

အိမ်ရှေ့က မော်တော် ဆိုင်ကယ် ထွက်ခွာသံ ကြားလိုက်တော့မှ သဒ္ဒါဖြူလည်း

ဆတ်ခနဲ ပြန်ထောင်လာသည်။

“မိသဒ္ဒါ ...”

အိမ်ရှေ့ခန်းဆီမှ အမေ၏ အသံသည် စူးရှစွာ ထွက်လာ၏ ။

စောစောက ကျော်မိုးနိုင်နှင့် ဆက်ဆံ ပြောဆိုနေသည့် အသံနှင့် ဘာဆို ဘာမျှ မဆိုင်။

“ဟဲ့ ... ငါခေါ်နေတယ်လေ မိသဒ္ဒါ”

“လာ ....လာပါပြီ အမေ”

သဒ္ဒါဖြူသည် လက်ထဲက အင်္ကျီစုတ်ဖြင့် မျက်ရည်စတွေ ကိုသုတ်ရင်း အပြင်ခန်းသို့ ထွက်ခဲ့သည်။

အမေသည် သူ့ကို စူးရှစွာ ၊ ခက်ထန် မာကျောစွာ လှမ်းကြည့်နေပါသည်။

သဒ္ဒါဖြူလည်း အမေနှင့် လက်တစ်ကမ်း အကွာတွင် ကျုံ့ ကျုံ့ ကလေး ထိုင်လိုက်သည်။

မကုန်ခန်းနိုင်သော မျက်ရည်တို့က စီးကျလျက် ဆဲ ......

“အောင်မယ် ..... ညည်းက ဘာကိစ္စ အရည်ကျတာလဲ ပြောစမ်းပါဦး ....”

“သူ .... သူနဲ့ မဆက်ဆံချင်လို့ .....”

“ဒီလောက် ကိုယ့် အပေါ်ကောင်းတဲ့သူကိုများ ညည်းက မဆက်ဆံချင်ဘူးရယ်လို့ အံ့ပါရဲ့ ၊ ဒီမယ် ဘာဘာ ညာညာတွေ ပြောမနေနဲ့ ငါ့ စကားပဲ ညည်း နားထောင်ရမယ်၊ ကျော်မိုးက ညည်းကို ဒီဝါကျွတ်ရင် လက်ထပ်ချင်လို့တဲ့၊ ငါ့ကို ပြောထားတာ ကြာပြီ၊ ညည်း သူ့ကို ယူရမယ်၊ ဒါပဲ”

“အမေ ... အမေရယ်၊ သူ့ .... သူ့ကို သမီး မယူပါရစေနဲ့ အမေရယ်၊ သမီး ... သမီး ...”

သဒ္ဒါဖြူသည် မိခင် ဒေါ်မြခင်၏ ခြေအစုံတွင် ခေါင်းကလေး ဖိကပ်ကာ သည်းသည်းထန်ထန် ငိုကြွေး လေတော့သည်။

ဒေါ်မြခင်သည် သဒ္ဒါဖြူကို တစ်ချက်ကလေးမှ ငုံ့မကြည့်ဘဲ ခေါင်းကို မတ်မတ်ကြီး ထောင်ထားနေ၏ ။

"အမေရယ် ဒီလူမကောင်းဘူး၊ သူ့ မကောင်းသတင်းတွေ အမေလဲ ကြားမှာ ပါ၊ သူ ... သူက ငွေနဲ့ မိန်းကလေးတွေ ကို လိုက်ဖျက်ဆီးနေတာ၊ မကောင်းမှု ဒုစရိုက်တွေ လဲ လုပ်နေတာ၊ သမီး ... သမီး .... သူ့ကို ကြောက်တယ် အမေ ကြောက်တယ်"

"ယေကျ်ားပဲအေ ... မိန်းမနဲ့ မကင်းတာ မဆန်းပါဘူး၊ ညည်းကို သူက မိသားဖသားပီပီ တောင်းယူတာပါ၊ အပျော် အပျက် ကြံချင်မှတော့ ငါ့ကို ဘယ်လာခွင့်တောင်းနေပါ့မလဲ ညည်းကို ဖြစ်တဲ့နည်းနဲ့ ကြံပေတော့မပေါ့၊ ဒီမှာ အရိုးများ သလေး ချေးခါးသလေး ဘာမှ ပြောမနေနဲ့၊ ညည်း သူ့ကို ဝါကျွတ်ရင် လက်ထပ်ဖို့သာ စဉ်းစားထားတော့ ...."

"အမေ ... အမေ .... အဟင့် ဟင့် .... ဟီး ... အမေရယ်"

ဒေါ်မြခင်သည် သူ့ ခြေထောက်တွေ ကို ရုန်းထွက်ပြီး သည်းအူပြတ်လုမတတ် ငိုကြွေးနေသော သဒ္ဒါဖြူကို မျက်ကွယ်ပြု၍ အိပ်ခန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွား တော့သည်။

*

"အင်း .... မမြခင်ကလဲ ဒီလောက် ငါတို့ ပြောနေတဲ့ ကြားက မိုးကျော်နိုင်နဲ့ အတင်း စီစဉ်ရတယ်လို့ အင်း .... ညည်း တယ် ဝဋ်ကြီးတယ်အေ၊ တို့မှာ က ဘေးဘန်းကလူ သူက ညည်းကို ကျွေးမွေး ကြည့်ရှုလာတဲ့ အမေ၊ တို့ ဘာမှ ဝင်မပြောသာဘူး သဒ္ဒါရယ်၊ တို့မှာ

ညည်းကို သနားတာပဲ ရှိတယ် ဆုတောင်းပါတယ်အေ၊ ဒီကောင်နဲ့ ညည်း မညားရအောင် ညည်း ဘဝ တစ်မျိုး တစ်ဖုံ ပြောင်းသွား ပါစေလို့ ကဲ ... ကဲ မငိုနဲ့တော့အေ၊ ညည်း ဖျားနာနေမှ ဒုက္ခ .....”

ဒေါ်ကြီးတင်သည် စိတ်မကောင်းလှဟန်ဖြင့် သဒ္ဒါဖြူကို ပြောရင်း သူ့ ကျောပြင်ကလေးကို သပ်ပေးနေ၏ ။

သဒ္ဒါဖြူမှာ ဘာအကြောင်းလေးပဲ ရှိရှိ သူ့ အပေါ်နားလည်း စာနာတတ်သော ဒေါ်ကြီးတင် ထံသို့ သာ ပြေးခဲ့သည်။

ကျော်မိုးနိုင်နှင့် သူကိစ္စတွင် တော့ ဒေါ်ကြီးတင် တစ်ယောက် သူ့ကို မကယ်နိုင်မှန်း သဒ္ဒါဖြူသိပါသည်။

သိသိကြီးနှင့် စိတ်များ သက်သာရာ ရလေမလားဟု ဒေါ်ကြီးတင်ကို သူ ရင်ဖွင့်နေခြင်း ဖြစ်သည်။

“ကဲ ... သဒ္ဒါဖြူပြန်တော့ .... ပြန်တော့၊ တော် ကြာ ဈေးဝယ်သွားတာ ကြာရကောင်းလားလို့ ညည်း အမေ ဒေါသကုမ္မာရကြီး ဆူပူ ကြိမ်းမောင်း နေဦးမယ်”

သဒ္ဒါဖြူသည် ပါးပြင် နှစ် ဘက်ပေါ်က မျက်ရည် စီးကြောင်းတွေ ကို လက်ဖမိုးကလေးဖြင့် သုတ်ချရင်း ထိုင်ရာက ထ လိုက်သည်။

“တစ်ခုတော့ စဉ်းစားမိတယ်လေ၊ ဒီလို အကြံပေးတာ မပြခင် ကြားရင်တော့ ဒေါ်ကြီးတင်ကို ဓားနဲ့ ထခုတ်ချင် မှာ ပဲ”

“ဘာများ လဲ ဟင် .... ဒေါ်ကြီးတင်၊ အမေ မသိစေရပါဘူး သဒ္ဒါ သိပါရစေ ....”

ဒေါ်ကြီးတင်၏ လက်မောင်းကို ဆုပ်ကိုင် လှုပ်ယမ်း၍ သဒ္ဒါဖြူသည် အားကိုးတကြီး မေးရှာ၏ ။

“ဒေါ်ကြီးတင်တော့ ဘယ်လိုမှ ညည်းလေးကို ဟိုကောင် ကျော်မိုးနိုင်နဲ့ သဘောတူ ကြည့်လို့ မရဘူး၊ ဒီတော့ ညည်း အမေက အတင်းအကျပ်ကိုင်လာရင် ညည်း

ထွက်ပြေးမလား”

“ဟင် ... ထွက်ပြေးရမယ်၊ ဟုတ်လား ဒေါ်ကြီးတင်”

လှပသော မျက်လုံးကလေးများ ပြူး ကျယ် ဝိုင်းစက်စွာ သဒ္ဒါဖြူသည် ဒေါ်ကြီးတင်၏ မျက်နှာကို တအံ့တဩ ကြည့်လိုက်သည်။

“ဟုတ်တယ် ... ညည်း ထွက်ပြေးမှ ပဲ ဒီကိစ္စကနေ လွတ်မယ်”

“ဒေါ်ကြီးတင်ရယ် ..... စဉ်းစဉ်း စားစား လဲ ပြောပါ၊ သဒ္ဒါဖြူမှာ ပြေးစရာ မြေမရှိဘဲ ဒီအမေ တစ်ယောက် ကိုသာ ခိုကပ် နေရတယ်ဆိုတာ ဒေါ်ကြီးတင်လဲ သိသားနဲ့”

အားပျော့လှသော လေသံကလေးဖြင့် ပြောရင်း မျှော်လင့်ချက် ပျောက်ကွယ်သွားလေဟန်ဖြင့် သဒ္ဒါဖြူ၏ မျက်နှာကလေး ညှိုးကျသွား၏ ။

“ဒီမယ် သဒ္ဒါဖြူညည်းလို အရွယ်ကောင်း မိန်းမချော မိန်းမလှလေး တစ်ယောက်ကို ငါက ပစ်စလက်ခတ် ပြောလိုက်တာ မဟုတ်ပါဘူး။ ညည်းကို ငါ သနားလွန်းလို့ ငါ့ကြီးဒေါ်ကြီးရှိတဲ့ အင်္ဂပူကို သွားခိုင်းမှာ ပါ၊ ဟိုမှာ ငါ့ကြီးဒေါ်ကြီးက တစ်ယောက် တည်း နေတာ ညည်းလို သမီးလေးမျိုး သာ မွေးစားလိုက်ရင် ငါ့ ကြီးဒေါ်ကြီး သိပ် ဝမ်းသာရှာမှာ ၊ ငါ့မှာ က ပို့စရာ သမီး မရှိလို့ ငါ့ အိမ်က မျောက်တွေ ကိုတော့ ငါ့ ကြီးဒေါ်ကြီးက ဆလံသတယ်အေ့ ....”

သဒ္ဒါဖြူ၏ မျက်နှာ ဖြူနုနုကလေးသည် ဝင်းခနဲ လက်လာ၏ ။

“သူ ... သူက လက်ခံမှာ တဲ့လား ဟင်”

“ငါ ပြောရင် လက်ခံမှာ ပါ၊ ညည်းရဲ့ အကျိုး အကြောင်း စေ့စေ့ စုံစုံ သိရင် သူညည်းကို သိပ် သနားသွားမယ် ဆိုတာ ငါ သိတယ်”

“ကျေးဇူးတင်လိုက်တာ ဒေါ်ကြီးတင်ရယ်၊ သဒ္ဒါလေ အမေ့ကို သနားတယ်၊ ရောဂါ သည်ကြီးမို့ ပစ်မသွားချင်ပါဘူး၊ ဒီကြားထဲမှာ သဒ္ဒါ အမေ့ကို အမျိုး မျိုး တောင်းပန် ကြည့်ပါဦးမယ်၊ တောင်းပန်လို့ မရရင်တော့ နောက်ဆုံး သဒ္ဒါဖြူကြီးတင်ရဲ့ အစီအစဉ်ကို

လက်ခံမယ်၊ သဒ္ဒါ ဘဝကိုတော့ ဒီလူ့ လက်ထဲမှာ အနစ် အမွန်း မခံနိုင်ဘူး ကြီးတင် ....”

“ဟုတ်တာပေါ့အေ၊ သူက ညည်းနဲ့ ထိုက်တန်တဲ့ ယောက်ျားမျိုး မဟုတ်ပါဘူး။ ကဲ ... ကဲ ... စိတ်အေးအေးထားပြီး ပြန်တော့ ညည်းအမေ စိတ်လက်ကြည်ကြည်သာ ရှိတုန်းလဲ မိုးကျော်နိုင်ကို လက်မထပ်ချင်တဲ့ အကြောင်း အကျိုး သင့် အကြောင်းသင့် ပြောကြည့်ဦးပေါ့အေ”

“ဟုတ်ကဲ့ .... ကြီးကြီးတင်”

သဒ္ဒါဖြူသည် ဒေါ်ကြီးတင်၏ အိမ်ကပြင်ပေါ်မှ ချာခနဲ လှည့်၍ သူ့ အိမ်ဆီသို့ ပြေးထွက်သွားတော့သည်။

“ဟင်း ....”

ဒေါ်ကြီးတင်မှာ သဒ္ဒါဖြူ၏ နောက်ကျောကလေးကို လှမ်းကြည့်ရင်း စိတ်လက်မသက်မသာ ရှိလှဟန်ဖြင့် သက်မကြီး ချလိုက်သည်။

“ဆေးဝယ်သွားတာ ကြာလှချည်လား၊ လမ်းမှာ ဘယ်လင်နဲ့ တွေ့နေသလဲဟင်”

ရိပ်ခနဲ သူ့ကို မြင်လိုက်သည်နှင့် နားဝင်မချိုလှသော အမေ၏ စကားသံများ သူ့ နားထဲသို့ လိမ့်ဝင်လာကြသည်။

“ဆိုင်မှာ လူများ နေလို့ပါ အမေ၊ ပြီးတော့ .... ကြီးတင် ကလဲ လှမ်းခေါ်ပြီး အမေ့အတွက် ငါးရံ့ခြောက်ကလေး နှစ် မြှော င်း ပေးလိုက် လို့ပါ”

အလျှောက် ကောင်းတော့ ဒေါ်မြခင်၏ သံသည် တိတ်သွား၏ ။

“ဒီညနေ စားမလား အမေ၊ အသားမြှော င်လေးတွေ ကောင်းတယ် သမီး မီးဖုတ်လိုက်မယ်လေ”

“အိမ်မှာ မဖုတ်နဲ့၊ ထွေးစိန် အိမ်မှာ သွားဖုတ်၊ ငါ ညှော်နံ့ မခံနိုင်ဘူး”

အမေ့အသံကြီးတော့ မာလျက်ဆဲပါ။

“ဟုတ်ကဲ့ .... အမေ”

သဒ္ဒါဖြူသည် ဝယ်လာသော ဆေးများ ကို ဒေါ်မြခင်၏ ရှေ့တွင် ချပေးလိုက် ပြီး သူတို့ အိမ်နှင့် နှစ် အိမ်ကျော်တွင် ရှိနေသော ဒေါ်ထွေးစိန်တို့ အိမ်သို့ ထွက်ဟန်ပြလိုက်သည်။

“မြန်မြန်လဲ လာခဲ့ဦး၊ ခိုင်းလိုက်တာနဲ့ စူဠလိပ်ရေထဲ လွှတ်လိုက်သလို လုပ်မနေနဲ့”

“ဟုတ်ကဲ့ပါ အမေ”

သဒ္ဒါဖြူမှာ ဒေါ်ထွေးစိန်၏ အိမ်သို့ အပြေးအလွှား ထွက်ခဲ့ရပြန်သည်။

အရွယ်ကောင်း မိန်းမပျိုကလေးတန်မဲ့ သဒ္ဒါဖြူမှာ ဘယ်တော့မှ ဣန္ဒြေရရ သွားရ လာရသည်မရှိ အမေ၏ အဆူအပူ အကြိမ်းအမောင်းကို နားမခံလွန်းလှ သဖြင့် နားရှက်လွန်းသဖြင့် စားလည်း အပြေးအလွှား သွားလည်း အပြေးအလွှားနှင့် သဒ္ဒါဖြူအဖြစ်က ဆိုးဝါးလွန်းလှသည်။

“ဟဲ့ .... ဘာလဲ သဒ္ဒါဖြူ နင်လဲ တွေ့လိုက်ရင်၊ ပြေး ... ပြေး အလွှားလွှား နဲ့ မောဆို့နေတာပဲ မြင်ရတယ်”

“အမေပေါ့ ဒေါ်ထွေးစိန်ရယ် ၊ ငါးရံခြောက် ဖုတ်ခိုင်းလိုက်တာလေ၊ ထုံးစံအတိုင်း အမြန်ဆုံး ပြန်လာဖို့ မှာ လိုက်လို့ပါ”

မောဟိုက်သံဖြင့် သဒ္ဒါဖြူက ပြန်ပြောလိုက်ပါသည်။

“အင်း ... မမြခင် ကတော့ လုပ်မယ်၊ ကဲ .... လာ .... လာ၊ ငါ့ဟင်းအိုး ခဏ ချထားပေးမယ်၊ ညည်း ငါးခြောက်အလျင်ဖုတ်လိုက်”

“ကျေးဇူးကမ္မာပါပဲ ဒေါ်ထွေးစိန်ရယ်”

“ဟဲ့ ... ဒါနဲ့ ညည်း မနက်က ငွေငါးရာကြီးတောင် ရတယ် ဆို”

“ဟုတ်တယ် ဒေါ်ထွေးစိန်”

"အဲဒီ ငွေတွေ ကို ညည်း ဘာလုပ်လိုက်လဲ ဟင်"

"ဟင် .... အမေ့ကို အပ်လိုက်တာပေါ့ ဘာ ဖြစ်လို့လဲ"

"အံ့ပါရဲ့ အေ သူ့ လက်ထဲရောက်မှတော့ ညည်းဆီ ပြန်ထွက်တော့ မလား၊ ကိုယ့်မှာ က အဝတ်အစားရှိတာ မဟုတ်ဘူး။ အဝတ်ကလေး တစ်စုံ ချုပ်ဖို့ ဖယ်ထားပြီးမှ ပေးတာ မဟုတ်ဘူး ၊ နံလိုက် အလိုက်တာ သဒ္ဒါဖြူရယ်"

"အေး အေး ... နေပါ ဒေါ်ထွေးစိန်ကြီးရယ်၊ အဝတ်အစား အသစ်ဝယ်လိုက်ရင် ဝတ်ရတယ်နဲ့ မကာမိအောင် သဒ္ဒါဖြူအဆူအပူ အကြိမ်းအမောင်း ခံရမှာ ၊ ပြီးတော့လေ သဒ္ဒါလည်း ဝယ်မဝတ်ချင်ဘူး၊ အိမ်မှာ က ငွေက သိပ်လိုနေတာမဟုတ်လား၊ ပြီးတော့ ဟိုကျော်မိုးနိုင်ရဲ့ ကြွေးက နေလဲ လွတ်ချင်နေတယ်လေ"

"ဒါဖြင့် သူ့ ကြွေးတွေ ဆပ်လိုက်ပြီလား"

"အမေ့ကို ဆပ်ခိုင်းပါတယ်၊ အမေကလဲ ဆပ်ပါတယ်၊ ဒါပေမယ့် သူက ပြန်မယူဘူး၊ သဒ္ဒါတော့ သိပ်စိတ်ညစ်တာပဲ ဒေါ်ထွေးစိန်ရယ်"

"ဒါပေါ့ ဘယ်ယူပ့ါမလဲ၊ ဒီကောင်က ညည်းကို လိုချင်လို့ ကြိုး ရှည်ရှည်နဲ့ လှန်ထားတာကိုး"

"အဲဒါ သိတယ်လေ၊ သိလို့ သဒ္ဒါ သိပ် စိတ်ညစ်တာပေါ့ ...."

"ဒီကောင်က လူကောင်းဆိုရင်တော့ ဘာ အကြောင်းလဲအေ .... မိန်းမတွေ အတည်မယူဘဲ ရမ်းကားနေတဲ့ကောင်စားမျိုး ဆိုတော့ ညည်းနဲ့ လားလားမှ မတန်ဘူး၊ ဒါကို ညည်းအမေသိဖို့ ကောင်းတယ်"

"အမေလဲ သူ့ အကြောင်း မသိတာမှ မဟုတ်ဘဲ"

"ခက်ပါတယ်၊ မမြခင်ကလဲ သူ့ သွေးသား မဟုတ်တော့ ဘယ်ရှည်ရှည်ဝေးဝေး တွေ စဉ်းစားပ့ါမလဲ"

"ဟုတ်တယ် ဒေါ်ထွေးစိန်၊ အမေ သဒ္ဒါ အတွက် မစာနာတတ်တာတော့ အမှန်ပဲ၊

သဒ္ဒါ့မှာ ဆွေရယ်၊ မျိုး ရယ်လို့ ရှိတာများ သိရရင် သိပ်ကောင်းမှာ ပဲ”

“အင်း ... ခက်တယ်အေ၊ သူတို့ အရပ်ထဲ ပြောင်းလာတော့ သူ့ လက်ထဲမှာ ညည်းက နှစ် လ သမီးကလေး ညည်းကို သူ မွေးစားထားတာလို့ ပြောတာက လွဲလို့ ညည်း အကြောင်း ဘယ်သူ့ကိုမှ ဘာ တစ်ခွန်းမှ မပြောခဲ့ဘူး”

“ဟုတ်တယ်၊ တစ်ခါ သဒ္ဒါ မေးကြည့်တော့လဲ သူ့ လက်သည် လုပ်ပေးစားတဲ့ အမျိုး သမီး ဆုံးသွားလို့ သဒ္ဒါကို သူ မွေးစားထားလိုက်တာတဲ့၊ သဒ္ဒါလဲ ဒီထက်ပို မသိရဘူး ဒေါ်ထွေးစိန်ရယ်”

“ကဲ .... ကဲ၊ သဒ္ဒါ စကားကောင်းမနေနဲ့၊ တော် ကြာ ကြာလို့ တစ်ပြစ် ဖြစ်နေဦးမယ်”

“အင်း .... ဟုတ်တယ် ..... ဟုတ်တယ်၊ သဒ္ဒါ ပြန်တော့ မယ်”

“ဟဲ့ သဒ္ဒါ ငါကလဲ မေ့နေလိုက်တာ နင် ဝက်ဆီဖတ်နဲ့ ခရမ်းသီးနှပ် စားမလား”

“စားချင်တာပေါ့ ဒေါ်ထွေးစိန်ရယ်”

“စားချင်ရင် ယူသွား၊ ငါ ထည့်ပေးလိုက် မယ်”

သဒ္ဒါဖြူအရမ်းဝမ်းသာ သွားသည်။ အိမ်မှာ မနက်က ထောင်းထားသော ငရုတ်သီးဆားထောင်းနှင့် ခရမ်းသီးနှပ် စားလိုက်ရလျှင် နတ်ဩဇာ တမျှ သဒ္ဒါဖြူအတွက် ရှိပေမည် ။

“ရော့ ....”

“ကျေးဇူးပဲ ဒေါ်ထွေးစိန်”

သဒ္ဒါဖြူသည် ဟင်းခွက်ကလေးကို ယူပြီး အိမ်ဆီသို့ သုတ်ခြေတင်ကာ ထွက်ခဲ့တော့သည်။

လှေကားထစ်နား ရောက်တော့ ကိုယ်ရှိန်သတ်လိုက်ပြီး အမေများ

ဘာပြောလေမလဲ ဟု နားစွင့်လိုက်သည်။

အမေသည် လက်ဝါးထဲ ဆေးထည့်၍ လျက်နေရာမှ သူ့ကို မျက်လုံး တစ်ချက်သာ လှန်ကြည့်ခဲ့သည်။

သဒ္ဒါဖြူရှင်အေးသွားပြီး အိမ်ပေါ်သို့ ဆက်တက်ခဲ့သည်။

"အမေ ထမင်းစားတော့မလား၊ သဒ္ဒါ ဟင်းချိုနွေးလိုက်ရတော့မလား"

"နွေးလိုက်တော့"

"ဟုတ်ကဲ့ အမေ ....."

သဒ္ဒါဖြူသည် ကပျာကယာ မီးမွှေးပြီး ဟင်းချိုအိုးကို တည်ထားပြီးနောက် စဉ်းတီတုံးပေါ်တွင် ငါးခြောက်မြော င်းကလေး နှစ် ချောင်းကို တင်ကာ စားကောင်းစေရန် မွမွကလေး နေအောင် ထုထောင်းလိုက်သည်။ ပြီးလျှင် ပန်းကန်ကလေးထဲ ထည့်ကာ ဆီလောင်း၍ သမအောင် မွှေထားလိုက်သည်။

ထမင်းပွဲ၊ ပြင်ဆင်ပြီးချိန်တွင် ဟင်းချိုလည်း ပူလာပြီ ဖြစ်သည်။

"အမေ ထမင်းစားရအောင်နော်"

ဒေါ်မြခင်သည် သူ့ ကိုယ်ပေါ်က စောင်ကို ခွာပြီး မီးဖိုခန်းသို့ ထလာသည်။

ငါးရံ့ခြောက်ဖုတ်နံ့ကလေး ကမွှေးနေသည်။

အငွေ့ တထောင်းထောင်း ထနေသော ဟင်းချိုပန်းကန်ကလည်း သောက်ချင်ဖွယ်ရာ ရှိနေပါ၏ ။

သို့ တိုင်အောင် အမေ၏ မျက်လုံးများ က သူ စားသောက်ရမည့် အစားအစာကိုကျော်ကာ သဒ္ဒါဖြူ၏ ရှေ့တွင် ရှိနေသော ဝက်ဆီဖတ်၊ ခရမ်းသီးနုပ်ဆီသို့ ရောက်နေ၏ ။

"အဲဒါ ဘာဟင်းလဲ"

“ဒေါ်ထွေးစိန်ပေးလိုက် တာ၊ ဝက်ဆီဖတ်နဲ့ ခရမ်းသီးနှပ်ထားတာ အမေ”

အမေ့လက်သည် ဟင်းခွက်ထဲသို့ ဆတ်ခနဲ ရောက်လာသဖြင့် သဒ္ဒါဖြူ အံ့အားသင့်သွား ရသည်။

မိမိရရ သူ့လက်တွင် ပါသွားသော ဝက်ဆီဖတ်တုံး သူ့ ပါးစပ်ထဲ ရောက်သွားတော့မှ ...

“ဟာ .... မေမေရယ် မတည့်တဲ့ဟာ၊ အမေ ပိုရင်ကျပ်မှပေါ့”

“ကျပ်ကျပ်အေ တစ်နေ့တစ်နေ့ စားချင်ရာ မစားရဘဲ ငတ်နေတာနဲ့ အချိန်ကုန်ရတဲ့ ငါ့ဘဝကို ငါ စိတ်မရှည်တော့ဘူး”

သဒ္ဒါဖြူဘာပြောနိုင်ပါတော့မည် နည်း။

ပြောလို့လည်း ရတတ်သည် မဟုတ်။

အမေသည် အစားနှင့် ပတ်သက်လျှင် ပက်စက်တတ်မှန်းသိလျက်နှင့် သူ့ရှေ့ဟင်းခွက် ချထားမိလိုက်သော သူ့ကိုယ်ကိုသာ သူမ အပြစ်တင်လိုက်မတော့သည်။

အမေသည် ဟင်းခွက် လည်အောင် စားပြီး ကျေနပ်သွားဟန်ဖြင့် ထမင်းစားပွဲမှ ထသွားတော့မှ သဒ္ဒါဖြူလည်း ကျန် ဟင်းလေးများ ဖြင့် ညစာကို စားသောက်လိုက်သည်။

သဒ္ဒါဖြူ့ ရင်တွင် စိုးထိတ်မှု များ က စက္ကန့်နာရီ ရွေ့လျားလာလေတိုင်း ပိုမို ကြီးထွား၍ လာ၏ ။

ညနေပိုင်းနှင့် တစ်ညတာ လုံးသည် အမေ့ ရောဂါ အတွက် အပုပ်ချိန် ဖြစ်သည်။

သည်နေ့တွင် အမေသည် ချောင်းဆိုးစေသော ခရမ်းသီးနှင့် ရင်ကို ကျပ်စေသော ဝက်ဆီဖတ်ကို စားခဲ့ပြီးလေပြီ။

သဒ္ဒါဖြူစိုးထင့်သည့်အတိုင်းပင် အမေသည် ထမင်းစားသောက်ပြီး တစ်နာရီနီးပါးခန့်တွင် အသက်ရှူကျပ်လာသည်။ အမေ့ ထံမှ ထွက်လာနေသော

ရင်ကျပ်သံများ က နား မချမ်းသာဖွယ် ရာတည်း။

ညဥ့်နက်လေလေ ရင်ကကျပ်လေလေနှင့် တညလုံး လုံး ကျွမ်းထိုးကျွမ်းပြန် ဖြစ်နေသည်မို့ သဒ္ဒါဖြူသာ မက အိမ်နီးနားချင်း ဒေါ်ကြီးတင်ပါ အိပ်ရေး ပျက်ရတော့သည်။

သဒ္ဒါဖြူတစ်ညလုံး ပင်ပန်းနွမ်းနယ်ခဲ့ရသဖြင့် နောက်နေ့နံနက် ဈေးမထွက်အားတော့ပါ။

*

# အခန်း (၃)

သဒ္ဒါဖြူသည် ဖင်ကပ်သော ကျွန်တော့သော ဘမ်းပရုတ်ဆီဘူးကလေးကို ဖွင့်ကာ မခံမရပ် နိုင်အောင် ကိုက်နေသော နားထင်နှစ် ဘက်တွင် အသာ သုတ်လိမ်းလိုက်ပြီး အသာနှိပ်လိုက်သည်။

တစ်ညလုံး အသက် ထွက်လုနီးပါး ရင်ကျပ်ခဲ့သော ဒေါ်မြခင် ကတော့ မိုးလင်းသည် ဆိုကတည်းက ကောင်းကောင်းကြီး နှစ် ခြိုက်စွာ အိပ်မောကျနေ၏ ။

"ဟင်း ... ဒုက္ခ .... ဒုက္ခ .... ဒီအမေနဲ့ တော့ ငါ့ဘဝ ငရဲကျသလိုပါပဲလား၊ ငါ့ ဘဝနယ် ဆိုးလိုက်တာ၊ ငါ့ကို ဘယ်လိုမိဘမျိုး တွေ ကမွေးပြီး ဘယ်လိုသဘောနဲ့ စွန့်ပစ်သွားကြတာပဲ့လိမ့်၊ အမေက သေတယ်ပဲထား၊ ငါ့အဖေကကော ဘယ်ရောက်သွားလဲ၊ အနည်းဆုံး ငါ့အဖေ့ဘက်အမျိုး ငါ့အမေဘက်က အမျိုး တော့ ရှိကောင်းမှာ ပါ ...."

သဒ္ဒါဖြူသည် လှေကားထိပ်တွင် ထိုင်၍ တံခါး ပေါင်ကို ခေါင်းကလေးမှီထားကာ ဝမ်းနည်းစိတ်ဖြင့် မျက်ရည်တွေ ဝဲစို့၍ နေ၏ ။

ထိုစဉ် သဒ္ဒါဖြူ၏ အိမ်ရှေ့တွင် ချော့ကလက်ရောင် စပရင်တာ ကားလေးတစ်စီး ထိုးဆိုက်လာပြီး ကားပေါ်မှ သားသားနားနား ဝတ်ထားသော လူရွယ် တစ်ယောက် ဆင်းလာသည်။

ထိုလူရွယ်သည် ဟိုကြည့် သည်ကြည့် လုပ်လိုက်ပြီး သဒ္ဒါဖြူထံသို့ လျှောက်လာနေ၏ ။

အသားဖြူဖြူအရပ်မြင့်မြင့်နှင့် ယေကျ်ား ပီသသော ကိုယ်ဟန်ရှိသည် ။ ထိုလူရွယ်သည် ချောချောခန့်ခန့် ရှိလှသူ တစ်ယေက် ဖြစ်ကြောင်း သူနှင့် နီးကပ် လာလေလေ သဒ္ဒါဖြူသိရလေလေ ဖြစ်၏ ။

"ဒီမှာ ... ညီမ တစ်ဆိတ်လောက် ...."

"ရှင် ... သဒ္ဒါ့ကို ခေါ်တာလား "

သဒ္ဒါဖြူသည် ခေါင်းကလေးကို ဆတ်ခနဲ ထောင်သွားပြီး ထိုလူရွယ် လူချောလူဖြောင့်ကို တအံ့တသြ ကြည့်လိုက်သည်။

"ဟုတ်ပါတယ် ... မင်းကို ခေါ်တာပါ"

ချိုမြမြအပြုံး နှင့် လူရွယ်က သဒ္ဒါဖြူကို ကြည့်၍ ပြောလိုက်၏ ။

"ဘာကိစ္စပါလဲ ရှင့်"

သဒ္ဒါဖြူသိမ်မွေ့စွာ မေးရင်း အိမ်ပေါ်က ဆင်းလိုက်သည်။

"ကိုယ်က အိမ်လိုက်ရှာနေတာပါ၊ ဒီနားမှာ ရောင်းဖို့ အိမ်များ မရှိဘူးလားဟင်"

သဒ္ဒါဖြူ၏ မည်းနက်သော မျက်ခုံးကလေးများ ကျုံ့သွားသည်။

ဆင်းရဲသား ရပ်ကွက်တွင် သူလို လူမျိုး အိမ် လာရှာသည်မှာ သဒ္ဒါဖြူအတွက် မယုံနိုင်စရာ ဖြစ်နေသည်။

"သူကလဲ အကင်းအပါးသား"

"အဟော ... အိမ်ဝယ်ချင်တယ်ဆိုလို့ မင်းအံ့သြသွားတယ် ထင်တယ်၊ ကိုယ်က ကိုယ့် အိမ်က အလုပ်သမားတွေ အတွက် လိုက်ရှာပေးနေတာပါ ညီမ"

"သြော် ...."

ဒီအကြောင်းပြချက် ကိုတော့ သဒ္ဒါဖြူအကြွင်းမဲ့ လက်ခံလိုက်မိသည်။

"မင်း အသိထဲက ရှိရင်လဲ ပြပေးလေ၊ မင်း ပွဲခ ရမှာ ပေါ့၊ ဝယ်သူဘက်က ကိုယ် ပေးမှာ ပါ"

သဒ္ဒါဖြူစိတ်အရမ်း ဝင်စားသွားပြီး မျက်နှာကလေး ဝင်းလက်သွားသည်။

လမ်းထိပ်က ကိုဖိုးသားတို့ အိမ်ရောင်းမည့် အကြောင်း သဒ္ဒါဖြူသိထားသည်။

အကယ်၍ စပ်ပေးလိုက် လို့ အလုပ် ဖြစ်သွားလျှင် သဒ္ဒါဖြူသည် ပွဲခကို မပင်မပန်းဘဲ ရတော့မည် ။

အားရ ဝမ်းသာဖြင့် သဒ္ဒါဖြူသည် ထိုလူရွယ်၏ မျက်နှာကို ကြည့်လိုက်သည်။

"ရှိတယ် ... ရှိတယ် အစ်ကို၊ ဟိုး လမ်းထိပ်နားလောက်မှာ သူတို့က သုံးထောင့်ငါးရာ ဆိုထားတယ်၊ အစ်ကို ကြည့်မလားဟင်"

"ကြည့်မယ်လေ၊ ကား နဲ့ သွားမလား"

"ဟင့်အင်း၊ လမ်းပဲ လျှောက်သွား ကြရအောင်ပါ အစ်ကို"

"သွားလေ ...."

သဒ္ဒါဖြူသည် အမေ့ထံသို့ တစ်ချက် ခြေဖျားထောက်၍ လှမ်းကြည့်လိုက်သည်။

အမေသည် နှစ် ခြိုက်စွာ အိပ်ပျော်နေဆဲ ရှိ၏ ။

"ဘာကြည့်နေတာလဲ"

"အမေ အိပ်ရာက နိုးနေပြီလားလို့ပါ"

"မင်း အမေက ဒီအချိန်ထိ အိပ်တတ်သလား"

"မဟုတ်ပါဘူး၊ ညက ရင်အရမ်းကျပ်ပြီး တစ်ညလုံး အိပ်မရလို့ ခုမှ အိပ်ပျော်သွားတာပါ"

"ဆရာဝန် မပြဘူးလား"

"ပြပါတယ်၊ အမေ့ ရောဂါ က ဝါရင့်နေပြီဆိုတော့ ပျောက်တယ်လို့တော့ မရှိဘူးပေါ့"

လေအေး လေပျော့ကလေးဖြင့် သူ မေးလာသမျှကို ဖြေလာနေသော သူ့ဘေးက မိန်းကလေးကို ဟိန်းသည် တစ်ချက် စောင်းငဲ့ကြည့်လိုက်သည်။

မိန်းကလေး၏ ဘေးတိုက်အနေအထား မျက်နှာကလေးကို ခပ်ငုံ့ငုံ့ တွေ့ရသည်။

နားသယ်တွင် မည်းနက်သော ဆံနွယ် ခွေခွေကလေးများ ဖြင့် ဖြူဝင်းနုစ်ဥနေသော မျက်နှာကလေးသည် အနီးကပ် မြင်ရလေလေ ပိုလှလေလေ ဖြစ်နေသည်။

နောက်ဆံတွဲ ဆံထုံးအမြိတ်စကလေးကို ရှေ့သို့ ဆွဲချထားသဖြင့် မိန်းကလေး၏ ဘယ်ဘက်ရင်အုံပေါ်တွင် နက်ပြောင် ထူထဲလှသော ဆံပင်တွေ က လှပ တင့်တယ်စွာ ရှိနေ၏ ။

မပိန်မဝ သွယ်နွဲ့သော ကိုယ်ဟန်ကလေးဖြင့် အလွန်ကျက်သရေ ရှိသော မိန်းကလေးကို ဟိန်းသည် မကြာခဏ ဆိုသလို စောင်းငဲ့ကြည့်ကာ ခေါင်းကို တဆတ်ဆတ်ညိတ်၍ လာမိသည်။

သဒ္ဒါဖြူခများမှာ တော့ အိမ်အရောင် းအဝယ် ဖြစ်စေချင်လွန်းသော စိတ်တစ်ခုကသာ စိုးရိမ်နေသဖြင့် သူ့ နံဘေးက လိုက်လျှောက်လာသူကို သတိ မထားမိနိုင်ဘဲ ရှိနေသည်။

သို့နှင့် ကိုဖိုးသားတို့ အိမ်ရှေ့သို့ ရောက်ခဲ့ကြသည်။

“အဲဒီ အိမ်ပဲ”

ခနော်ခနဲ့ ယိုင်နွဲ့နေသော ကျားကန်ထားရသော အိမ်လုံးကလေးသည် တံခါးတွေ အားလုံး ပိတ်လျက် ရှိနေသည်။

“အဲဒီ အိမ်သားတွေ ကော”

“သူတို့ မှော် ဘီမှာ နေတယ်၊ ကိုဖိုးသားကြီးက တစ်ပတ် တစ်ခါတော့ ပြန်လာတယ်”

“ဘယ်နေ့တွေ လာတတ်သလဲ”

“သော ကြာ ညနေ လာပြီး တနင်္ဂနွေ ညနေ ကျရင် ပြန်တယ်”

"ဒီနေ့ သော ကြာနေ့ပဲ"

"အာ ... ဟုတ်သားပဲ၊ ဒါဆိုရင် ကိုဖိုးသားကြီး ညနေ ရောက်လာလိမ့်မယ်၊ စိတ်ဝင်စားရင် ညနေ တစ်ခေါက်ပြန်လာခဲ့ပါလားဟင်၊ သဒ္ဒါ ပြောထားလိုက်မယ်လေ"

လှပသော မျက်နက်ဝန်းကလေး ရွှန်းတောက်စွာ ဖြင့် သဒ္ဒါဖြူက ပြောလိုက်သည်။

အိမ် ဝယ်ချင်သူကြီး ကလည်း ပြုံး တုံ့တုံ့ဖြင့် သူ့ ဦးခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

အားရ ကျေနပ်သွားသော သဒ္ဒါဖြူ၏ မျက်နှာကလေးသည် မိုးဆမ်းပန်းကဲ့သို့ပ လန်းသွားတော့သည်။

"သိပ် ကျက်သရေရှိပြီး သိပ် ချော သိပ်လှတဲ မိန်းကလေး ပါလားကွယ်၊ မင်းလေး ကတော့ တို့ မျက်စိ အာရုံထဲက ထွက်တော့မှာ မဟုတ်တော့ဘူး"

ဟိန်းသည် သဒ္ဒါဖြူကို ကြည့်ကာ ရင်ထဲတွင် ကျိတ်၍ ပြောလိုက်မိသည်။

သဒ္ဒါဖြူကတော့ ရိုးသား အေးဆေး တည်ငြိမ်စွာ ဖြင့် ဖြည်းညင်းစွာ သူ့ နံဘေးက လျှောက်လာသည်။ ကားနားသို့ ရောက်သည့် အခါတွင် ....

"ကိုယ် ညနေဘက် တစ်ခေါက် ပြန်လာခဲ့ ဦးမယ်၊ မင်းပဲ လိုက်ပို့ပေးပါ ဟုတ်လား"

"ဟုတ်ကဲ့ ... သဒ္ဒါ အိမ်မှာ ရှိနေမှာ ပါ"

ပြုံး ပြုံး ကြီး ခေါင်းတစ်ချက် ညိတ်ပြပြီး ကား တံခါးကို ဖွင့်ကာ ဟိန်းသည် ကားပေါ်သို့ တက်လိုက်သည်နှင့် မိန်းကလေးလည်း သူ့ကို ကျောပြုကာ သူ့ အိမ်ဆီသို့ ဆက်လျှောက် သွားသည်။

ကွက်စိပ်ပုဆိုးစ အပြာနရောင် ခပ်နွမ်းနွမ်း ကလေးကို အထက် အောက် ဝတ်ဆင် ထားသော မိန်းကလေး၏ နောက်ကျောကို ဟိန်းသည် ကား စက် မနိုးသေးဘဲ

လှမ်းကြည့်နေမိ လိုက်သည်။

ကိုယ်လုံး ကိုယ်ပေါက် အချိုး ကျကျကလေးနှင့် ယဉ်နွဲ့နွဲ့ သူ့ ဟန်ကလေးက စွဲမက်ဖွယ်ရာ ဖြစ်နေ၏ ။

“မင်း နာမည် လေးက သဒ္ဒါဖြူတဲ့လားကွယ်၊ မင်း နာမည် လေးနဲ့ မင်း လိုက် လိုက်တာကွာ၊ ဘယ်သူ ကများ မင်းကို ဒီနာမည် ပေးလိုက် ပါလိမ့်”

သဒ္ဒါဖြူတစ်ယောက် သူ့ အိမ် လှေခါးဆီသို့ ရောက်မှပဲ ဟိန်းသည် ကားစက်ကို နှိုးလိုက်သည်။

ကား စက်သံ ကြားသွား၍ ထင့် ....

သဒ္ဒါဖြူ၏ မျက်နှာကလေးသည် သူ့ဘက်သို့ ချာခနဲ လှည့်လာ၏ ။

ဟိန်းသည် အံ့သြသလိုလို ကြည့်နေသော သဒ္ဒါဖြူကို လက်ကလေး ဝှေ့ယမ်းပြပြီးမှ ကား စက်ကို နှိုးလိုက်သည်။

သဒ္ဒါဖြူလည်း အလိုလို မြောက်သွားသော သူ့ လက်ကို တုန့်ခနဲ ရပ်လိုက်ပြီး မှ တစ်ဖန် ဟိန်းကို ပြန်လည်၍ လက်ကလေး ဝှေ့ယမ်းပြလိုက်သည်။

ဟိန်းသည် ကျေနပ် အားရစွာ တစ်ချက် ပြုံး လိုက်ပြီး သူ့ ကားကို စက်နှိုး၍ ထွက်ခဲ့တော့သည်။

*

“လှစ်ခနဲ ဘယ်ဆင်းသွားတာလဲ မိဒ္ဒါ”

ကြည်နူးစိတ်ကလေး ဖြိုး သိမ့်ဝေစွာ ဖြင့် အိမ်ပေါ်သို့ တက်လိုက်သော သဒ္ဒါဖြူ တစ်ယောက် အိပ်ရာမှ နိုးနေပြီ ဖြစ်သော အမေ၏ ငေါက် ငေါက် ငမ်းငမ်း

မေးလိုက်သံကြောင့် ကြည်နူးစိတ်များ ရေဗွက်ပမာ ဖြစ်သွားရတော့သည်။

“ဟို ... ဟို ... ကိုဖိုးသားကြီး အိမ်ကို ....”

“ဖိုးသားမှ အိမ်မှာ မရှိတာ ညည်းက ဘာ ဆင်ခြေပေး မလို့လဲ”

အမေသည် သူ့စကားကို ဆုံးအောင် နားမထောင်ဘဲ မာန်မဲဖို့သာ စိုင်းပြင်းနေ၏
။

“အိမ် ဝယ်ချင်တဲ့ လူကို လိုက်ပြပေးတာပါ အမေ၊ ဝယ်ချင်တဲ့ လူက လိုက်ပြပေးပါဆိုလို့ပါ၊ ကြည့်ရတာ ကြိုက်ပုံရတယ်၊ ညနေ ဦးဖိုးသားကြီးနဲ့ တွေ့ရအောင် လာမယ်လို့ ပြောသွားတယ်၊ ပြီးတော့ အရောင် းအဝယ်တည့်ရင် သမီးကိုလဲ ပွဲခ ပေးမယ်တဲ့”

“ဟဲ့ စပ်ပေးတဲ့ လူကို ပွဲခပေးရတာ ထုံးစံပဲ သူက အလကားများ လိုချင် လို့လား၊ အ တီး အ တ ညည်းပုံကို ကြည့်ပြီး ကြောမသွားတာ ကံကောင်း”

“ဟင်း ... မပြောတော့ဘူး ငါ ဘာမှ မပြောတော့ဘူး။ သူ့ ဝသီအတိုင်း အမေ ပြောချင်ရာသာ ပြောပါစေတော့”

“ဟဲ့...ဒါက ဘယ်လဲ ကစကားပြောနေတဲ့ ဥစ္စာ”

“အမေ့ အတွက် ထမင်းပွဲ ပြင်မလို့ပါ အမေ”

“မပြင်နဲ့ဦး၊ ညည်းက ဝယ်သူကို ဘယ်ဈေး ပြောလိုက်သလဲ”

“ဦးဖိုးသားကြီး ပြောထားတဲ့အတိုင်း သုံးထောင့် ငါးရာ ပြောလိုက်တယ် အမေ”

“အလွန် နံ့လွန်းလိုက်တာ မိသဒ္ဒါရယ်၊ ကိုယ့်ကို တိုက်ရိုက်လာမေးတာ ပွဲညွှန့်တင်ရတယ်ဟဲ့ နောက်ကို မသေမချင်း မှတ်ထား”

“ဟုတ် ... ဟုတ်ကဲ့ အမေ”

တုန်ယင် ချောက်ချားစွာ သဒ္ဒါဖြူပါးစပ်က ထွက်သွား၏ ။

“ဘယ်နေရာမှ သွက်သွက် လက်လက် ချက်ချက်ချာချာ မရှိဘူး။ အကင်း မပါးဘူး၊

တစ်သက်လုံး နင် တော့လား လူမွေးပြောင်မှာ မဟုတ်ဘူး။ နင့် ကျော်မိုးနိုင်နဲ့ ညားမှပဲ အေးမှာ ”

သဒ္ဒါဖြူသည် ဝမ်းနည်းစိတ်ကြောင့် ရုတ်တရက် မျက်ရည်တွေ ဝိုင်းတက်လာ၏ ။

ဤသည်ကို အမေ တွေ့လျှင် တစ်ပြစ် မြင်ရလေဦးမည် မှာ သေချာသဖြင့် ဦးခေါင်းကလေးကို သူ ငုံ့ချထားလိုက်သည်။

“ကဲ ... ကဲ ထမင်းခူး၊ ဒီဝယ်သူ လာရင် ငါနဲ့ စကားပြောမယ်၊ ညည်း အသာ ဘေးဖယ်နေ”

သဒ္ဒါဖြူ၏ ဦးခေါင်းဆတ်ခနဲ ပြန်ထောင်လာသည်။

“အမေ ... အမေ သူ့ကို ဈေးပြင် ပြောမလို့လား ဟင်” စိတ်လှုပ်ရှားစွာ ဖြင့် သဒ္ဒါဖြူမေးလိုက်သည်။

“ပြင်ရမှာ ပေါ့၊ ကိုယ့် အတွက် ငါးရာ တစ်ထောင် ပိုလာလဲ နည်းသလားအေ ....”

“အမေရယ် ... ပြင်မနေပါနဲ့တော့ သဒ္ဒါ ...သဒ္ဒါ ပြောပြီးသား ဖြစ်နေလို့ပါ”

မဝံ့မရဲ ဟန်ကလေးဖြင့် သဒ္ဒါဖြူတောင်းပန် လိုက်မိသည်။

“အမယ် ... ဝယ်မယ့် သူက နင့် ပထွေးမို့လား၊ နင်က အားနာနေတာလား၊ ငါ ကြည့်ပြောမယ်၊ ညည်း ကလေး ကလေးလိုနေ ဒါပဲ”

အမေ မျက်နှာ တင်းမာမာကြီးကို ကြည့်ပြီး .....

သဒ္ဒဖြူသေသာ သေပစ်လိုက်ချင်တော့သည်။

အမေ ပြောချင်ရာ ပြောပါစေတော့ အတွေ့မခံဘဲသာ နေလိုက်တော့မည် ဟု ဆုံးဖြတ်လိုက်သည်။

တဒင်္ဂ ရင်သိမ့် တုန်ခဲ့ရမှု များ ....

ကြည်နူးစိတ် ဖြိုး သိမ့် ဝေခဲ့ရမှု များ ....

ယခုတော့ .....

သဒ္ဒါဖြူထံမှ ကြက်ပျောက်၊ ငှက်ပျောက် ကြရလေပြီတည်း။

နောက်ဆုံးတွင် တော့ သဒ္ဒါဖြူသည် ကိုယ့် ဘဝကိုယ့် ကြမ္မာကိုသာ ပုံချရပေါ့တော့၏ ။

"ငါ့ ဘဝနယ် ဆိုးလိုက်တာ၊ ဒီဘဝ ဆိုးကြီးထဲမှာ ငါ ဘယ်လောက် ကြာအောင် ရင်ဆိုင် နေရဦးမယ် မသိတော့ပါဘူး"

"ဟော့ ... ဟော့ ရှုး ... သဒ္ဒါဖြူ"

ဖြစ် ဖြစ်သမျှ အကြောင်းများ ပေါ်တွင် တွေ းတော နစ်မွန်းနေမိသော သဒ္ဒါဖြူသည် ခေါ်သံ လာရာဆီသို့ ဆတ်ခနဲ လှမ်းကြည့်လိုက်တွင် ရေကပြင်နားသို့ ကပ်လာနေသော ဒေါ်ကြီးတင်ကို တွေ့ရသည်။

ဒေါ်ကြီးတင်၏ မျက်နှာတွင် ထူးခြားသော အရိပ်အခြည်များ ကို တွေ့နေရ၏ ။

"ညည်း အမေကြီးကော ...."

လေသံကလေးဖြင့် ဒေါ်ကြီးတင်က မေးလိုက်သည်။

"အိမ်ရှေ့မှာ လေ ထမင်းစားနေတယ်"

"နေကောင်းရဲ့ မဟုတ်လား"

"အင်း ... ခုတော့ သက်သာ နေပါပြီ"

"ဒီမယ် ညည်း ၊ ကံကောင်းတော့မှာ ပါ"

"ဩော် ... ညည်း ကံကောင်းတော့မှာ ပါ၊ ခု ခံစားနေရတဲ့ ဒုက္ခ သုက္ခတွေ မကြာတော့ပါဘူးအေ ....."

"ရှင် ...."

သဒ္ဒါဖြူသည် စဉ့်အိုးထဲမှ ရေကို အင်တုံကလေးထဲသို့ ကဲ့ထည့်နေရာမှ တရှင်ရှင်နှင့် ဒေါ်ကြီးတင်၏ မျက်နှာကို ကြည့်နေ၏ ။

"ဟဲ့ ... မိသဒ္ဒါ ဟင်းခါး ထည့်ပေးဦး ဘယ် ထွက်သွားတာလဲ"

"ရှင် .... လာပါပြီ အမေ ၊ အိုး ဆေးမလို့ပါ"

"ထားခဲ့ ... အဲဒီ အိုးက ဘယ်အချိန် ဆေးဆေး ရတယ်"

သွား ...သွားလိုက်

သဒ္ဒါဖြူသည် ဒေါ်ကြီးတင်ကို ညှိုးငယ်စွာ တစ်ချက်ကြည့်လိုက်ပြီး အိမ်ရှေ့ခန်းဆီသို့ ကမန်းကတန်း ထွက်ခွာသွား၏ ။

ဒေါ်ကြီးတင်သည် စိတ်မချမ်းမြေ့ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရေကပြင် အနီးမှ ထွက်သွား၏ ။

"ဟိန်း .... လာ လာ မင်း ဒေါ်လေးသစ္စာတော့ မင်းကို မျှော်နေတာ ထမင်းတောင် မစားနိုင်အောင် ဖြစ်တယ် ကွယ်"

"ဟုတ်လား ... ကျွန်တော် လဲ စေ့စေ့စပ်စပ် သိသင့်တဲ့ အကြောင်းတွေ စုံစမ်းနေရလို့ပါ ဦးလေးဝေလှိုင်"

"ကဲ ... ဆိုစမ်းပါဦး ဘာတွေ ထူးခဲ့သလဲ ဟိန်း"

ဒေါ်သစ္စာက သူ့နံဘေးက ထိုင်ခုံကို ဟိန်းအား ထိုင်ရန် ပုတ်ပြပြီး မေးလိုက်သည်။

"ထူးပါတယ် မိန်းကလေးရဲ့ ဘဝက သနားစရာပဲ၊ ခု သူ့ကို မွေးစားထားတာက အရင်က မိန်းကလေးကို မွေးပေးခဲ့တဲ့ လက်သည် အဒေါ်ကြီးလို့ ပြောပါတယ်"

"မိန်းကလေးရဲ့ မိဘများ ကကော"

"မိန်းကလေး နှစ် လသမီးမှာ ဆုံးသွားပြီး လက်သည်အဒေါ်ကြီး မွေးစားလာခဲ့တာလို့ သိရတယ် ဒေါ်လေးသစ္စာ"

"သူ့မှာ မိဘအရင်းအချာ၊ ဆွေမျိုး အရင်းအချာ တစ်ဦး တစ်ယောက် မှ မရှိတော့ဘူးလားကွယ်"

"ဒီမိန်းကလေးရဲ့ ဘဝ အကြောင်း ကတော့ မအေသေလို့ လက်သည်ကြီးက ကျွေးမွေးစောင့်ရှောက် လာတယ်ဆိုတာက လွဲလို့ ဘယ်သူမှ ပြောပြနိုင်တဲ့လူ မရှိဘူး ဒေါ်လေးသစ္စာ၊ မိန်းကလေး ကတော့ ကိုးတန်းနဲ့ ကျောင်းထွက်ထားရပြီး၊ မွေးစားမိခင်ကြီးကို ပန်းရောင်း ကျွေးနေရတယ်လို့ သိရတယ်၊ အဒေါ်ကြီးကလဲ တစ်နေ့တစ်ခြား ရောဂါ ဆိုးလာတော့ မိန်းကလေးမှာ ငွေရေး ကြေးရေး စားဝတ်နေရေး ကိစ္စနဲ့ တော်တော်ကို စိတ်ဆင်းရဲ နေတယ်ဆိုတာလဲ သိခဲ့ရပါတယ်၊ ပြီးတော့ ကျွန်တော် ကိုယ်တိုင်လဲ မိန်းကလေးကို အနီးကပ် လေ့လာချင်လို့ အပြင်ကို ပရိယာယ်နဲ့ ခဏ ခေါ်ထုတ်ပြီး တွေ့ခဲ့သေးတယ်"

"ဟယ် .... ဟုတ်လား .... ဘယ်လို ခေါ်တွေ့တာလဲဟင်"

"ဩော် ... သူတို့ ရပ်ကွက်မှာ အိမ်လာဝယ်တဲ့ လူ ပုံစံမျိုး နဲ့ပေါ့ ဒေါ်လေး သစ္စာ"

"ဆက်ပြောပါဦး ကွယ်"

"ကံကောင်းချင်တော့ သူတို့ အိမ်နဲ့ မလှမ်းမကမ်းမှာ ကားရပ်လိုက်တာနဲ့ သူ့ကို တွေ့ရတာ ကြုံကြိုက်သွားတယ် သူ့ကို ကျွန်တော် ဒီနားမှာ အိမ်ရောင်းဖို့ ရှိသလားလို့ မေးတော့ မိန်းကလေးက ရှိတယ်ဆိုပြီး ကျွန်တော့်ကို လိုက်ပြတယ်၊ သူကလေးက အရမ်းသိမ်မွေ့တယ်၊ နူးညံ့တယ်၊ ရုပ်ရည်ကလေးက သနားကမား ရှိတယ်၊ ပြောရရင်တော့ သန့်သန့်ကလေး ဒေါ်လေး သစ္စာရယ်"

"အဲ့ဒီတော့ မင်း ဘယ်လို သဘောရလဲ ဟိန်း ဟင်"

"ဒေါ်လေး သစ္စာရဲ့ ဆန္ဒအတိုင်း လုပ်ပါလို့ ပြောချင်ပါတယ်"

ဒေါ်သစ္စာက သူ့ခင်ပွန်းသည်၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

"မင်း သဘောပါ မသစ္စာ၊ မင်းဆန္ဒတွေ ပြည့်ဖို့ကသာ အဓိကပါ"

"ဒါဆိုရင် ဟိန်း ထမင်းစား လိုက်လေ၊ ပြီးရင် ဒေါ်လေး သစ္စာတို့ မိန်းကလေး အိမ်ကို သွားကြရအောင်"

"အင်း … ဟုတ်တယ် ဟုတ်တယ်၊ မင်း ဒေါ်လေးနဲ့ မင်း ထမင်းစားလိုက်၊ ခုပဲ သူလဲ စားလို့ ဝင်တော့မှာ "

"လာ … ဟိန်း "

ဟိန်းသည် ဒေါ်သစ္စာနှင့် အတူ ထမင်းစားခန်းထဲသို့ ဝင်ခဲ့သည်။

ထမင်းစားပွဲပေါ်တွင် ထမင်းဟင်းတွေ တွေ က အရံသင့် အုပ်ဆိုင်းထားပြီးသား ရှိနေ၏ ။

"ထိုင် … ဟိန်း"

ဒေါ်သစ္စာသည် ဟိန်းအတွက် ထမင်းအုပ်ကို လှန်ကာ ခပ်ထည့်ပေးလိုက် သည်။

"ဟိန်းကိုသာ မပြောမိတ ဒေါ်လေးသစ္စာလေ။ အဲဒီ မိန်းကလေးကို စိတ်ဝင်စားပြီး ခင်တွယ်နေတာ ကြာပြီကွယ်၊ ပြောရမယ် ဆိုရင် သမီးလေး ရတနာလှိုင်ကလေး ဆုံးပြီးကတည်းကပဲ ဆိုပါတော့၊ သူက သမီးကလေး ရတနာလှိုင်နဲ့ ဆင်ဆင်မတူဘူးလား၊ ဟင်"

"အင်း … ဟုတ်တယ်၊ ခုမှ စဉ်းစားမိတယ်၊ ရတနာနဲ့ ခပ်ဆင်ဆင် ပဲနော် ဒေါ်လေး သစ္စာ"

"သမီးက သွက်သွက်လက်လက် ရှိတယ်၊ ဝတ်စားဆင်ယင်မှု ခေတ်ဆန်တယ်၊ အလှအပ ခြယ်တယ်၊ အဲဒါတွေ ပဲ အဲဒီ မိန်းကလေးနဲ့ ကွာဟမှု ရှိတယ်၊ ကျန်တာအရွယ်ကလေးကော၊ ရုပ်ရည်လေးကော အသားအရေကော သမီးကလေး ရတနာနဲ့ သိပ်တူတယ်ကွယ်"

ဟိန်းသည် ဇွန်းခရင်း လက်တွင် ကိုင်ရင်းက ငိုင်တွေ တွေ ဖြစ်သွား၏ ။

“ဟုတ်တယ် သဒ္ဒါဖြူ .... သဒ္ဒါဖြူက တို့ချစ်သူနဲ့ တူလိုက်တာ၊ အင်း ဆုံမှ ဆုံတတ်တယ်၊ နာမည် တူ လူတူမရှားဘူး ဆိုတာ လက်တွေ့ မျက်တွေ့ ပါပဲလား”

ဒေါ်သစ္စာလဲ ဟိန်းကို ကြည့်ပြီး ဟိန်း ဘာတွေ တွေးမိနေသည်ကို သိမိလေဟန်ဖြင့် ....

“ဟိန်း ရယ် ... သဒ္ဒါဖြူကလေးကိုပဲ ဟိန်းတို့ ဒေါ်လေးသစ္စာတို့အတွက် သမီးလေး ရတနာလို့ပဲ ကိုယ်စား အစားထိုးကြရအောင်ပါ၊ ကဲ ... စား၊ စားပြီးရင် သွားကြမယ်”

စိတ်ဆန္ဒတွေ စောနေသဖြင့် နှစ် ဦးသား ထမင်းစားကြသော်လည်း ဝမ်းထဲ ဝင်သင့်သလောက် မဝင်ဘဲ ဖြစ်နေကြ၏ ။

တစ်ဦးမျက်နှာ တစ်ဦးကြည့်ပြီး နားလည်စွာ ထမင်းပွဲကို လက်စသတ်လိုက်ကြ ကတော့သည်။

“ဦးလေးကားနဲ့ သွားမလား၊ ဟိန်း ကားနဲ့သွားမလား ဦးလေး ....”

မင်း ကားထားခဲ့ကွာ၊ ဦးလေး တို့ကားနဲ့ပဲ သွားကြမယ်”

“ကျွန်တော် မောင်းပေးမယ်လေ”

“ကောင်းသားပဲ ...”

“ကဲ ... မသစ္စာရေ၊ ခင်ဗျား အဆင့်သင့် ဖြစ်ပြီလား”

“လာပါပြီ ကိုဝေလှိုင်ရယ်”

ပြန်ပြောသံနှင့် အတူ ဒေါ်သစ္စာသည် လက်ပွေ့အိတ်ကြီး တစ်လုံးကို လက်တွင် ချိတ်ဆွဲ၍ အိမ်ခန်းတွင်းမှ ထွက်လာ၏ ။

“ကဲ ... သွားကြရအောင်”

“ဟဲ့ .... ခင်လုံးလေး ...၊ အိမ်သော့တွေ ကောင်းကောင်းခတ်ထားနော်၊

မေမေကြီးတို့ ခုပဲ ပြန်လာကြမှာ ၊ ဖုန်းလာရင်လဲ ဘယ်သူ့ဆီက လာတယ်ဆိုတာ ကောင်းကောင် မှတ်ထား”

“ဟုတ်ကဲ့ပါ မေမေကြီး”

အသက် ဆယ့်သုံးနှစ် ခန့်သာ ရှိဦးမယ် ဖြစ်သော မိန်းကလေး က ဒေါ်သစ္စာကို ရိုရိုသေသေ ပြောလိုက်သည်။

အင်းလျား လမ်းမှ မြေနီ ရပ်ကွက်ဆီသို့ ခရီးက မဝေးလှသဖြင့် တိုတောင်းသော အချိန်အတွင် ဟိန်းမောင်းနှင်လာသော ကားကလေး ရောက်လာခဲ့သည်။

ဟိန်းသည် လူ ငယ်သော် လည်း ဉာဏ် ကတော့ သွားလှသည်။

ရပ်မိ ရပ်ဖ တွေ ကိုပါ ခေါ်ပြီး သဒ္ဒါဖြူတို့ အိမ်သို့ သွားရန် အကြံပြုလိုက်သဖြင့် ဒေါ်သစ္စာနှင့် ဦးဝေလှိုင်မှာ ဟိန်းကို ကျေးဇူးတင်မဆုံး ဖြစ်သွားကြသည်။

“ဟိန်း က စဉ်းစားမိတယ် ကြည့်စမ်း ကျေးဇူးတင်လိုက်တာကွယ်”

ဒေါ်သစ္စာ၏ စကားကြောင့် ဟိန်း မျက်နှာကလေး ကျက်သရေရှိစွာ ပြုံး သွား၏ ။

ဒေါ်သစ္စာသည် ဟိန်းကို ချစ်ကြည်နူးစွာ ကြည့်လိုက်သည်။ ဟိန်းကို သူ ချစ်သည်။ ဟိန်းသည် သူ့ ဝမ်းနှင့် မလွယ်ရသော် လည်း သား မည် ၏ ။ ကံ အကြောင်းမလှစွာ သမီး ကလေး ရတနာလှိုင် သူတို့ ဘဝထဲမှာ ပျောက်ကွယ်သွားသည့်တိုင် သမီးလေးနှင့် ဆက်နွယ်နေသော ဟိန်းသည် သူတို့ ဇနီးမောင်နှံအတွက် ဖြေသိမ့်စရာ တစ်ခု အ ဖြစ် ကျန်ခဲ့လေသူ တစ်ယောက် ။

ဟိန်းကလည်း သူတို့ ဇနီးမောင်နှံကို ချစ်သည် ခင်သည် လေးစားသည်။ အကူအညီလိုသမျှ အပြည့်အဝပေးသည်။ အိုမင်းနေသော ဇနီးမောင်နှံ အတွက် ဟိန်းသည် အလွန်အားကို အားထားပြု၍ ရနေသော တောင်ဝှေးကလေး သဖွယ်လည်း ရှိလှ၏ ။

ယခု ......

သဒ္ဒါဖြူကလေး ကိစ္စနှင့် ပတ်သက်၍ လည်း ဟိန်းသည် သူတို့ ဇနီးမောင်နှံကို

ကူညီနေလေပြီ .....

အဘယ်မှာ လျှင် ဟိန်းကို ချစ်ခင်တွယ်တာမှု ဆုံးနိုင်တော့မည် နည်း။

"ကြွပါ ... ကြွပါ .... မမြခင်ရေ၊ မျိုး .... မမြခင်"

အရပ် လူကြီးက ဖိတ်ခေါ်လိုက်သံသည်၊ အိမ်ရှေ့က ဟိန်းခန်း ထွက်ပေါ်လာ၏ ။

"ဟော .... အမေ၊ အိမ်ရှေ့မှာ ဦးလူဖေရယ် မနက်က အိမ်လာဝယ်တဲ့ လူရယ်၊ တခြား လူတွေ ရယ် လာနေတယ်"

"ညည်း ထွက်မလာနဲ့၊ အသာ အထဲမှာ နေ"

ဒေါ်မြခင်သည် စိတ်လှုပ်ရှား၍ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော သဒ္ဒါဖြူကို အိမ်ခန်းထဲတွင် ထားရစ်ခဲ့ပြီး အိမ်ရှေ့ခန်းဆီသို့ ထွက်ခဲ့သည်။

သဒ္ဒါဖြူလည်း အခန်းဆီး ထရံပေါက်နားတွင် ထိုင်ချလိုက်ကာ မျက်လုံးကလေး တစ်ဘက်ကပ်၍ အပေါက်အပြင်ဘက်ဆီသို့ ကြည့်လိုက်သည်။

သူ့ဆီတွင် ဘုရားပန်း ဝယ်နေကျ အမျိုး သမီးကြီးနှင့် သူ့ ခင်ပွန်း။

မနက်က ရပ်ကွက်ထဲတွင် အိမ်လာရှာသော ချောချော ဖြောင့်ဖြောင့်လူ ....။

ရပ်မိရပ်ဖ များ ဖြစ်ကြသော ဦးလူဖေနှင့် ဦးလှသော င်းတို့ အိမ်ပေါ် ရောက်ရှိလာကြသည်ကို တွေ့ ရ၏ ။

"ဟင် ... ငါ့ဆီက ပန်းဝယ်နေကျ အမျိုး သမီးက ဟိုလူချောချောရဲ့ မိဘတွေ ထင်ပါရဲ့ ၊ တိုက်တိုက် ဆိုင်ဆိုင်ကြီးပါလား ဟယ် ...."

ဖိုသွားသော ရင်ကို လက်ကလေးဖြင့် ဖိရင်း သဒ္ဒါဖြူသည် သူတို့ကို ဆက်ကြည့်နေမိ၏ ။

"လာပါ ... လာပါ ၊ ထိုင်ကြပါ ရှင်"

အမြင်မလှတော့သော ထန်းချောဖျာကလေးကို ဒေါ်မြခင်က ဧည့်သည်တွေ ကို

ခင်းပေးလိုက် သည်။

မနက်က လူချောချော ကတော့ မထိုင်သေးဘဲ တစ်စုံတစ်ခုကို ရှာဖွေနေလေဟန် မျက်လုံးများ ဖြင့် လိုက်ကြည့်နေ၏ ။

“ရပ်ကွက်လူကြီးတွေ ပါ တစ်ပါတည်း ပါလာကြတာကိုး၊ ကောင်းတယ် ... ကောင်းတယ်”

“ဒီက သမီးလေး မသဒ္ဒါဖြူပြောလို့ လမ်းထိပ်က အိမ်ဝယ်ချင်တဲ့ ကိစ္စ ကျွန်မ သိပြီးပါပြီ၊ ပိုင်ရှင်တွေ ရောက်မလာသေးပေမယ့် ကျွန်မနဲ့ပဲ ကိစ္စပြီးနိုင်ပါတယ်၊ အဟင်း ... ဟင်း၊ အိမ်က ကလေးက မနက်က တောင်မသိ မြောက်မသိနဲ့ ဈေးကို မှာ းပြောလိုက်မိတယ်လေ၊ ဖိုးသာက ကျွန်မကို အပ်သွားတာ ခြောက်ထောင်ရမှ ရောင်းနိုင်မယ်လို့ ....”

ဒေါ်မြခင်သည် သူ့စိတ်ထဲ အာသီသ ရှိနေသော အကြောင်းကိုသာ မနားတမ်း ပြောချလိုက်သဖြင့် သူ့စကားအဆုံးတွင် ရပ်မိရပ်ဖ ဖြစ်သော ဦးလူဖေတို့က ရယ်လိုက်သည်။

“အဟင်း ... ဟင်း ... ဟင်း မမြခင်ရဲ့ ဒီလူကြီး လူကောင်းတွေ က ကိုဖိုးသာအိမ်ကို ဝယ်ဖို့လာကြတာ မဟုတ်ဘူးဗျ၊ ခင်ဗျားသမီးလေး မသဒ္ဒါဖြူကို တောင်းဖို့လာကြတာ .....”

“ဟင် ....”

ဒေါ်မြခင်သည် အံ့အားသင့်ပြီး ကိုယ်ကြီး မတ်ခနဲ ဖြစ်သွား၏ ။

“ဒီလိုဗျ ... ဒီလို၊ ဟောဒီက သူဌေးကြီး ဦးဝေလှိုင်နဲ့ ဒေါ်သစ္စာတို့ ဇနီးမောင်နှံက သဒ္ဒါဖြူကလေးကို ကိုယ်သမီးလေးအ ဖြစ် မွေးစားချင်လို့တဲ့၊ ကျုပ်တို့ကို အကူအညီ တောင်းလာကြတယ်ဗျ”

“အို ... မ ဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မ ဖြစ်နိုင်ဘူး”

ဒေါ်မြခင်သည် မျက်နှာကြီး ရုတ်တရက် တင်းမာသွားပြီး ခေါင်းယမ်း၍

ခါးခါးသီးသီးကြီး ပြောလိုက်သည်။

ဒေါ်သစ္စာသည် မျက်နှာကလေး ငယ်ခနဲ ဖြစ်သွားပြီး ဟိန်းနှင့် သူ့ ခင်ပွန်း ဦးဝေလှိုင်၏ မျက်နှာကို ကြည့်လိုက်သည်။

ဦးဝေလှိုင်က ဇနီးသည်၏ လက်ကလေးကို အသာ ဖွဖွဆုပ်ကိုင်ကာ အားပေးနှစ် သိမ့်လိုက်သည်။

"ဟင် .... သူတို့ .... သူတို့ ငါ့ကို မွေးစားချင်တယ် ဆိုပါလား"

အိမ်ခန်းထဲက ချောင်းမြောင်း နားထောင်နေသော သဒ္ဒါဖြူလည်း လူတစ်ကိုယ်လုံး လေတွင် မြောက်သွားသလို ဖြစ်ပြီး လက်နှစ် ဘက်ဖြင့် ရင်ကို ဖိထားနေ၏ ။

သဒ္ဒါဖြူ၏ ရင်ထဲတွင် ရင်ခုန်သံက ကြမ်းနေသည်။

"ဒီလို ဇွတ်မငြင်းလိုက်နဲ့ဦးလေ မမြခင်ရဲ့ ၊ ကျုပ်တို့ ပြောမယ့် စကားလဲ ဆုံးအောင် နားထောင်ဦးမှပေါ့"

"ရှင်းလဲ၊ မနေနဲ့ ဦးလူလေးရေ့၊ ရှင်တို့လဲ အသိပဲ။ ကျွန်မက မမာသည့်၊ မိသဒ္ဒါကိုပဲ အားကိုးနေရတာ ၊ အမွေစားခံချင်တဲ့ ကလေးတွေ ဒီ့ပြင်မှာ လဲ ရှိမှာ ပါရှင့်၊ ကျွန်မက တော့ မိသဒ္ဒါကို မပေးနိုင်ဘူး။ စကားကို ပြတ်ပြတ်ပဲ ပြောတတ်တယ်"

"ဒုက္ခပါပဲ ဟိုလူတွေ ကို အားနာစရာ၊ အမေကလဲ စကားပြော မပြေပြစ်လိုက်တာ"

သဒ္ဒါဖြူသည် စိတ်ရှုပ်ထွေးလှစွာ ဖြင့် သူ့ ဦးခေါင်းကို ကုတ်နေမိ၏ ။

"ဒီမှာ မမြခင် ... ခင်ဗျား စိတ်ကူး မလွဲပါနဲ့ဗျာ၊ သဒ္ဒါဖြူကလေးက အညွန့်တလူလူနဲ့ တက်လူလေးဗျ၊ သူ့ ဘဝလေး ကောင်းစားအောင် ပညာဆက်သင်ပေးပြီး ပြုစုပျိုး ထောင်ပေးမယ့်လူ အိမ်ပေါ်ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာကို ခင်ဗျား ငြင်းမထုတ်သင့်ဘူး၊ ခင်ဗျားနဲ့ နေရင် ဒီကလေး ဘဝက ပန်းသည်လေး ဘဝနဲ့ တုံးမှာ ပဲ၊ ဆိုပါတော့ဗျာ။ ပြောကောင်းတဲ့ စကားတော့ မဟုတ်ဘူး။ ခင်ဗျားသေရင် ကောဗျာ ၊ ခင်ဗျား

ရောဂါ အထုပ်အထည်ကြီးနဲ့၊ ဒီကလေး ခွေး ဖြစ်သွားမှာ ပေါ့ဗျာ”

ဒေါ်မြခင်သည် ဦးလူဖေ၏ အားမနာ စတမ်း ပြောလိုက်သော စကားများ ကြောင့် ငိုင်ကျလာ၏ ။

တင်းမာနေသော မျက်နှာကြောများ လျော့ပြေ၍ လာ၏ ။

ဦးလူဖေကလည်း ဒေါ်မြခင်၏ အခြေအနေကို အကဲခတ်ပြီး ပြောစရာရှိသည့် စကားများ ကို ဆက်၍ ဖိပြောနေ၏ ။

“ခင်ဗျား စိတ်ကူးမလွဲပါနဲ့ မမြခင်၊ သူတို့က သမီးအရင်းအချာလေးလို မွေးပြီး ပညာတွေ ဘာတွေ လဲ ဆက်သင်ပေးမှာ ပါ၊ ရေမြင့်ရင် ကြာတင့်မှာ ဗျ၊ သူကောင်းစားရင် ခင်ဗျားကိုကော သူက ပစ်ထားမတဲ့လား၊ မသဒ္ဒါဖြူကလေးက ဘယ်လောက် စိတ်ထား ဖြူ စင်ပြီး ကျေးဇူးတရား သိတတ်တဲ့ကလေး ဆိုတာ ကျုပ်တို့ အသိ၊ ကျုပ်တို့ အမြင်ပဲ”

“ကျွန်မလဲ မိသဒ္ဒါကို ကောင်းစားစေ့ချင်တာပေါ့ ဦးလူဖေရယ်၊ ဒါပေမယ့် ကျွန်မ ပြောခဲ့ပြီကော၊ ကျွန်မ မမာနေတာ မသဒ္ဒါမှ မရှိရင် မခက်ပေဘူးလား”

“ဒီအတွက် မပူပါနဲ့ဗျာ၊ ခင်ဗျား အတွက်လဲ ဟောဒီက သူဌေးမင်းနဲ့ ဇနီးက အစီအစဉ်တွေ လုပ်လာပါတယ်”

“ဟုတ် ... ဟုတ်ပါတယ် ရှင်၊ ဒီက မမြခင် အတွက် စားဝတ်နေရေး ကိစ္စအတွက် တစ်လကို ငွေ နှစ် ရာ ထောက်ပံ့သွားဖို့ ရှိပါတယ်၊ ပြီးတော့ ကျန်းမာရေး အတွက်လဲ တာဝန်ယူပါတယ်၊ ဟောဒီက သားလေးရဲ့ အဖေက သမားတော် ကြီး တစ်ဦးပါ၊ သူနဲ့ ဒေါ်မြခင်ကို အပ်ပေးထားပါ့မယ်”

“ကဲ ... ဒေါ်မြခင် ၊ အားလုံး ပြည့်စုံအောင် လုပ်ပေးနေပြီပဲ၊ ခင်ဗျား သူတို့ ဆန္ဒကို လိုက်လျောလိုက်ဖို့ ကောင်းပါပြီ”

“မိသဒ္ဒါရဲ့ သဘောကို မေးပါဦးလေ”

လိုက်လျောမှု တွေ တစ်ဘက်က တစ်ပုံ တစ်ပင်ကြီး ပေးနေသည်ကို

ဒေါ်မြခင်သည် ဟန်လုပ်၍ မူနေချင်သေးပြန်၏ ။

“ကိုင်း .... ဒါဆို ခင်ဗျား သမီးကို ခေါ်ဗျာ”

“မိသဒ္ဒါ ။ ဟဲ့ ... မိသဒ္ဒါ ထွက်ခဲ့ဦး ”

အမေက စောစောကတည်းက ထွက်မလာနဲ့ဟု မှာ ထားသဖြင့် အပြင်သို့ မထွက်ဝံ့ရှာသော သဒ္ဒါဖြူသည် ဝါးထရံ တစ်ချပ်သာ ခြားသော အခန်းကလေးထဲမှနေ၍ အချီအချ စကားသံများ ကို ပီပီပြင်ပြင် ကြီး ကြားခဲ့ရပြီး ဖြစ်သည်။

သဒ္ဒါဖြူလွန်စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

အမေသာ ခွင့်ပြုလျှင် သဒ္ဒါဖြူလိုက်သွား လိုက်ချင်သည်မှာ အရမ်းပေါ့။

တကယ်တော့ ဆင်းရဲ နွမ်းပါးသော ဘဝတွင် သဒ္ဒါဖြူသည် သူ့ ဘဝ တစ်ခုလုံးကို တစ်သက်လုံး နစ်မြုပ်မသွားလို့သည့် ဆန္ဒ သူ့ရင်တွင် အမြဲ ရှိခဲ့သည်။

ပညာ ဆက်သင်ခွင့်ရပြီး ဘဝ တက်လမ်း တစ်ခု ဘယ်လိုများ ရှာရပါ့မလဲဟု သဒ္ဒါဖြူတွေ းတော ကြံစည်နေခဲ့သည်မှာ အခါခါ။

ယခုတော့ ရေကန်အသင့် ကြာအသင့် တွေ့ရလေပြီ။

အမေ့ အတွက်လည်း မပူရ ......။

မိမိအတွက်လည်း ပညာသင်ခွင့်ရပြီမို့ သဒ္ဒါဖြူသည် အတိုင်းအဆမရှိ ဝမ်းသာနေမိသည်။

အမေ ခွင့်မှ ခွင့်ပြုပါ့မလာဟု စိုးထင့် လိုက်ရသည်မှာ လည်း တအား။

ယခု အမေ့ ခေါ်သံကြားလိုက်ရတော့ သူ့ ကိုယ်ခန္ဓာ လေတွင် မြောက်သွားသည့်ပမာ ဝမ်းသာ ရတော့သည်။

“မိသဒ္ဒါ .....”

“ရှင် .... လာပါပြီ အမေ”

တုန်နေသော ခြေထောက်များ ကို မိမိရရ ဖြစ်အောင် ထောက်ပြီး သဒ္ဒါဖြူသည် အိမ်ရှေ့ခန်းဆီသို့ ထွက်လိုက်သည်။

အိမ်ရှေ့ခန်းတွင် ရှိရှိသမျှသော လူ အားလုံးတို့၏ မျက်စိ အစုံစုံတို့သည် သဒ္ဒါဖြူ ထံသို့ ဖျတ်ခနဲ ရောက်ရှိလာကြသဖြင့် သဒ္ဒါဖြူသည် မဝံ့မရဲ ဖြစ်သွားကာ မျက်လွှာကလေး ချပစ်ကာ ဆက်လျှောက်လာသည်။

"ထိုင်စမ်းပါဦး သဒ္ဒါဖြူ...."

အရပ်လူကြီး ဦးလူဖေ အနီးတွင် သဒ္ဒါဖြူထိုင်လိုက်သည်။

"ကဲ ... ညည်း ဆန္ဒကို ပြောပါဦး၊ ဟောဒီက သူဌေးမင်းနဲ့ ဇနီးတို့က ညည်းကို ကိတ္တိမသမီး အ ဖြစ် မွေးစားမလို့တဲ့ သည်း အမေ ကတော့ ညည်း သဘောဆိုတဲ့ ပုံစံမျိုး ပြောနေတယ်"

သဒ္ဒါဖြူသည် အမေ့ထံသို့ မျက်လွှာကလေးကို မဝံ့မရဲ ပင့်၍ ကြည့်လိုက်သည်။

အမေ့ မျက်လုံးတွေ က ခပ်စိန်းစိန်းစူးစူး ဖြစ်နေသည်။

ဒီပွဲမှာ သဒ္ဒါဖြူအဆုံးအဖြတ်မှာ းလိုက်လျှင် ပန်းသည်ဘဝနှင့် အမေ ရောဂါ သည်ကြီး ကြားတွင် ဘယ်လိုမှ အညွန့်တလူလူ မတက်နိုင်တော့မည် မှာ သေချာလှသည်။

ရဲရဲသာ ပြောလေ၊ စိတ် လွတ်လွတ်လပ်လပ်သာ ဆုံးဖြတ်ပါ၊ ဒါ .... သဒ္ဒါဖြူ့ အတွက် ရတောင့်ရခဲ အခွင့်အရေး ကြီးကွယ့်"

အရပ်လူကြီး ဦးလူဖေက သဒ္ဒါဖြူ၏ ဦးခေါင်းကလေးကို လှမ်းပွတ်ရင်း ပြောလိုက်သည်။

"သဒ္ဒါဖြူလေးရယ်၊ ပါးစပ်က ပြောလို့ မထွက်ရဲရင် ခေါင်းညိတ်လိုက်စမ်းပါကွာ ... ခေါင်းညိတ်လိုက်စမ်းပါ"

သဒ္ဒါဖြူကို ကြည့်ပြီး ဟိန်း တစ်ယောက် အားမလို အားမရ နေမထိ ထိုင်မသာကြီး ဖြစ်နေ၏ ။

"ပြောလိုက်လေအေ့ ..... မေးနေတာကို"

ဒေါ်မြခင် စိတ်မရှည် ဟန်ဖြင့် သဒ္ဒါဖြူကို ခပ်ငေါက်ငေါက် လေသံဖြင့် ပြောလိုက်သည်။

"သဒ္ဒါ .... သဒ္ဒါ ..... ဒီ ဦးတို့ ဒေါ်ဒေါ်တို့ရဲ့ မွေးစားသမီး ဖြစ်ချင်ပါတယ် အမေ"

ဒေါ်မြခင်၏ မျက်နှာ ချာခနဲ တစ်ဘက်သို့ လှည့်သွားတယ်။

"သမီးလေးရယ် ......."

ရင်တထိတ်ထိတ်နှင့် ဖြစ်နေသော ဒေါ်သစ္စာမှာ လည်း ဝမ်းမြောက်ဝမ်းသာခြင်း အထွတ်အထိပ်သို့ ရောက်ရှိသွားကာ သဒ္ဒါဖြူ၏ လက်ကလေးကို လှမ်းဆွဲ၍ အုပ်မိုးဆုပ်ကိုင်ထားလိုက်၏ ။

မျက်ဝန်းနှစ် ဘက်တွင် အရောင် တွေ လင်းလက်သွားသူ ကတော့ ဟိန်း။

"ကဲ ... မမြခင်၊ သမီးကလေး သူ့ ဆန္ဒကို ပြောပြီဗျ"

"ပြောလဲ ခေါ်သွားပေ့တော် ၊ တစ်သက်လုံး ကျွေးမွေးလာတဲ့ ကိုယ့်ကို မခင်တွယ်လို့ သွားတဲ့ ဥစ္စာပဲ"

"အမေရယ် ဒီလိုမပြောပါနဲ့ ၊ သမီး အမေ့ကိုမခင်တွယ်ဘဲ ရှိပါ့မလား။ သမီးဘဝမှာ အမေပဲ ရှိတာပါ။ တစ်နေ့ သမီးကောင်းစားလာရင် အမေ့ကို သမီး ဒို့ထက်ကြည့်ရှုနိုင်မှာ ပါ၊ အမေ့ကျေးဇူးတွေ ကို ပိုဆပ်နိုင်မှာ ပါ အမေရယ်"

သဒ္ဒါဖြူသည် အမေ့ပေါင်ပေါ်တွင် ခေါင်းကလေး ထိုးအပ်ကာ ရှိုက်သံ ညင်ညင်ကလေးဖြင့် ပြောနေရှာသည်။

"ဟုတ်သားပဲ မမြခင်ကလဲ၊ ကလေး စိတ်မချမ်းသာ ဖြစ်မယ့် စကားမျိုး မပြောပါနဲ့ဗျာ။ ခင်ဗျား အတွက်တစ်ဘက်က အလိုက်အလျောကြီး လိုက်လျော ပြီးနေပြီပဲ၊ ခင်ဗျား ခုလက်ရှိအခြေအနေနဲ့ ဘာမှမဆိုင်အောင် နေရမှာ ကို စဉ်းစားပြောပေ့ဗျာ"

"ဟုတ်ပါတယ် လိုလေသေး မရှိအောင် ကျွန်မတို့က ဒေါ်မြခင်ကိုထောက်ပံ့မှာ ပါ၊ သမီးလေး သဒ္ဒါဖြူကိုလဲ မကြာခဏ တွေ့ဖို့ ဒီကိုလွှတ်ပေးမှာ ပါရှင်"

"ကဲ ... ကဲ ... ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ဒီကလဲ ဒီကို လွှတ်လွှတ်ပေးပါလို့ ပြောမလို့ပါ"

ငေါ့တူးတူး မျက်နှာဖြင့် ဒေါ်မြခင်က ပြောလိုက်သော်လည်း ကျန်လူ အားလုံး၏ မျက်နှာမှာ မှုံရသည့်သို့ ပြုံး လာကြ၏ ။

ဒေါ်သစ္စာသည် သူ့ လက်ပွေ့အိတ်ကြီးကိုဖွင့်ပြီး ငွေစက္ကူတစ်ထပ်ကို ထုတ်ယူလိုက်သည်။

"ဒီငွေတစ်ထောင်ကို လောလောဆယ် သုံးစွဲဖို့ ယူထားပါ ဒေါ်မြခင်၊ လကုန်တော့ ကျွန်မ ထပ်ပို့ ပေးပါဦးမယ်၊ ဒီကြားထဲမှာ လဲ သမားတော် ကြီးနဲ့ပြဖို့ အမြန်ဆုံး စီစဉ်လိုက်ပါ့မယ်"

ဒေါ်မြခင်သည် သူ့ရှေ့က ပိုက်ဆံ တစ်ထပ်ကြီးကို ကြည့်ပြီး သူ့ကို မျက်ရည်တွေ ရစ်ဝဲနေသော မျက်လုံးတို့ဖြင့် ကြည့်နေသူ သဒ္ဒါဖြူအား ကြည့်လိုက်သည်။

"အမေ ....."

"ညည်း ပစ္စည်းတွေ သွားသိမ်းချည်လေ"

"ဟုတ်ကဲ့ အမေ"

"သမီး သဒ္ဒါဖြူ ဘာမှ မယူဘဲလိုက်ခဲ့ပါ၊ သမီး အတွက် အိမ်မှာ အားလုံး အဆင်သင့် ရှိနေပါတယ်"

"ရှင် ... ဒေါ်ဒေါ်"

သဒ္ဒါဖြူသည် ဒေါ်သစ္စာကို အံ့အားသင့်စွာ ချာခနဲ လှည့်ကြည့်လိုက်သည်။

"ဒီလိုပါ ဒီက သမီးလေး သဒ္ဒါဖြူနဲ့ တစ်ရွယ်တည်း သမီးလေး တစ်ယောက်

ဒေါ်ဒေါ်တို့မှာ ရှိခဲ့ဖူးပါတယ်။ အဲဒီ သမီးကလေး ဆုံးသွားတာ အခါလည်ကျော်ကျော်ကလေးပဲ ရှိသေးတော့ သမီးရဲ့ အသုံးအဆောင် အဝတ်အထည် ပစ္စည်းတွေ ဒေါ်ဒေါ်တို့အိမ်မှာ အများကြီး ရှိနေပါတယ်ကွယ်၊ ပြီးတော့လေ သမီးလေးက ဟောဒီက သမီး သဒ္ဒါဖြူနဲ့ ကိုယ်လုံးကိုယ်ထည်ရော၊ ရုပ်ရည်ရောပါ တော် တော် ဆင်တယ်၊ ဆိုစရာ ..... သမီးလေး ရတနာလှိုင်က ခေတ်ဆန်တယ် တစ်ခုပဲ ကွဲပြားတယ်၊ ဟောဒီမှာ ဓာတ်ပုံကလေး ကြည့်ပါဦး”

သူ့လက်ပွေ့ အိတ်ကြီးထဲက ဓာတ်ပုံတစ်ပုံကို ဒေါ်သစ္စာက ထုတ်ပြလိုက်သည်။

ကြက်တောင်ရိုက် ကက်တန်ကလေးကို ဟန်ကျကျကိုင်၍ ရှော့ပင်နှင့် တီရှပ်ကို ဝတ်ဆင်ထားသော မိန်းမလှကလေးတစ်ဦး ရုတ်တရက် ကြည့်လိုက်လျှင် ထိုမိန်းကလေးသည် သဒ္ဒါမှ သဒ္ဒါဟု ထင်ရ၏ ။

သို့သော် အသေအချာ ကြည့်မည် ဆိုလျှင် ထင်ရှားမည် နက်နေသော မှည့်တစ်လုံးက မိန်းမချောကလေး၏ မေးဖျားတွင် ရှိနေ၏ ။

သဒ္ဒါဖြူ၏ မျက်နှာတွင် တော့ မှဲ့ခြောက်၊ မှဲ့နီ၊ မှဲ့နက် ဘာဆို ဘာမှမရှိဘဲ သန့်စင်လွန်းစွာ လှပနေ၏ ။

“သူလေးက ဘာ ဖြစ်လို့ ဆုံးသွားတာလဲဗျာ”

“ဒီလိုပါ အရပ်လူကြီးရယ်၊ သူငယ်ချင်းတွေ နဲ့ ပျော်ပွဲစားထွက်ရင်း၊ အင်းလျားမှာ လှေမှော က်ပြီး ဆုံးသွားခဲ့တာပါဗျာ၊ သမီးလေးအ ဖြစ်က ဆိုးပါတယ်”

“ ဖြစ်မှ ဖြစ်ရလေဗျာ”

“ဟုတ်ပါတယ် ရှင်၊ သမီးလေးအ ဖြစ်က မေ့နိုင်စရာ မရှိပါဘူး။ ဒါကြောင့် ဒီ သမီးကလေးကို မြေနီကုန်း ဈေးထဲမှာ မြင်လိုက်ကတည်းက သမီးလေး ရတနာ ကိုယ်စားမွေးစားရရင် ကောင်းမှာ ပဲလို့ ခဏခဏ စဉ်းစားနေမိတယ်၊ ခုတော့ ဆန္ဒတွေ ပြည့်ရပြီပေါ့ရှင်”

“ခင်ဗျားတို့လဲ ဆန္ဒပြည့်၊ ကျုပ်တို့လဲ ဝမ်းပန်းတသာ ဖြစ်ရပြီ ပေါ့ဗျာ။

ဒီကလေးမလေးမှာ ထက်မြက်တဲ့အရည်အသွေးတွေ ရှိတယ်ဆိုတာ ကျုပ်တို့ ရပ်ကွက်က လူတွေ က သိနေကြပါတယ်၊ အရောင် တင်ပေးမယ့်လူ ပေါ်လာတော့ အားလုံး ဝမ်းသာရပြီပေါ့ဗျာ။ ကဲ … သမီးလေး မသဒ္ဒါလဲ ဟောဒီက မိခင်ကြီးနဲ့ ဖခင်ကြီးရဲ့ အဆုံးအမကို တဝေမသိမ်း နာခံပြီး လူရှေ့ ဘုရားရှေ့ မျက်နှာရတဲ့ သမီးကောင်းကလေး တစ်ယောက် ဖြစ်လာအောင် ကြိုး စားပြနော်”

“ဟုတ်ကဲ့ပါ ဦးလေးဖေ”

“ကဲ … စာချုပ် လက်မှတ်ထိုးရအောင်”

အသင့် ယူဆောင်လာသော စာချုပ်ပေါ်တွင် သဒ္ဒါဖြူကို တရားဝင် အမွေစား အမွေခံသမီး အ ဖြစ် မွေးစားကြောင်း လက်မှတ် ထိုးလိုက်ကြသည်။

ဒေါ်မြခင် သာသာကြည်ကြည်ပင် လက်မှတ်ထိုးလိုက်၏ ။

“သဒ္ဒါ အမေနဲ့ ဦးလေးတို့ကို ကန်တော့ခဲ့ပါတယ်”

သဒ္ဒါဖြူသည် ကျုံ့ ကျုံ့ ကလေး ထိုင်လိုက်ပြီး သူ့မွေးစား မိခင်ကြီး ဒေါ်မြခင်ကို အလျင် ကန်တော့လိုက်သည်။

ထို့နောက်မှ ရပ်မိရပ်ဖများ ဖြစ်ကြသော ဦးလူဖေနှင့် အတွင်း ရေး မှူး ဦးလှသော င်းကို ကန်တော့လိုက်သည်။

“ညည်း လိုရာဆန္ဒတွေ ပြည့်ပါစေအေ”

ဒေါ်မြခင် တိုတိုတုတ်တုတ်ပင် ဆုခြွေလိုက်သည်။

ရပ်မိရပ်ဖနှစ် ဦး ကတော့ သဒ္ဒါဖြူအတွက် ရှည်လျာသော ဆုများ ခြွေပေးနေ၏ ။

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေလို့ ပြောလိုက်လေ သမီး”

ဒေါ်သစ္စာက မျက်နှာကလေး အလွန် ကြည်နေပြီး ၊ မျက်ဝန်းနှစ် ဘက်တွင် မျက်ရည်တွေ ကတော့ ရစ်ဝဲနေသော သဒ္ဒါဖြူကို ပြုံး ပြုံး ကြီး ပြည့်ပါစေ”

“ပေး … ပေးတဲ့ ဆုနဲ့ ပြည့်ပါစေ”

သဒ္ဒါဖြူသည် မျက်ရည်တစ်ပေါက် ဖြိုက်ခနဲ ကျသွားပြီး ထိုင်နေရာမှ ထကာ အိပ်ခန်းထဲသို့ အပြေးကလေး ဝင်သွားသည်။

“ဘာ ဖြစ်တာပါလိမ့်” ဟု အားလုံးက စိုးထင့်စွာ စုပြုံကြည့်နေမိလိုက်ကြသည်။

မကြာမီ .....

သဒ္ဒါဖြူသည် ရှမ်းလွယ်အိတ်တစ်လုံးကို ပခုံးတွင် လွယ်ပြီး အိပ်ခန်းထဲက ပြန်ထွက်လာသည်ကို တွေ့ကြရမှ အားလုံး ပြုံး ပျော်သွားကြတော့သည်။

“ကဲ … ကျွန်မတို့ ပြန်ကြရအောင်နော်၊ သမီး … သမီး အမေကို နှုတ်ဆက်လိုက်”

“အမေ မသဒ္ဒါတို့ သွားမယ်”

“သွား … သွား …. ငါ့ဆီလဲ လာခဲ့ဦးနော်”

တစ်ဆို့ သံကြီးဖြင့် ဒေါ်မြခင်က ပြောလိုက်သည်။

“မသဒ္ဒါ လာမှာ ပါ အမေ”

ဒေါ်သစ္စာသည် သဒ္ဒါဖြူ၏ လက်ကို ဆွဲပြီး ကားနောက်ခန်းတွင် အတူ ဝင်ထိုင်လိုက်သည်။

ခင်ပွန်းသည် ဦးဝေလှိုင် ကတော့ ကားခေါင်းခန်းတွင် ဟိန်းနှင့် အတူ ထိုင်လိုက်သည်။

ဦးဝေလှိုင်တို့ ဇနီးမောင်နှံနှင့် ဟိန်း၏ မျက်နှာသည် ပြုံးရွှင်ကြည်လင် နေကြ၏ ။

သဒ္ဒါဖြူကတော့ ဘဝတွင် ဖြစ်ချင်တာတွေ ဖြစ်ရပါစေ့မယ်ဟု ကတိတွေ ရ၍ လိုက်လာမိသော်လည်း လူစိမ်းတွေ ကြား ရောက်နေရသဖြင့် စိုးရွံ့ထိတ်လန့် စိတ်တွေ မကင်းနိုင်ဘဲ ဖြစ်နေသည်။

“ဟယ် သမီး လက်ဖျားလေးတွေ အေးစက်လို့ပါလား”

ဒေါ်သစ္စာက သဒ္ဒါဖြူ၏ လက်ကို သူ့ ပေါင်ပေါ်တင်၍ ဆုပ်ကိုင်လားရင်း ပြောလိုက်သည်။

သဒ္ဒါဖြူသည် ခေါင်းငုံ့ထားနေ၏ ။

“သမီး ဘာ ဖြစ်နေသလဲ၊ အမေ့ကို ခွဲခဲ့ရလို့လား”

“မ .... မဟုတ်ပါဘူး”

“ဒါဖြင့် ဒေါ်ဒေါ်တို့ကို မျက်နှာစိမ်းလို့ ကြောက်နေတာလား”

သဒ္ဒါဖြူဆိတ်ဆိတ်သာ နေနေ၏ ။

“သမီးရယ် ... မြတ်နိုးခင်တွယ်လွန်းလို့ သမီးကို ဒေါ်ဒေါ်တို့က အတင်းတောင်းလာခဲ့ကြတာပါ၊ သမီးကို ဘာဒုက္ခမှ မပေးဘူးဆိုတာ ယုံပါကွယ်၊ နောက်တော့ သမီး ဒေါ်ဒေါ်တို့ရဲ့ စေတနာတွေ မေတ္တာတွေ ကို အချိန်က ပြောပြလို့ နားလည်မှာ ပါကွယ်”

ဒေါ်သစ္စာသည် သဒ္ဒါဖြူပခုံးလုံးလုံးကလေးကို ကြင်နာ မြတ်နိုးစွာ ဖက်ထား လိုက်တော့သည်။

*

# အခန်း (၄)

တစ်သက်လုံး တစ်ရာပြည့်သော ကိုယ်ပိုင်ငွေကို အနိုင်နိုင်ကိုင်ဖူးခဲ့သော ဒေါ်မြခင်သည် သူ့ရှေ့က ငွေစက္ကူထပ်ကြီးကို လူများ တွေ ဆင်းသွားသည်နှင့် တစ်ပြိုင်နက် ဖြုတ်ခနဲ ကောက်ကိုင်လိုက်သည်။

သူ့ လက်ဖျားတုန်ယင်နေသည်။

"မမြခင် ...."

"ဟင် ...."

ငွေတွေ ကို လက်နှစ် ဘက်ဖြင့် ဆုပ်ကိုင်ထားနေသော ဒေါ်မြခင်သည် အိမ်ပေါ်သို့ ရောက်လာ၍ ခေါ်လိုက်သံကိုကြားရသော အခါ တုန်လှုပ်စွာ ဖြင့် ကြည့်လိုက်သည်။

"လန့်လိုက်တာ မကြီးတင်ရယ် အသံမပေး ဘာ မပေးနဲ့"

"အောင်မယ်တော် ..... ကျုပ် ခိုးကြောင့် ခိုးဝှက် တက်လာတာ မဟုတ်ပါဘူး။ ခါတိုင်းလိုပဲ လာတာပါ၊ ရှင်က သာ ငွေတွေ တစ်ထောင်ကြီးကို ကိုင်ပြီး ဘာတွေ ဘဝင်ကျနေသလဲ မသိပေါင်တော် "

ဒေါ်ကြီးတင်သည် ဒေါ်မြခင်နှင့် မနီးမဝေးတွင် ထိုင်လိုက်သည်။

ဒေါ်မြခင်သည် သူ့လက်ထဲက ငွေစက္ကူထပ်ကြီးကို သူ့ ခေါင်းအုံးအောက်သို့ ထိုးထည့်လိုက်သည်။

"ဘယ်လောက် ပေးသွားသလဲ ဟင်"

"မသိပါဘူးအေ ..... တစ်ထောင် ဆိုလားပဲ"

မပြောလို ပြောလိုဟန်ဖြင့် ဒေါ်မြခင်က ပြောလိုက်သည်။

"ရှင်ရော၊ သဒ္ဒါဖြူကလေးကော သိပ် ကံကောင်းကြပါတယ်၊ သူတော် ကောင်းနဲ့ တွေ့ကြရတာ ကျွန်မတို့အားလုံးက သဒ္ဒါဖြူကလေး အတွက် ဝမ်းသာ နေကြတာ"

"ပိုက်ဆံရတာ တော့ ဟုတ်ပါတယ်အေ့ ... ဒါပေမယ့် မိသဒ္ဒါမရှိတော့ ငါ့လက်ရုံး ပြုတ်သလို ဖြစ်ရော၊ ငါက ရောဂါ ထရင် အသက်တောင် အလုအယက် ရှူနေရတာ ဆိုတော့ ထပြုချက်ပြုတ် စားဖို့ မလွယ်ဘူး မကြီးတင်ရဲ့ ညည်းလဲ ငါ့ အကြောင်းကို သိပါတယ် အေ"

"လောကမှာ ပိုက်ဆံရှိဖို့သာ အဓိကပါ ဒေါ်မြခင်ရယ်၊ ငွေရှိရင် ဘာမဆို အဆင်ပြေနိုင်တာပဲ ဥစ္စာ၊ ရှင့်မှာ ငွေက ပြတ်တော့မှာ မှ မဟုတ်တာ၊ ပြီးတော့ သမားကောင်းတွေ နဲ့ ရှင့် ရောဂါ ကို ကုပေးမယ်ဆိုတော့ ရှင် လူကောင်း ဖြစ်လာမှာ ပါ။ အိမ်နားမှာ ကျွန်မတို့လဲ ရှိနေတာတာ အားငယ်စရာ ရှိတာမှတ်လို့ ......"

"ဟုတ်ပါတယ်အေ၊ ညည်း ... တို့ကိုပဲ ငါအားကိုးရတော့မှာ ၊ ဒီလို လုပ်အေ၊ ညည်း အိမ်မှာ လူများ တယ် မဟုတ်လား၊ ဖိုးပါလေးကို ငါ့ဆီ ညည လာအိပ်ခိုင်းပါလား၊ ငါ ... မုန့်ဖိုး ပေးမှာ ပေါ့"

"ရပါတယ်၊ ပေးပေး မပေးပေးပါ၊ အိမ်နီးနားချင်း ကောင်းဆိုတာ တစ်ဦးဒုက္ခရောက်ရင် တစ်ဦးက ကူညီရမယ့် ဝတ္တရား ရှိပါတယ်၊ ဒါနဲ့ ဟိုသတ္တဝါကလေးကျော်မိုးနိုင်ကိစ္စ ဘယ်လို ရှင်းမလဲ"

"ကျွန်မတော့ သဒ္ဒါဖြူကလေးကို အနှောင့် အယှက် လိုက်လုပ်မှာ ပဲ ကြောက်တယ်"

"ငါလဲ အဲဒါ တစ်ချက် စဉ်းစားမိတယ်၊ ဒီကောင်က ဉာဏ်ကြီးတဲ့ ကောင်စားမျိုး ၊ သူက မိသဒ္ဒါကို အသေရရ အရှင်ရရ လိုချင်နေတာ ....

"သူက လူကောင်းမှ မဟုတ်ဘဲ သူ့အကြောင်းလဲ သိသင့်သလောက် သိပါတယ်လေ"

"ဟုတ်ပါတယ်အေ့ ... ဒါပေမယ့် အစ တုန်း ကတော့ ဒီကောင်က မိသဒ္ဒါကို

သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းပါ့မယ်လို့ ငါ့ကို အလီအလီအထပ်ထပ် ကတိတွေ ပေးပြီး တောင်းခဲ့တာ ညည်း စဉ်းစားကြည့်လေ၊ တို့ အဆင့်နဲ့ဆိုရင် ကျော်မိုးနိုင်က မိုးပေါ်က ကျလာတဲ့ သိကြားမင်းပဲကိုး။ ဒီတော့ မိသဒ္ဒါ ရှေ့ရေး အတွက် စိတ်ချရအောင် ငါ ကိုယ်တိုင်က သဘော တူခဲ့တယ်လေ၊ ဒါပေမယ့် ခုတော့ သဒ္ဒါက အဆင့်အတန်းမြင့်မြင့် ဘဝကို ရောက်မှာ ဆိုတော့ သူ့ဘဝအတွက် လက်တွဲ ရမယ့် လူက ကျော်မိုးနိုင်ထက် သာမှာ ပဲ၊ ဒါကို စဉ်းစားရမှာ ပေါ့”

“အင်း ... မမြခင် ဒီလောက်မှ စဉ်းစား မိရဲ့ လားလို့တော် .....”

“အောင်မယ် မကြီးတင်ရယ်၊ ညည်းတို့က မိသဒ္ဒါကို ခုမှ တွေ့ရမြင်ရတဲ့လူတွေ ပါ၊ ငါက မိသဒ္ဒါကို အူဝဲဆိုကတည်းက မွေးခဲ့ရ ခင်ခဲ့ရတဲ့ လူပါအေ၊ ကောင်းစားတာ ဘယ်မမြင်ချင်ဘဲ ရှိပါ့မလဲ၊ မလွှဲသာလို့သာပေါ့အေ့ .....”

“အင်း ..... ဒီကလေးမ အမျာလဲ သနားစရာ နော်၊ သူ့ ဆွေရယ်မျိုး ရယ်လို့ တစ်ဦး တစ်ယောက် မှ ဒေါ်မြခင် မသိခဲ့ဘူးလားဟင်”

“မသိပါဘူး”

ဒေါ်မြခင်က သဒ္ဒါဖြူအကြောင်းမေးလာလျှင် ထုံးစံအတိုင်း စကားကို အတိုဆုံးဖြင့် ဖြတ်ပစ်တတ်၏ ။

“ဘာကြောင့် များ ပါ့လိမ့် ......”

“ဘာအကြောင်းတွေ များ ရှိနေပါလိမ့်ဟု ....”

ဒေါ်ကြီးတင်အတွက် စဉ်းစားစရာတွေ ဖြစ်နေချိန် မော်တော် ဆိုင်ကယ်စက်စံကို ကြားလိုက်ရသည်။

အလွန် ရင်းနှီးနေသော စက်သံတစ်ခု ....

“ကျေးရူးရှင်တော့ လာနေပြီ ဒေါ်မြခင် ”

ဒေါ်ကြီးတင်က လမ်းတစ်ဘက်သို့ လှမ်းကြည့်ရင်း ပြောလိုက်သည်။

“လာပေမပေါ့၊ ဒီနေ့မှ မိသဒ္ဒါ ဈေးရောင်း မထွက် ဖြစ်တာကိုး၊ ဒီကောင်က မိသဒ္ဒါ အရိပ်အခြည်ကို အမြဲကြည့်နေတာတဲ့ ကောင်ပဲ”

“ကျွန်မ သွားမယ်”

ဒေါ်ကြီးတင်သည် အိမ်ရှေ့တွင် ကျော်မိုးနိုင်၏ ဆိုင်ကယ် ထိုးဆိုက်လာသဖြင့် ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်သည်။

စကားအပြောအဆို မောက်မာလွန်းသော ကျော်မိုးနိုင်နှင့် စကားပြောဖို့ ဝေးစွ မျက်နှာချင်းပင် တတ်နိုင်လျှင် မဆိုင်လိုသော ဒေါ်ကြီးတင်သည် ကိုယ့်အိမ် ကိုယ်ပြန်ရန်သာ ဆုံးဖြတ်လိုက်တော့သည်။

“အေး ... အေး ... နောက်မှ လာခဲ့”

ကျော်မိုးနိုင်သည် လေ့ကားအဆင်းအတက်တွင် သူ့ကို ဝက်တိုက်လုမတတ် တက်ခဲ့သော်လည်း ဒေါ်ကြီးတင်ကို အရေး အရာလုပ်၍ စကားတစ်ခွန်းမျှ ပြောခြင်း မရှိခဲ့ပါချေ။

“ကောင်းပါ့တော် ....၊ သူစကားပြောနေရင် ကိုယ်ကလဲ မလွှဲမကင်းသာ ပြန်ပြောနေရဦးမှာ ”

ဒေါ်ကြီးတင်သည် ထဘီစကလေး မကာ တစ်ဘက်ခြံတွင် ရှိနေသော သူ့ အိမ်ဆီသို့ သုတ်သုတ်လေး ထွက်သွား၏ ။

“မသဒ္ဒါကော ... မသဒ္ဒါ၊ ဘာ ဖြစ်လို့ ဈေးမထွက်တာလဲ ဒေါ်မြခင်”

“အဒေါ် ညက သိပ်နေမကောင်းလို့ မသဒ္ဒါလဲ တစ်ညလုံး အိပ်ရေး ပျက်တယ်လေ ဈေးဘယ်ထွက်နိုင်မလဲကွယ်”

“ဒါဖြင့် တစ်နေ့စာ ဝင်ငွေပြတ်ပြန်ပြီပေါ့၊ ကောင်းဗျာ”

ဒေါ်မြခင်က သူ့ ခေါင်းအုံးအောက်မှ ငွေစက္ကူများ ကို ထုတ်ယူလိုက်သည်။

ကျော်မိုးနိုင်သည် အသစ်ကျပ်ချွတ် ငွေစက္ကူတစ်ထုပ်ကို ဒေါ်မြခင်၏ လက်ထဲတွင် မမြင်စဖူး မြင်တွေ့လိုက်ရသော အခါ အံ့အားသင့်သွားပြီး ငွေတွေ ဆီက မျက်စိမခွာနိုင်အောင် ဖြစ်နေ၏ ။

"ဒီမှာ မောင်ကျော်မိုးနိုင် ဒါ မနေ့က မင်း ပေးသွားတဲ့ ပိုက်ဆံ၊ ဒါ ကတော့ မင်းဆီက မိသဒ္ဒါ အရင်းအနှီးအ ဖြစ် ချေးထားတဲ့ ငွေနဲ့ အတိုး"

"နေစမ်းပါဦး၊ ခင်ဗျားကြီးဆီက ဘယ်သူက ဒီပိုက်ဆံတွေ လာတောင်းနေလို့လဲ"

"မတောင်းလဲ ပေးရမှာ ပဲ မောင်ကျော်မိုးနိုင်၊ မိသဒ္ဒါက ဘယ်တော့မှ ဈေးရောင်းတော့မှာ မဟုတ်တော့လို့ ....."

"ဘာဗျာ ... သူ ဘာကြီးကျယ်တာလဲ၊ ဘာ အားကိုး တွေ့နေသလဲ၊ လင်းစမ်းပါဦး"

"ရော့ ... မင်း ဘာသာ မင်းပဲ ဒီစာချုပ်ကို ဖတ်ကြည့်"

ကျော်မိုးနိုင်သည် စာချုပ်ကို ဆတ်ခနဲ ဆွဲယူပြီး ဖြန့်ဖတ်လိုက်သည်။

စာချုပ် အဆုံးတွင် သူ့ မျက်နှာကြီးသည် မည်းညစ်၍ မေးကြောကြီးများ တင်းမာနေ၏ ။

"ဪ .... သူဌေးက မွေးစားမယ် ဆိုတာနဲ့ ခင်ဗျား ကလဲ ရက်ရက်ရောရောကြီး ပေးပစ်လိုက်တာပဲလား၊ ဟင် ဒေါ်မြခင်"

"ဒါ ကတော့ အဒေါ်ကိုလဲ ထောက်ပံ့မယ်၊ သူ့ ရှေ့ရေး အတွက် ပညာတွေ ဘာတွေ လဲ ဆက်သင်ပေးမယ်လို့ ဝိုင်း ဖျောင်းဖျကြတော့ ...."

"တော် .... တော် ဗျာ ... တောက်၊ ဒီလို လုပ်သွားတာနဲ့ ကျော်မိုးနိုင် လက်ပိုက်ကြည့်နေလိုက် မယ်လို့ ထင်သလား၊ ကျုပ်က သူ့ကို လက်ထပ်ဖို့ စဉ်းစားထားပြီးသား၊ ဒီကိစ္စကို ကျုပ် လွယ်လွယ်နဲ့ အလျှော့ပေးမယ် မှတ်သလား။ ဒီငွေလောက် ကတော့ ကျုပ်က ဒါပဲ ထင်တယ်"

ကျော်မိုးနိုင်သည် ဒေါ်မြခင်၏ လက်ထဲက ငွေတွေ ကို ဆတ်ခနဲ ဆွဲယူပြီး

ကြမ်းပေါ်ချကာ ခြေဖြင့် ခတ်ပစ်လိုက်သည်။

ဒေါ်မြခင်၏ ကျိုး တိုးကျဲတဲ ကြမ်းခင်းပေါ်တွင် ငွေစက္ကူများ ကျဲပြန့်သွားတော့သည်။

"ဒီမှာ ဒေါ်မြခင်၊ ခင်ဗျားကြီး မထူးသာရဲ့ ငွေတွေ ကို ချေပြီး မပေးနိုင်လို့ ရုံးရောက်ရဲရောက်၊ ရောက်မယ့် ဘေးက ကျုပ် ကယ်တင်ထားတယ်နော်၊ ဒီကျေးဇူးခင်ဗျား မေ့မပစ်နဲ့၊ ခင်ဗျား ပါးစပ်ကြီးကလဲ ကျုပ်ကို သဒ္ဒါနဲ့ ပေးစားပါ့မယ်လို့ အထပ်ထပ် ပြောထားတာ၊ ဒါပဲ ကျုပ် သိတယ်"

ကျော်မိုးနိုင်သည် သူပြောချင်ရာပြောပြီး အိမ်ပေါ်က ခြေဆောင့်နင်း၍ ပြန်ဆင်းသွားသဖြင့် ခနော်ခနဲ့ ကျားကန်ထားရသော ဒေါ်မြခင်၏ အိမ်ကလေးမှာ လှုပ်လှုပ်သည်သို့ သွက်သွက်ခါ၍ ကျန်ရစ်တော့သည်။

"အင်း … ဒုက္ခ ဒုက္ခ …. မြွေပွေးမှ ခါးပိုက် ပိုက်မိလျက်သား ဖြစ်နေတဲ့ ငါ့တင်ပါလား"

ဒေါ်မြခင်သည် စိတ်ပျက်အားလျော့စွာ ပါးစပ်က တီးတိုးရေရွတ်ရင်း ကျဲပြန့်နေသော ငွေစက္ကူများ ကို လိုက်လံကောက်ယူနေ၏ ။

*

ကြီးမားကျယ်ဝန်းသော ခြံကျယ်ကြီးထဲသို့ ကားကလေး ကွေ့ဝင်လိုက်ပြီး လှပခံ့ညားသော တစ်ထပ်ခွဲ တိုက်ဆီသို့ ဦးတည် သွားနေသည်ကို သဒ္ဒါဖြူသည် အိပ်မက် ကမ္ဘာထဲ ရောက်နေသူ တစ်ဦးကဲ့သို့ လိုက်ပါလာနေ၏ ။

ဆင်ဝင်အောက်တွင် ကားကလေး ရပ်သွားသည့်တိုင် သဒ္ဒါဖြူမှာ မလှုပ်မရှား နိုင်သေးဘဲ ရှိနေ၏ ။

"သမီး ... သဒ္ဒါဖြူ ဆင်းလေ ... ဒါ ဒေါ်ဒေါ် တို့ အိမ်လေ၊ သမီး ဒီအိမ်မှာ နေရမှာ
"

"မသဒ္ဒါ .... မသဒ္ဒါ ဒီမှာ နေရမှာ ဟုတ်လား"

"ဟုတ်တယ်လေ ... သမီးရဲ့ ၊ ဘာ ဖြစ်လို့လဲ"

"အို .... အိမ် ... အိမ်ကြီးက လှလိုက်တာ၊ ခြံကြီးကလဲ တအားလှတာပဲ၊ ပန်းပင်တွေ စုံနေတာပဲ နော်"

"သမီး သဒ္ဒါ၊ ပန်းကြိုက် သလား"

"မသဒ္ဒါ ... ပန်း .. ပန်း သိပ်ကြိုက်တာပဲ၊ နှင်းဆီဆိုရင် ပိုကြိုက်တယ်"

"အို ... ဒီခြံထဲမှာ နှင်းဆီ ဆိုရင် မျိုး ကိုစုံနေတာပဲ၊ သမီး သဒ္ဒါလေး ကြိုက်ရင် နောက်ထပ် ပိုစုံအောင် ဝယ်စိုက်ပေးဦးမှာ ပေါ့၊ မဟုတ်ဘူးလား ကိုဝေလှိုင်"

"ဟုတ်ပါ့ဗျာ....."

စကားနည်းသော ဦးဝေလှိုင်က ဇနီးသည်၏ စကားကို ပို၍ လေးနက်စေလိုက်သည်။

ပခုံးတွင် လွယ်ထားသော လွယ်အိတ်ကလေးကို ရင်ခေါင်းတွင် တအား ပွေ့ပိုက်၍ သူ့ ပတ်ဝန်းကျင် တစ်ခုလုံးကို လိုက်ကြည့်နေသော မိန်းကလေး သဒ္ဒါဖြူကို ဒေါ်သစ္စာသည် အသာဆွဲ၍ အိမ်ထဲသို့ ခေါ်ခဲ့သည်။

ခြေနင်းရန် ခင်းထားသော ထိရက်စရာ၊ နင်းရက်စရာ မရှိသည့် အမွေးပွ ကော်ဇောကြီးက စပြီး၊ ဧည့်ခန်း တစ်ခုလုံးတွင် ပြင်ဆင် ခင်းကျင်းထားသော ပရိဘောဂ အသုံးအဆောင် အလှအပ ပစ္စည်းများ သည်လည်း သဒ္ဒါဖြူအတွက် မမြင်ဖူး မတွေ့ဖူးသော အရာများ သာ ဖြစ်နေ၏ ။

"ဩော် ... ချမ်းသာလိုက်ကြတာ၊ ဒီအသုံး အဆောင်၊ အဆောင် အယောင်တွေကို ငါ ဝတ္ထုထဲမှာ ပဲ ဖတ်ဖူးပါတယ်၊ ခုတော့ ငါလက်တွေ့ တွေ့ထိနေရပြီ အင်မတန်

ဆင်းရဲနိမ့်ကျတဲ့ ဘဝကနေ မိုးလောက်ထိ အဆင့်အတန်း မြင့်တဲ့ ဘဝ တစ်ခုထဲကို ငါ ရောက်လာတာ အိပ်မက် ဆန်းကြီး တစ်ခု မက်နေသလို ပါပဲလား"

"သမီး ၊ ထိုင်လေ ... ဘာတွေ စဉ်းစားနေတာလဲ"

"ဟို .... ဘာ ... ဘာမှ မဟုတ်ပါဘူးရှင်"

သဒ္ဒါဖြူသည် ဒေါ်သစ္စာ၏ နံဘေး နှစ် ယောက် ထိုင် ဆိုဖာ ကြီးတွင် တွဲ ၍ ထိုင်လိုက်သည်။

"ထိုင် ... ဟိန်း"

ဟိန်း ဆိုသူကလည်း တိုက်ပုံအကျီ အိတ်ထဲက ဆေးတံထုတ်လိုက်သော ဦးဝေလှိုင်၏ အနီးတွင် ထိုင်လိုက်သည်။

သူ့ကို မျက်တောင် မခတ် တစ်ချိန်လုံး လိုက်ကြည့်နေသော ဟိန်းကို သဒ္ဒါဖြူ သည် မျက်လွှာကလေး တစ်ချက် မရဲတရဲ ဖွင့်ကာ ကြည့်လိုက်သည်။

ကြည့်လေတိုင်း ဟိန်း၏ ရယ်မြူး ရွှန်းတောက်နေသော မျက်လုံးကြီးများ နှင့် သူ့ မျက်လုံး ဆုံတွေ့ကြရသည်သာ ဖြစ်၏ ။

သဒ္ဒါဖြူ၏ နှလုံးသားကလေး ထိတ်ခနဲနှုန်းတိုးမြင့်သွားရပြန်သည်။

"သူက ဘယ်သူပါလိမ့်၊ ဒီက ဦးတို့ ဒေါ်ဒေါ်တို့ရဲ့ အမျိုး အဆွေထဲကပဲလား၊ မိတ်ဆွေထဲကလား အင်း ... သူ ဘယ်သူပဲ ဖြစ် ဖြစ် သူ့ အကြည့် ကတော့ ရဲတင်း စူးရှလွန်းတယ်၊ ငါ ရင်ခုန်ခဲ့ရတာ အခါခါပဲ"

ဟိန်း၏ အကြည့် အရှုများ တွင် မနေတတ်မထိုင်တတ်သလို ဖြစ်နေသော သဒ္ဒါဖြူကို ကြည့်ပြီး ဒေါ်သစ္စာသည် တဟင်း ဟင်း အသံထွက်၍ ရယ်လိုက်ပြီးမှ .....

"ဟိန်းနဲ့ သမီးကလေးကို မိတ်ဆက်ပေးရဦးမယ်၊ ဟိန်း ကတော့ ဒေါ်ဒေါ်တို့နဲ့ တူလိုသားလို ရင်းနှီးနေကြတာ သမီးလေး ရတနာလှိုင် ရှိကတည်းကပဲ ဆိုပါတော့၊ ခုလဲ သူ့ အကူအညီကြောင့် သမီးကလေးကို ဒေါ်ဒေါ်တို့ ခုလို မွေးစားဖို့ ဖြစ်လာတာပေါ့၊ ဟိန်းကလေ

မနေ့က နေ့လည်ကတည်းက မြေနီ ရပ်ကွက်ထဲ သွားပြီး သမီးလေး သဒ္ဒါ အကြောင်းတွေ မေးမြန်းစုံစမ်းပြီး စုဆောင်းခဲ့တာ၊ သူ့ကို ဒေါ်ကြီးတင် ဆိုတဲ့ အမျိုး သမီးကြီး တစ်ယောက် က အတော် လေး ပြည့်စုံအောင် ပြောပြနိုင်ခဲ့တယ်”

“ဒေါ်ကြီးတင် .......”

“ဟုတ်တယ်ကွယ့် သမီးတို့ အိမ်နီးနားချင်း ဆိုတာသိခဲ့ရတယ်၊ ဟုတ်တယ် မဟုတ်လား”

“ဟုတ် ... ဟုတ်ပါတယ်၊ ဩော် ကြီးတင် ... ကြီးတင် သူက ဒီအကြောင်းတွေ သိထားလို့ ဒီမနက် ငါကောင်းစားတော့မယ်လို့ လာပြောနေတာကိုး၊ ဒေါ်ကြီးတင်က ငါ့အပေါ်မှာ စိတ်ကောင်း သိပ်ထားရှာတယ်၊ မသဒ္ဒါကောင်းစားရင် ဒေါ်ကြီးတင်ကို မမေ့ပါဘူးရှင်”

“အိမ်ဝယ်မလို့ ဘာလို့ ဆိုပြီးတွင် အိမ်တစ်လုံးတွေ့လို့ လုပ်ခဲ့တာ သဒ္ဒါဖြူ စိတ်မဆိုးနဲ့နော် တို့က သဒ္ဒါဖြူကို ရင်းရင်းနှီးနှီး နီးနီးကပ်ကပ် တွေ့ချင်လို့ လုပ်ရတာ ပါ”

“ဟုတ် .. ဟုတ်ကဲ့ မသဒ္ဒါ နားလည်ပါတယ် ရှင်”

“ခင်လုံရေ .....”

မနီးမဝေးတွင် ကွက်ကြည့်ကွက်ကြည့် လုပ်နေသော ခင်လုံ ကလေးသည် ဒေါ်သစ္စာ၏ နီးသို့ ရုတ်ခြည်း ရောက်ရှိလာသည်။

“မေမေကြီး ဘာခိုင်းမလို့လဲ”

“နင့်ကိုကိုလေးနဲ့ ဖေဖေကြီး အတွက် လိမ္မော်ရည်ဖျော်ခဲ့”

“ဟုတ်ကဲ့ ... မေမေကြီး”

“ဒီကလေးမလေး ကတော့ အိမ်မှာ လက်တို လက်တောင်း အဖော်လေ၊ နာမည် က ခင်လုံတဲ့”

"ဟုတ်ကဲ့..... ဒေါ်ဒေါ်"

"ဟဲ့ ... မင်းသမီးကို သူ့အခန်းလိုက်ပြ လိုက်ပါဦး"

"ပြမှာ ပါ ရှင် .... ရှင်ကလဲ လောလိုက်တာ ဆိုတာတအားပဲ"

ရွှင်ချို့ချိုမျက်နှာကြီးဖြင့် ဒေါ်သစ္စာသည် ခင်ပွန်းသည်ကို ပြောပြီး သဒ္ဒါဖြူ၏ လက်ကောက်ဝတ် ကလေးကို ဆုပ်ကိုင်လိုက်သည်။

"လာ ... သမီး၊ သမီး အတွက် အခန်းကို လိုက်ပြထားမယ် ....."

လှေကား လှလှကလေးမှ တစ်ဆင့် အပေါ်ထပ်တွင် ရှိနေသော အိမ်ခန်း တစ်ခုဆီသို့ ဒေါ်သစ္စာက သဒ္ဒါဖြူကို ခေါ်ခဲ့သည်။

"ဒီအခန်းပဲ၊ ဒါက ဒေါ်ဒေါ့် သမီးလေး ရတနာလှိုင်ရဲ့ အိပ်ခန်းပဲလေ၊ ဟောဒီက သမီး သဒ္ဒါဖြူကို ချစ်လွန်းလို့ ပေးတာ"

ဒေါ်သစ္စာက ပြောရင်း ပိတ်ထားသော တံခါးကို ဖွင့်လိုက်သည်။

အပို့ ခန်း တစ်ခန်း၏ ပီပြင်စွာ သော အသုံးအဆောင်ခုတင် မွေ့ရာ မှန်တင်ခုံ အစရှိသည်တို့ကို အဖိုးအတန်ဆုံး အလှပဆုံး အသေသပ်ဆုံး သဒ္ဒါဖြူတွေ့မြင်လိုက်ရသည်။

"လာ ... လာ၊ သမီး"

ကြင်နာ ယုယစွာ သူ့ လက်ကို ကိုင်ဆွဲ၍ ဒေါ်သစ္စာသည် ခုတင်းဆီသို့ ခေါ်ဆောင်လာပြီး ထိုင်စေလိုက်သည်။

ထို့နောက် ....

ခုတင်နှင့် မဝေးလှသော နေရာတွင် ရှိနေသော သော့တန်းလန်းနှင့် ဗီရိုဆီသို့ လျှောက်သွားပြီး ဗီရိုတံခါး နှစ် ချပ်ကို ဟင်းလင်း ပွင့်အောင် ဖွင့်လိုက်သည်။

အထူးထူး အထွေထွေ အဝတ်အထည် အသုံးအဆောင် ပစ္စည်းများ ကို အစီအရီ သဒ္ဒါဖြူတွေ့မြင်လိုက်ရသည်။

"ဟောဒီအထဲမှာ ဝတ်စရာ အစုံရှိတယ်၊ သမီး သန္တာ့အတွက် လိုလေသေးမရှိအောင် ဒေါ်ဒေါ် ညကတည်းက စီစဉ်ထားပေးတယ်၊ အဲ ... သမီးမှာ နောက်ထပ် လိုအပ်တာ ရှိရင်တော့ ပြော ဒေါ်ဒေါ် အချိန်မရွေး ဝယ်ပေးမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ် ...."

"သမီး သန္တာ ဒေါ်ဒေါ်တို့ အိမ်ကို လိုက်လာရတာ ပျော်ရဲ့ လား ဟင်"

ဒေါ်သစ္စာသည် သန္တာဖြူအနီးတွင် ထိုင်ချပြီး သန္တာဖြူ၏ လက်ကလေးကို ဆွဲယူဆုပ်ကိုင် မေးလိုက်သည်။

"သိပ် ... သိပ် ပျော်ပါတယ် ဒေါ်ဒေါ်၊ ဝမ်းသာလွန်းတာကို ဘယ်လိုထုတ်ဖော်ပြောရမှန်း မသန္တာ မသိတော့ပါဘူး။ မသန္တာလေ ... မသန္တာ ခုလို ခေါ်မွေးစားတဲ့ ဒေါ်ဒေါ် တို့ ဦးဦးတို့ကို ကျေးဇူး ဘယ်လို ဆပ်ရမှန်း တောင် မသိတော့ပါဘူး ဒေါ်ဒေါ်ရယ် ...."

"သမီးလေးရယ်၊ ကျေးဇူးဆပ်စရာ မလိုပါဘူး ဒေါ်ဒေါ်တို့ကို ချစ်ရင် ဒေါ်ဒေါ် တို့ကို မိဘသဖွယ် သဘောထားရင် ဒေါ်ဒေါ့်ကို မေမေလို့ ခေါ်လိုက်စမ်းပါ၊ ဒီလိုခေါ်သံ မကြားရတာ ကြာ.... ကြာလှနေလို့ပါကွယ် ....."

သန္တာဖြူလက်ကလေးကို သူ့ ရင်ခွင်တွင် ဖိကပ်၍ မျက်ရည်တွေ ရစ်ဝဲလာသော ဒေါ်သစ္စာကို ကြည့်ပြီး သန္တာဖြူသိပ်ကို သနားသွားမိခဲ့သည်။

ဆုံးရှုံးကွယ်ပျောက် သွားခဲ့ရရှာသော သမီးလေး ရတနာလှိုင်ကို ဒေါ်သစ္စာ တစ်ယောက် အမှတ်ရဝမ်းနည်းနေသည့် အ ဖြစ်ကိုလည်း သန္တာဖြူသတိ ပြုလိုက်မိသည်။

သန္တာဖြူကိုယ်တိုင်လည်း နူးညံ့သော အသည်းနှလုံးပိုင်ရှင်ကလေး ဖြစ်သည်မို့ ဒေါ်သစ္စာ၏ ရင်ခွင်တွင် သူ့ ဦးခေါင်းကလေးကို ထိုးကပ်ထားလိုက်မိသည်။

"မေမေရယ် ... မသန္တာ မေမေနဲ့ ဖေဖေကို ကိုယ့်မိဘအရင်းအချာလို ချစ်မြတ်နိုးသွားမှာ ပါရှင်၊ မသန္တာ ဘဝမှာ လူမှန်းသိစကတည်းက ငတ်နေတဲ့ မိနဲ့ဘ ဆိုတာကို

ဒီနေ့တော့ မသဒ္ဒါရလိုက် ပါပြီ မေမေရယ်”

“သမီး ... သမီးလေးရယ်”

ဒေါ်သစ္စာသည်။ သဒ္ဒါဖြူ၏ တစ်ကိုယ်လုံးကို သိမ်းကျုံး ၍ သူ့ ရင်ခွင်ထဲတွင် ဖက်တွယ် ထားလိုက်သည်။

ဝမ်းသာလွန်း၍ ကျလာသော သူ့ မျက်ရည်တွေ က သဒ္ဒါဖြူ၏ ကိုယ်ပေါ်သို့ တစ်ပေါက်ပေါက် ကျနေ၏ ။

“မေမေ စိတ်ချမ်းသာအောင် နေပါနော်”

“သဒ္ဒါဖြူလေ ... မေမေ တို့အတွက် လိမ္မာယဉ်ကျေးပြီး ကျေးဇူး သိတတ်တဲ့ သမီး တစ်ယောက် ဖြစ်အောင် အစွမ်းကုန် ကြိုး စားပါ့မယ်လို့ ဒီနေ့ ဒီအချိန် ကတည်းက ကတိပေးပါတယ် ၊ မေမေရယ်”

“လိမ္မာလိုက်တဲ့ သမီးလေးရယ်”

ဒေါ်သစ္စာက သဒ္ဒါဖြူ၏ နဖူးပြင် လုလုလေးကို နမ်းလိုက်သည်။

အကြင်နာ သဒ္ဒါကြီးလှသော အနမ်း၏ ထိတွေ့မှု က သဒ္ဒါဖြူ၏ တစ်ကိုယ်လုံးကို ပီတိ ဖြစ်၍ သိမ့်ငြိမ့်သွားစေသည်။

“မေမေကြီး၊ ကိုကိုလေး ဟိန်းက ပြန်တော့မယ်တဲ့”

“ဩော် ... အေးအေး ... လာပြီ .... လာပြီ၊ ခင်လုံလာ နင့် မမကြီးနဲ့ အဖော် ခဏနေလိုက်ဦး”

“ဟုတ်ကဲ့ ... မေမေကြီး”

ဒေါ်သစ္စာအောက်ထပ်သို့ ဆင်းသွားသည်။

“ညီမလေး နာမည် က ခင်လုံတဲ့လား”

“ဟုတ်ကဲ့ ....”

“ဒီမှာ နေတာ ကြာပြီလားဟင်”

“ခင်လုံ မေမေကြီးတို့ အိမ်ကို ရောက်တာ သုံးနှစ် ရှိပါပြီ ....”

“ခင်လုံ ကျောင်း မနေဘူးလား”

“ခင်လုံကို မေမေကြီးတို့က ကျောင်း ထားပေးပါတယ်၊ ဒါပေမယ့် နှစ် တန်းကို သုံးနှစ် လောက် ဆက်တိုက် ကျနေလို့ ကျောင်း ဆက်မထားတော့ဘူး”

“ခင်လုံက မကြိုး စားလို့လား စာတတ်တာ ကောင်းတာပေါ့”

“ကြိုး စားပါတယ်၊ ခင်လုံ ငယ်ငယ်က လိမ့်ကျပြီး ခေါင်းမှာ ဒဏ်ရာကြီးကြီးကျယ်ကျယ် ရသွားလို့ မှတ်ဉာဏ်မကောင်းတော့ဘူး မမရဲ့ ၊ အဲဒါကြောင့် ကျောင်း ထွက်ထားလိုက်ရတာ ပါ”

“ ဖြစ်မှ ဖြစ်ရလေ ညီမလေးရယ်”

စိတ်မကောင်း လှဟန်ဖြင့် သဒ္ဒါဖြူသည် သူ့ ရှေ့က မိန်မငယ်ကလေးကို ကြည့်လိုက်သည်။

“မမကြီးက ဒီအိမ်က ဆုံးသွားတဲ့ မမကြီးက ချောတယ်၊ အဟုတ် ပြောတာ”

သဒ္ဒါဖြူသည် မျက်နှာ မထားတတ်အောင် ဖြစ်သွားသည်။

“မမကြီးက မိုးလင်းတာနဲ့ မှန်တင်ခုံရှေ့မှာ အဝတ်အစား လှလှပပကြီးတွေ ဝတ်ပြီး အလှ ထိုင်ပြင်တတ်တာ၊ မြင်လိုက်ရင်လဲ သိပ် လှတာပဲ၊ ခင်လုံ ဆိုရင် မမကြီးကို အငေးလွန်မိလွန်းလို့ ခဏ ခဏ အဆူခံရတယ်၊ အဟင်း ... ဟင်း ဒီမမကြီးက ဆုံးသွားတဲ့ မမကြီးလို ပြင်လိုက် ဆင်လိုက်ရင် ကိုကိုလေးဟိန်းတော့ ဒီအိမ်ကနေ ပြန်တော့မှာ မဟုတ်တော့ဘူး”

“ဟယ် ... ဘာတွေ ပြောနေတာလဲ မေမေ ထက်လာလို့ ကြားသွားရင် ဒုက္ခ ....”

“မကြားပါဘူး၊ မကြားအောင် ခင်လုံက တိုးတိုးကလေး ပြောနေတာပါ မမကြီးရဲ့

”

“ဒါနဲ့ ကိုကိုလေး ဟိန်းက ဒီက မေမေတို့နဲ့ ဘာတော် လဲ ဟင် ... ခင်လုံ”

“ဘာမှ မတော် ဘူး၊ သမက် ဖြစ်ဖို့ သီသီလေး လွဲသွားတာ”

“ဘာ ... သမက် ဖြစ်ဖို့ လွဲသွားတာ ဟုတ်လား”

အံ့အား သင့်စွာ ဖြင့် သဒ္ဒါဖြူက မေးလိုက်သည်။

“ဟုတ်တယ် ... မမကြီးရဲ့ ချစ်သူက ကိုကိုလေး ဟိန်းလေ၊ မေမေကြီးတို့ ဘက်ကကော ကိုကိုလေးဟိန်းတို့ ဘက်ကကော သဘော တူထားကြတာ မမကြီး ဆုံးသွားတော့ ကိုကိုလေးဟိန်း ဆွေးသွားတာပေါ့”

“ဟယ် ... ဖြစ်မှ ဖြစ်ရလေ ဟယ်၊ သနားပါတယ်”

“ကိုကိုလေးဟိန်းက စိတ်ကောင်း သိပ်ရှိပါတယ်၊ မမကြီး ဆုံးသွားပေမယ့် မေမေကြီးတို့ကို ပစ်မထားပါဘူး၊ နေ့တိုင်း အလုပ်က ပြန်တိုင်း ဒီအိမ်ကို ဝင်တယ်၊ မေမေကြီးတို့ ဖေဖေကြီးတို့ နေကောင်းလားလို့ လာကြည့်တာလေ”

“သူက အလုပ် လုပ်နေလား”

“ဟုတ်တယ်၊ ဘာတဲ့ ... လမ်းတံတား၌နက အင်ဂျင်နီယာ ဆိုလားပဲ”

“ဪ ... ဪ ...”

သဒ္ဒါဖြူသည် ခေါင်းကလေး တဆတ်ဆတ် ညိတ်နေ၏ ။

“ကိုကိုလေးဟိန်းကော သူ့အဖေတွေ အမေတွေ ကော သိပ်ကောင်းကြပါတယ်၊ ဖေဖေကြီးတို့၊ မေမေကြီးတို့နဲ့ လဲသိပ် ခင်ကြပါတယ်၊ ဒါပေမယ့် မမမျိုး ပပတို့ သားအမိ ကတော့ စိတ်ကောင်း သိပ် မရှိကြဘူး၊ သူတို့ကို မမကြီး သတိထားရမယ်”

“ဟင် .... မျိုး ပပ ဟုတ်လား၊ သူတို့တွေ က ဘယ်သူတွေ လဲ ....”

သဒ္ဒါဖြူသည် တုန့်ခနဲ ဖြစ်သွားပြီး ခင်လုံကလေး၏ မျက်နှာကို

ကြည့်လိုက်သည်။

"မမ မျိုး ပပ ဆိုတာ မုဆိုးမကြီး ဒေါ်ကလျာရဲ့ သမီးပေါ့၊ ဒေါ်ကလျာက မေမေကြီးရဲ့ သူငယ်ချင်းလေ၊ သူကလဲ သူ့သမီးကို ကိုကိုလေး ဟိန်းနဲ့ သိပ် ရစေချင်တာ မမ မျိုး ပပကလဲ ကိုကိုလေးဟိန်းကို ရမယ် ဆိုရင် အသေရရ၊ အရှင် ရရပဲ"

"အဲဒီ မျိုး ပပက ဘယ်အရွယ်လဲ ဟင် ...."

"ကိုကိုလေး ဟိန်းထက် ငယ်တယ်၊ မမ မျိုး ပပရယ်၊ ဒီအိမ်က မမကြီး ရတနာရယ်က တစ်ရွယ်တည်းပဲ သူငယ်ချင်းတွေ လဲ ဟုတ်ကြတယ်"

ခင်လုံလေးက စေ့စုံအောင် ရှင်းပြနေ၏ ။

ကလေး မလေး ပြောနေသည့် လူတွေ ကို မသိရ မမြင်ရသေးပေယ့် သဒ္ဒါဖြူ၏ ရင်ထဲတွင် စိုးရိမ် ထိတ်လန့် စိတ် ကတော့ ရုတ်ခြည်း အစိုင်အခဲကြီး ဖြစ်လာ၏ ။

"ဒုက္ခပါပဲ ဒီမျိုး ပပတို့၊ ဒေါ်ကလျာ တို့ကြောင့် ငါ့မှာ များ စိတ်ညစ်ထွေးစရာတွေ တွေ့လာနိုင်မလား"

"မမကြီး ...."

"ဟင် ... ဘာလဲ ခင်လုံ ...."

"ခု ခင်လုံ ပြောပြတာတွေ ကို မေမေကြီး တို့ကို ပြန်မပြောပါနဲ့နော်၊ ခင်လုံ့ကို ဆူနေမှာ ၊ ခင်လုံကလေ မမကြီးကို ကြို့ပြီး သတိပေးထားတာ မမကြီးကို မြင်မြင်ချင်း ချစ်မိလို့ပါ"

"အင်းပါ ... အင်းပါ ခင်လုံ၊ နောက်လဲ မမကြီး သိသင့်တာ ရှိရင် ပြောနော် ... မမကြီးလဲလေ ဘ၀ရေ့ရေး တွေ အောင်မြင် တိုးတက်ချင်လွန်းလို့သာ မေမေကြီးတို့ဆီ လိုက်လာတာပေမယ့် စိတ်ထဲမှာ တော့ ခပ် ကြောက်ကြောက်ပဲ"

"မကြောက်ပါနဲ့၊ မေမေကြီးက မမကြီးကို တအား ချစ်နေတာ ခင်လုံ သိပြီးသားပါ"

"ခင်လုံ ရေ ..."

"ရှင် .... မေမေကြီး"

"အောက် ခဏ ဆင်းခဲ့ဦးကွယ်"

"ဟုတ်ကဲ့ .... မေမေကြီး"

ခင်လုံ ကလေးသည် သဒ္ဒါဖြူ၏ အနီးမှ လှစ်ခနဲ အောက်ထပ်ဆီသို့ ထွက်ပြေးသွားတော့၏ ။

သဒ္ဒါဖြူသည် သူ့ လွယ်အိတ် ကလေးကို ရင်ခွင်တွင် ပိုက်၍ ထိုင်ရာက ဖြည်းညင်းစွာ ထလိုက်ပြီး ခုတင် ခေါင်းရင်းရှိ ပြတင်းပေါက်ဆီသို့ ထွက်ခဲ့သည်။

အရိပ်ကောင်းသော သစ်ပင်ကြီးများ ကို သဒ္ဒါဖြူတွေ့ရသည်။

သည် အိမ်ကြီးနှင့် ခြံကြီး တစ်ခုလုံး ကတော့ သာယာ လှပ ငြိမ်းချမ်းရသည်မှာ အမှန်ပင် ။ ထို့အတူပင် သည်အိမ်အမိုးအရိပ်အောက်၌ မိမိသည်လည်း ငြိမ်းချမ်း သာယာသော ဘဝတစ်ခုကို ရရှိနိုင်ပါမည် လားဟု သဒ္ဒါဖြူတွေ းပူ မိလိုက်သည်။

"သမီး ...."

ပတ်ဝန်းကျင် မြင်ကွင်းထဲ စူးနစ်စွာ ကြည့်၍ မိမိ ဘဝ အကြောင်းများ ကို တွေ းတော နေမိစဉ် အနီးကပ်၍ ခေါ်လိုက်သော ဒေါ်သစ္စာ ၏ အသံကြောင့် သဒ္ဒါဖြူမှာ တစ်ကိုယ်လုံး ဆွဲခါလိုက်သည်သို့ တုန်လှုပ် သွားခဲ့ရသည်။

"ဟော ... သမီးလေး လန့်သွားတယ်၊ ဘာတွေ များ ဒီလောက်တောင် အတွေ းတောထဲ စူးနစ်နေလို့လဲ ကွယ် ဒီနေ့ ဒီအချိန်က စပြီး သမီးလေး သဒ္ဒါ စိတ်သစ်၊ လူသစ်နဲ့ ဘဝသစ်ကို ရောက်သွားပြီပဲကွယ်၊ ဟုတ်တယ် မဟုတ်လားဟင်"

"ဟုတ် ... ဟုတ်ပါတယ် ဒေါ် အဲ ... မေမေ"

"အဟင်း ... ဟင်း ... ဟင်း သမီးလေးက လူလေးကလဲ ပျော့ပျော့ ဖတ်ဖတ်

စိတ်ကလေးကလဲ အမြဲတမ်း အားငယ်နေပုံရတယ်၊ သမီးလေးကို မေမေ့ သမီးဆီက ပန်း စ ဝယ်ကတည်းက သတိပြုမိ ထားတာ မျက်နှာကလေးကို ကြည့်လိုက်တိုင်း အေးချမ်းပြီး ကျက်သရေ ရှိလွန်းလို့ သမီးရဲ့ ဖေဖေကို အိမ်ပြန်တိုင်း သမီးအကြောင်း မေမေ ပြောမိခဲ့တယ်၊ ကဲ .. ကဲ လက်ထဲက လွယ်အိတ်ချပါဦး ရင်မှာ တစ်ပိုက်ပိုက်နဲ့ ဘာအဖိုးတန်တွေ များ ပါနေတယ် မသိဘူး”

“အဟင်း .... မသန္ဒါမှာ အဖိုးတန် ပစ္စည်းဆိုလို့ ဘာမှ မရှိပါဘူး မေမေရယ်၊ မသန္ဒါ ရေချိုး ပြီး လဲဖို့ အဝတ်ကလေး တစ်စုံရယ်၊ ဘီးလေး ဆံညှပ် ကလေးရယ်ပဲ ပါတာပါ”

ပြောပြောဆိုဆို သန္ဒါဖြူက သူ့ လွယ်အိတ် ကလေးကို ခုတင်ပေါ်သို့ ချထားလိုက်သည်။

“ဩော် ... သမီးအတွက် အဝတ်အစားနဲ့ အသုံး အဆောင် ပစ္စည်းတွေ ဒီအိမ်မှာ အားလုံး အဆင်သင့် ရှိပါတယ်၊ ဟောဟို ဗီရိုထဲက အဝတ်အစား တွေ က သမီးကိုယ်လုံး ကိုယ်ထည် ကလေးနဲ့ အကိုက်ပဲ၊ ကဲ ... အဝတ်အစားတစ်စုံ လဲကြည့်မလား”

“ရပါတယ်”

“ရပါတယ် လုပ်မနေနဲ့၊ သမီးကို မေမေ ပြောမယ်၊ အိမ်မှာ ခေါင်းလျှော်ရည် အဆင်သင့် ရှိတယ်၊ သမီးခေါင်းလျှော်ပြီး ရေမိုးချိုး လိုက်၊ ပြီးတော့ လှလှပပ ဝတ်စားထား၊ ဒီနေ့ မေမေတို့ အိမ်ကို မေမေ့ မိတ်ဆွေမ တစ်ဦးနဲ့ သူ့ သမီးလေး မျိုး ပပ လာကြလိမ့်မယ်၊ မေမေ့ သမီးလေး ဘယ်လောက် လှကြောင်း ပြလိုက်ချင်လို့”

“ဘုရား ... ဘုရား ... ဘုရား...”

သန္ဒါဖြူမှာ ကျိတ်၍ ဘုရား တ ကာ ရင်တွေ ပန်းတွေ တုန်သွား၏ ။

“သမီး ဆံပင်တွေ က မည်း နက်ပြီး အုံကောင်းတယ်၊ ဖြောင့်ဖြောင့် စင်းစင်း ရှိမယ်ပုံပဲ၊ ဘီးကုပ်ကလေး တပ်ပြီး ဖားလျားကလေး ချထားလိုက်ရင် သိပ် လှမှာ ပဲ၊ ဘယ်လောက်အထိ ရှည်သလဲဟင်”

"ခါးလယ် ကျော်ပါတယ် မေမေ"

"အို ... ကောင်းတာပေါ့၊ မိန်းမတို့ဘုန်း ဆံထုံးတဲ့ ခုခေတ်ကာလ မိန်းကလေးတွေ က ဆံပင်ကို သိပ်အလေးမထားကြဘူး။ မေမေတို့ ခေတ်ဆိုရင် အဘိုး အဘွားတွေ က အစ ဆံပင်ကို အလေးထားကြတာ၊ တရော် ကင်ပွန်းသီးနဲ့ တစ်ပတ်တစ်ခါ လျှော်ခိုင်းပြီး ဆီကို အကျအန လိမ်းပေးကြတယ်၊ ဆံပင်လှတဲ့ မိန်းကလေးကို လူကြီး လူငယ်မရွေး နှစ်သက်ကြတယ်၊ ချီးမွမ်းကြတယ်၊ အိမ်က သမီးကလေးတုန်းကဆိုရင် မေမေက ဆံပင်ရှည်ထားစေ့ချင်တာ၊ သူက သိပ်ခေတ်ဆန်ချင်တော့ မေမေ့ ဆန္ဒနဲ့ သူ့ ဆန္ဒက ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ခဲ့ရတယ်၊ ကိုယ့်မှာ က အသက်ကြီးမှ အိမ်ထောင်ကျပြီး တစ်ဦးတည်းသော ရှားရှားပါးပါး ရထားတဲ့ သမီး ကလေးဆိုတော့ မိဘ နှစ် ပါးစလုံး ဘာမဆို သူ့ ဆန္ဒကိုပဲ လိုက်လျောခဲ့ရတယ်ကွယ် ၊ ကဲကဲ ... ရေမိုးချိုး တော့နော်၊ ခင်လုံရေ ... ဟဲ့ ခင်လုံ"

"ရှင် ... မေမေကြီး"

"အောက်ထပ် ရေချိုး ခန်းထဲက ခေါင်းလျှော်ရည် ဇလုံ ယူခဲ့စမ်းပါကွယ်"

"ဟုတ်ကဲ့ မေမေကြီး"

သွက်လက် ဖျတ်လတ်လှသော ခင်လုံ ကလေးသည် ပလတ်စတစ်ဇလုံတစ်လုံးဖြင့် ထည့်ထားသော ခေါင်းလျှော်ရည်များ ကို ယူဆောင်ကာ အပေါ်ထပ်ဆီသို့ပ ရောက်လာသည်။

သဒ္ဒါဖြူလည်း ရေချိုး ရန် စိုင်းပြင်းလိုက်တော့သည်။

ဒေါ်သစ္စာသည် သဒ္ဒါဖြူရေချိုး ခန်း ဝင်နေချိန်တွင် သဒ္ဒါဖြူထွက်လာလျှင် အသင့်ဝတ်နိုင်ဖို့ အဝတ်အစားများ ကို စိတ်ကြိုက်ထုတ်၍ ခုတင်ပေါ်သို့ တင်ထားပေးလိုက်သည်။

အလိုဆန္ဒတွေ ပြည့်၍ ပြုံးရွှင်ကြည်လင်နေသော ဒေါ်သစ္စာ၏ မျက်နှာကြီးသည် လွန်စွာ ကျက်သရေ ရှိနေပါ၏ ။

သဒ္ဒါဖြူလည်း အဖြူရောင် ကြွေပြားတွေ ခန်းခုံပြည့် ခင်းထားသော ရေချိုး ခန်းထဲသို့ မရဲတရဲ ဝင်ပြီး တံခါးကို ပိတ်လိုက်သည်။

ကြွေပန်းနုရောင် ရေချိုး ကန်၊ ရေပိုက်၊ ရေပန်း၊ ဆပ်ပြာမွှေးရည်တို့ဖြင့် အလွန်သပ်ရပ် သန့်ရှင်းလှသော ရေချိုး ခန်းကိုကြည့်ပြီး သဒ္ဒါဖြူတစ်ယောက် ရုတ်တရက် မတို့ရဲ မထိရဲ သလို ဖြစ်နေ၏ ။

"ဟင်း ... မ ဖြစ်ပါဘူး။ ငါ စိတ်ရဲမှ ဖြစ်တော့မယ်၊ ငါက ဒီအိမ်ကြီးမှာ အမြဲနေရတော့မယ့် လူပဲ"

ဦးခေါင်းကလေးကို ယမ်းခါကာ အားတွေ အပြတ်မွေးလိုက်ပြီး သဒ္ဒါဖြူသည် ရေပန်းကြီးကိုဖွင့်ချကာ အောက်ထဲသို့ ဝင်လိုက်သည်။

ဦးခေါင်းမှသည် ခြေဖျားတိုင်အောင် စီးဆင်းစွဲနစ်သွားသော ရေများ က သဒ္ဒါဖြူ ၏ စိတ်ကို လန်းဆန်း ကြည်လင်သွားစေသည်။

သဒ္ဒါဖြူသည် မီးဖိုက ပြာမှု နံ့တွေ အထပ်ထပ် ထပ်နေသော ဦးရည်ပြားကို တရော်၊ ကင်ပွန်းသီးရေတို့ဖြင့် စင်ကြယ်အောင် ပွတ်တိုက်၍ လျှော်လိုက်သည်။

နာဂိုက နက်သော အသွေးအရောင် ရှိသည့် ဆံပင်များ ၊ ချေးညှော်၊ ပြာမှု နံ့ကင်းစင်သော ပိတုန်းရောင် ကဲ့သို့ နက်ပြောင်လာကြ၏ ။

နက်၍ လက်သော ဆံပင်များ ...။

ပိုးသားကဲ့သို့ အိထွေးသော ဆံလုံးများ သဒ္ဒါဖြူ၏ ဦးခေါင်းတွင် ရေနှင့် အတူ စိုစွတ် နက်ပြောင် နေကြ၏ ။

သဒ္ဒါဖြူလည်း တစ်ဝကြီး ရေချိုး ပြီး နောက်မှ ဆံပင်များ ကို သွေ့ခြောက်အောင် သုတ်လိုက်သည်။

အုံကောင်းလှသော ဆံပင်များ မှ ရေများ တော်တော် နှင့် မခြောက်သွေ့နိုင်ဘဲ ရှိနေသဖြင့် ဦးခေါင်းကို မျက်နှာ သုတ်ပဝါဖြင့် ပေါင်းပြီး သဒ္ဒါဖြူသည် ရေချိုး ခန်းတံခါးကိုမှ

ဖွင့်လိုက်သည်။

အိမ်ခန်းထဲတွင် သူ့အတွက် သနပ်ခါး ထိုင်သွေးနေသော ခင်လုံကလေးကို တွေ့ရသည်။

ဒေါ်သစ္စာကိုတော့ မတွေ့ရတော့ပါ။

"မမကြီး အတွက် ခင်လုံ သနပ်ခါး သွေးပေးနေတာ"

"ရပါတယ် .... ခင်လုံရယ်၊ မမကြီး ဘာသာ မမကြီး သွေးလိမ်းမှာ ပေါ့"

"မေမေကြီးက သွေးပေးလိုက်လို့ ခိုင်းလို့ပါ ဖြီးလိမ်းပြီးရင် မမကြီး ဝတ်ဖို့ အဝတ်အစားတွေ မေမေကြီးက ခုတင်ပေါ်မှာ အသင့် ထုတ်ပေးသွားတယ်"

"မေမေကလဲ မမကြီး ငရဲကြီးတော့မှာ ပဲ၊ ထဘီတွေ နဲ့"

"သူက ချစ်လို့ လုပ်ပေးတာ ငရဲမကြီးပါဘူး ၊ မမကြီး ရဲ့ ကဲ ... ရှိုး လုပ်တော့"

"မမကြီး ရှိုး မလုပ်တတ်ပါဘူးကွယ်"

"မလုပ်တတ်ရင် ခင်လုံ သင်ပေးမယ်လေ"

"အောင်မယ် .... ခင်လုံက လုပ်တတ်လို့လား"

"သိပ် တတ်တာပေါ့၊ ဒီအိမ်က မမကြီးရတနာ ရှိတုန်းက ခင်လုံ လေ့လာထားတာလေ အပေါင်း ... မမကြီးကို မိုးပေါ်က ကျလာတဲ့ နတ်သမီးလေး တစ်ယောက် လို ဖြစ်သွားအောင် ခင်လုံ ပြင်ပေးတတ်ပါတယ်"

"အောင်မလေး ခင်လုံရယ်၊ အဲသလောက်ကြီး မသဒ္ဒါ မပြုမပြင်ရဲပါဘူး"

"ဘာ ဖြစ်လို့လဲ မမကြီးရဲ့ "

"အိုး ... ကိုယ့်ကိုကိုယ် လှဖို့ ပြင်တဲ့ဥစ္စာပဲ၊ မရဲဘူးရယ် လို့၊ ကြည့်နေပါ၊ ညနေကျရင် မမမျိုး ပပ ပြင်လာတာ ကော့ပျံနေတာ မမကြီး တွေ့ရလိမ့်မယ်"

"ရှိပါစေတော့ကွယ် .... ကိုယ် တတ်သမျှ မှတ်သမျှပဲ မမသဒ္ဒါ ပြင်ပါရစေ"

သဒ္ဒါဖြူသည် သနပ်ခါး မွှေးမွှေးလေးကို ကိုယ်လက်မျက်နှာတွင် လူးလိုက်ပြီး သွားပွတ်တံကလေးဖြင့် ညီအောင် ညှိလိုက်သည်။

ပြီးလျှင် ဆံပင်ရှည်ကြီး ခေါင်းထုပ်ထဲမှ ဖြည်ချကာ ခြောက်သွေ့အောင် သုတ်လိုက်သည်။

အကုန် မစင် မသွေ့မခြောက်သေးသော ခပ်ထပ်ထပ် ဖြစ်နေသည့် ဆံပင်ကို ဘီးကျဲကျဲကလေးဖြင့် ရှင်းချလိုက်ပြီး ဘေး တစ်ဘက် တစ်ချက်ဆီတွင် ကလစ်ကြီးကြီး နှစ်ချောင်းဖြင့် ထိုးညှပ်လိုက်သည်။

"ဟွန့် .... မမိုက်ပါဘူး၊ ဒီ ဆံညှပ်ကြီးတွေ က ...."

ဟော ... ဒီမှာ မမကြီးရဲ့ ဘီးကုပ်တွေ အများ ကြီးပဲ၊ ဘီးကုပ်နဲ့ သိမ်းတင်ထားလိုက်ရင် အရမ်းလှမှာ ၊ ယူပါ ကြိုက်တာ ယူလိုက်ပါ၊ ဒါတွေ အားလုံး မမကြီးအတွက် ဖြစ်ကုန်ပြီပဲ ဥစ္စာ

သဒ္ဒါဖြူလည်း မှန်တင်ခုံ အံဆွဲထဲမှ ဆွဲထုတ်လာသော ဘီးကုပ်ရောင် စုံတွေကြားက အဖြူရောက်ကလေးကို ယူပြီး သူ့ ဦးခေါင်းတွင် တပ်ဆင်လိုက်သည်။

ဦးချွန်ကလေးပါသော နဖူးပြေပြေကလေးနှင့် ရှင်းသန့်နေသော သဒ္ဒါဖြူ၏ မျက်နှာကလေးသည် လွန်စွာ လှပ၍ ရှိနေပါတော့၏ ။

"တွေ့လား ၊ အရမ်း လှသွားတယ် မဟုတ်လား၊ ရော့ ... ဒီ နှုတ်ခမ်းနီကလေး ဆိုးလိုက်ပါဦး"

"ဟယ် ... ဒါတော့ မဆိုးချင်ဘူး"

"လုပ်ပါ မမကြီးရဲ့ ... မမကြီးရဲ့ နှုတ်ခမ်းကလေးက နဂို ကတည်းက ပန်းရောင်နုနုကလေး ဖြစ်နေပြီးသား၊ အဲဒီ အပေါ်မှာ ဒီနှုတ်ခမ်းနီကို ပြေပြေကလေး ထပ်တင်လိုက်ရင် တီဗွီထဲက မင်းသမီး ခင်သန်းနု ပင်တိုင်စံ မိတ်ကပ် ကြော်ငြာလို အရမ်းအရမ်း ကို လှတာပါပဲ

ရှင် ဖြစ်သွားမယ် အဟင်း ... ဟင်း ... ဟင်း”

ခင်သန်းနု အိုက်တင်မျိုး လုပ်ပြလိုက်သော ခင်လုံကလေးကို ကြည့်ပြီး ဘယ်တုန်းကမှ ရယ်ရယ်မြူး မြူး မရှိခဲ့ဖူးသော သဒ္ဒါဖြူထံမှ ရယ်မြူး သံကလေး တစ်ချက် ထွက်သွား၏ ။

ခင်လုံနဲ့ နေရတာ ပျော်စရာ ကောင်းတယ်ကွယ်

ခင်လုံ ကတော့ ပျော်ပျော်ပဲနေတယ်၊ တစ်ယောက် တည်း အဖော် မရှိဘဲ အိမ်နောက်ဖေး အိမ်ဘေးတွေ က သစ်ပင်တွေ ပေါ် လျှောက်တက်ပြီး မျောက်တစ်ကောင်လို အားရင် ဆော့နေတာပဲ မေမေကြီးတို့ကလဲ အလုပ် လုပ်နေတဲ့ နေရာမှာ စေ့စပ် သေချာရင် ပြီးရော ကျန်တဲ့ အချိန်ခင်လုံ စိတ်ချမ်းသာသလို နေတာ ထိုင်ကြည့်နေတာပဲ”

“အင်း ... တို့ နှစ် ယောက် ကံကောင်းလို့ သူတော် ကောင်းတွေ နဲ့ တွေ့ရတာ ပဲ ခင်လုံ၊ မေမေတို့ ဖေဖေတို့ ကျေးဇူး တရားကို တို့သိတတ်ရမယ် သိလား”

“ဟုတ်ကဲ့ .....”

သဒ္ဒါဖြူသည် ဒေါ်သစ္စာ အသင့် ထုတ်ပေးထားသော ချယ်ရီရောင် နိုင်ငံခြား ဖြစ် ဘလောက်စ်အကျီပွပွကြီးနှင့် ချယ်ရီရောင် ပန်းနွယ် ပန်းခက် ကလေးများ ပါသော အနက်ခံ ထဘီကို ဝတ်လိုက်သည်။

ကိုယ်လုံးပေါ် မှန်ရှေ့တွင် ရပ်နေသော သဒ္ဒါဖြူတစ်ယောက် သိပ်ကို သားနားပြီး ... အရမ်း ... အရမ်းကို လှသွားပြီ ဖြစ်သည်။

“ဟယ် .... လှလိုက်တာ မမသဒ္ဒါဖြူရယ်”

ခင်လုံ ကလေးသည် သူ့ကို မမှိတ်မသုန်သော မျက်လုံးကလေးများ ဖြင့် ကြည့်ကာ ကျေနပ်အားကျ မဆုံး ဖြစ်နေ၏ ။

“ခင်လုံ ကလဲ မမသဒ္ဒါတောင် ရှက်လာပြီ”

“ခင်လုံ တကယ် လှလို့ လှတယ် ပြောတာပါ၊ မမ ရတနာလှိုင်ထက် မမသဒ္ဒါက

ပိုနပြီး ပိုပို လှတယ်၊ ပိုပြီး ကျက်သရေ ရှိတယ်၊ လာ .... လာ မေမေကြီးတို့ဆီ သွားကြရအောင် ....”

“အာ ... မသွားချင်ဘူးကွာ ... ရှက်တယ်”

“ဟင် .... မသွားလို့ ဘယ်ရမလဲ၊ မေမေကြီးနဲ့ ဖေဖေကြီးက ဒီအချိန်ဆိုရင် နေ့လယ်စာ တစ်ခုခု စားနေကျ မမသဒ္ဒါ ရေချိုး ပြီးရင် အောက်ထပ်ကို ခေါ်လာဖို့ ခင်လုံကို မှာသွားတာ ....”

“လာ .... သွားမယ်”

ခင်လုံကလေး ဆွဲခေါ်ရာ နောက်သို့ ယက်ကန် ယက်ကန်ဖြင့် သဒ္ဒါဖြူ ပါခဲ့ရတော့သည်။

“ဆက်ဖက်ပါဦး မသစ္စာရဲ့ .....”

“နေစမ်းပါဦးရှင် ....”

ဦးဝေလှိုင်သည် မျက်လုံးများ မိတ်၍ သတင်းစာ ဖတ်ပြသံကိုနားထောင် နေရာမှ ဖျတ်ခနဲ ဇနီးသည် ထံသို့ ကြည့်လိုက်သည်။

ဇနီးသည်၏ မျက်နှာသည် ဆွဲဆောင်မှု တစ်စုံ တစ်ခု ပေါ်တွင် လုံးလုံးလျားလျား ကြီး ကျရောက်သွားကာ ထူးခြားသော အသွင်ကို ဆောင်နေသဖြင့် သူ့ မျက်လုံးများ လားနေရာ နေရာအိမ်သို့ ဦးဝေလှိုင် ဖြည်းညင်းစွာ လှည့်ကြည့်လိုက်သည်။

ခင်လုံကလေး ဆွဲခေါ်လာနေသော မိန်းမလှကလေး ...

မျက်နှာကလေး မထားတတ်အောင် ရှက်နေရှာပါ သည့် မိန်းမချောကလေး ....

ကျက်သရေရွှန်းဝေ လက်ဖြာနေသော သည်မိန်းကလေး ထံမှ ဇနီးမောင်နှံ နှစ်ယောက် စလုံး မျက်လုံးများ ခွာမရအောင် ဖြစ်နေကြပါ၏ ။

“ဖေဖေကြီး၊ မေမေကြီး ၊ မမသဒ္ဒါဖြူမလှဘူးလားဟင် ....”

“လှလိုက်တာ .... ကျက်သရေလဲ ရှိလိုက်ပါဘိတော့ကွယ် ....”

“မမသဒ္ဒါက သိပ် ရိုးတာ အလှလဲ မပြင်တတ်ဘူး၊ အဲဒါ ခင်လုံ ပြင်ပေးလိုက်တာလေ အဟင်း ..... ဟင်း”

ကလေးမလေး ခင်လုံ သဘော ကျနေသည်။

“ဟန်ကျပြီ မသစ္စာရေ ... ခင်လုံနဲ့ မင်းရဲ့ သမီး အသစ်စက်စက်ကလေးတော့ ဟန်ကို ကျနေကြပြီ”

“လာပါဦး သမီးလေးရယ် .... မေမေ့အနားမှာ ထိုင်ပါဦး”

ဒေါ်သစ္စာ သူ့နံဘေးတွင် သဒ္ဒါဖြူ၏ လက်ကို ဆွဲ ၍ ထိုင်စေလိုက်သည်။

ရှက်ရွံ့ရွံ့ အမူအရာ ကလေးဖြင့် သဒ္ဒါဖြူထိုင်လိုက်သည်။

“ကြည့်စမ်းပါဦး သမီးလေး သဒ္ဒါရဲ့ ဆံပင်တွေ က မည် းနက် လက်ပြောင်ပြီး ဖားဖား ဝေနေတာပဲ ကိုဝေလှိုင်ရယ် ကျက်သရေ ရှိလိုက်တာ”

“ဟုတ်ပ့ါဗျာ .... ခင်ဗျား အပျိုတုန်းက ဆံပင်တွေ အတိုင်းပဲ”

ဒေါ်သစ္စာသည် သဒ္ဒါဖြူ၏ ဆံပင်များ ကို အသာကိုင်တွယ် ပွတ်သပ်ရင်း ကျေနပ်အားရ မဆုံး ဖြစ်နေ၏ ။

“မေမေကြီး .... နေ့လယ်စာ အတွက် ခင်လုံ ဘာ စီစဉ်ပေးရမလဲဟင်”

“သမီးလေး ... ဘာသောက် မလဲ အအေးလား၊ အပူလား”

“မသဒ္ဒါ .... မသဒ္ဒါ .... နေ့လယ်စာ ရယ်လို့ မစားတတ်ပါဘူး .... မေမေရယ်”

“စားတတ်အောင် စားရမယ်လေ .... ဒီအိမ်မှာ သားအမိ သားအဖ သုံးယောက် ရှိနေတာ၊ စားအတူ သွားအတူပဲ ဖြစ်ရမှာ ပေ့ါ။ မဟုတ်ဘူးလား ကိုဝေလှိုင်”

“ဟုတ်တာပေ့ါဗျာ .... သမီးလေးလဲ တဖြည်းဖြည်းတော့ ကျုပ်တို့ အလေ့အကျင့်တွေ ကို ရလာမှာ ပါဗျာ .....”

"ကဲ .... ခင်လုံရေ ... ဖေဖေကြီးတို့ သုံးယောက် အတွက် အအေးပဲ ဖျော်ခဲ့တော့"

ခင်လုံကလေး ပြေးထွက်သွားသည်။

ဒေါ်သစ္စာသည် ဆေးရိုးကလေး ထိုးထားသော သဒ္ဒါဖြူ၏ နားရွက် ပျော့ပျော့ပါးပါး ကလေးကို ကိုင်ကြည့်လိုက်၊ ရှည်သွယ်၍ ထိပ်ကလေးများ ချွန်သွားသော လက်ချောင်းလှလှကလေးများ ကို ကိုင်ကြည့်လိုက်နှင့် စိတ်ကူး တစ်စုံတစ်ရာ ပြုနေဟန်ရှိ၏ ။

သည် မွေးစား မိဘတွေ နှင့် တွေ့ထိရသည်မှာ နှစ် ဆယ့် လေးနာရီ မပြောနှင့် ဆယ့်နှစ် နာရီပင် မ ပြည့်တတ်သေးသည်မို့ သဒ္ဒါဖြူမှာ သူ့သဘော ကိုယ်မသိ၊ ကိုယ့် သဘော သူမသိနှင့် သူမသိနှင့် နေသား ထိုင်သား မကျသေးဘဲ ရှိနေ၏ ။

မ မသဒ္ဒါ .... ခင်လုံကို သွားကူလိုက်မယ် နော်"

"နေပါ သမီးရယ်..... ခင်လုံလေးက ဒီလောက်တော့ လုပ်တတ်ကိုင်တတ်ပါတယ်"

ဆွဲထားသဖြင့် သဒ္ဒါဖြူထိုင်နေလိုက်ရတော့သည်။

"သမီး ကျောင်းတက်ဖို့ ကိစ္စ အတွက် ဟိန်း စုံစမ်းလာမယ်၊ မရန်းဒြိနဲ့ စမ်းချောင်း နှစ် တစ်ကျောင်း ကျောင်း မှာ တော့ တက်နိုင်အောင် ဟိန်းကို စီစဉ် ခိုင်း ထားတယ်"

"ဟုတ် ... ဟုတ်ကဲ့ ဖေ ... ဖေဖေ"

သဒ္ဒါဖြူသည် ကြားရသော သတင်း စကားကြောင့် တစ်ကိုယ်လုံး မြောက်တက်သွားလုမတတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်ရသည်။

"ဟုတ်တယ် သမီး သမီးကို ပညာတတ်ကလေး ဖြစ်အောင် မေမေတို့က ပြုစုပျိုးထောင်ပေးကြမှာ ပါ၊ ဟိန်း ကလဲ လိုအပ်တဲ့ ဘာသာတွေ မှာ သမီးကို သူလာသင်ပေးပါ့မယ်လို့ ကတိပေးသွားတယ်"

"အို သူ ... သူကပါ လာသင်ပေးမယ် ဆိုပါလား"

သဒ္ဒါဖြူရင်မှာ လှိုက်ဖို ခိုက်တုန်စရာတွေ ဖြစ်ရပြန်လေသည်။

အငိစိလို နက်ရှိုင်းသော ဆင်းရဲတွင်းမှ နတ်ပြည်ခြောက်ထပ်ကို ရုတ်ခြည်း မြောက်တက် ခဲ့ရသည့်အဖြစ် ကတော့ ယုံနိုင်စရာ မရှိအောင် ဖြစ်နေ၏ ။

အကောင်း လွန်နေ၏ ။

"ငါ တကယ် ဖြစ်နေတာမှ ဟုတ်မှ ဟုတ်ပါလေစေ" ဟု သဒ္ဒါဖြူတစ်ယောက် တွေ ဝေသွားနေစဉ် ခင်လုံကလေးသည် ဘဲဥပုံ ငွေလင်ပန်း ပေါ်တွင် လိမ္မော်ရည် ထည့်ထားသော ဖန်ခွက်လှလှသုံးလုံးနှင့် မုန့်ပန်းကန်များ ကိုတင်ကာ ရောက်ရှိလာသည်။

"ခင်လုံ သစ်သီးကိတ် လှီးလာခဲ့တယ် မေမေကြီး"

"ခင်လုံလေးက အလိုက်သိလိုက်တာကွယ်၊ မေမေကြီး က ပြောဖို့ မေ့သွားတာ၊ ခင်လုံကော တစ်ခုခု သောက်လေ"

"ခင်လုံ အတွက် သံပရာရည် ဖျော်ထားပါတယ် မေမေကြီး"

"ရော့ ... မုန့်လဲ ယူသွားဦး"

ဒေါ်သစ္စာက သစ်သီးကိတ်တစ်ချပ်ကို ယူကာ ခင်လုံ ကလေးအား ပေးလိုက်သည်။

ခင်လုံသည် ကြည်လင်ရွှင်ပျသော မျက်နှာကလေးဖြင့် ထမင်းစားခန်းဆီသို့ ပြန်ထွက်သွားတော့သည်။

"ကဲ ... သမီး သောက်၊ မုန့်လဲ စား၊ ပြီးရင် သမီးကို မေမေ တစ်အိမ်လုံးကို လိုက်ပြထားမယ်၊ ခြံထဲ လဲ လိုက်ပြပေးမယ်"

"ဟုတ်ကဲ့"

သဒ္ဒါဖြူသည် မုန့် တစ်ချပ်ကိုစားပြီး လိမ္မော်ရည်ကို သောက်လိုက်သည်။

စားသောက်ပြီးသည်နှင့် တစ်ပြိုင်နက် ဒေါ်သစ္စာသည် သဒ္ဒါဖြူ၏

လက်ကလေးကို ဆွဲကာ တစ်အိမ်လုံးကို လိုက်ပြပါတော့သည်။

“ဟောဒါက ဖေဖေနဲ့ မေမေ အိပ်ခန်း၊ ဟိုဘက်ခန်းက တော့ အိပ်ခန်းလွတ်တစ်လုံးပေါ့၊ ဒါက စတိုခန်း ထမင်းစားခန်းထဲထွက်တာ မီးဖိုခန်း၊ မီးဖိုခန်းဘေးက အိပ်ခန်းငယ် ကတော့ ခင်လုံ အိပ်တာလေ .....”

“အပေါ်ထပ်က သမီး အိမ်ခန်းရဲ့ အရှေ့ဘက်က အိပ်ခန်းက အခန်းလွတ် အပို၊ ပြီးတော့ လေသာဆောင်ဘက်က ဘုရားခန်းပေါ့”

“ဟုတ်ကဲ့ မေမေ”

“လာ .... နောက်ဖေးဘက်ကနေ ခြံထဲ ဆင်းရအောင်”

သဒ္ဒါဖြူ လက်ကိုဆွဲ၍ ထမင်း စားခန်းကို ဖြတ်ကာ ခေါ်ခဲ့သည်။

မီးဖိုဆောင်သည် ခေတ်ပေါ်လျှပ်စစ်ပစ္စည်း မီးဖိုအသုံးအဆောင်တို့ မြောက်မြားစွာ ဖြင့် လုပ၍ သန့်ရှင်း သပ်ရပ်နေ၏ ။

စတီးဖြင့် ပြုလုပ်ထားသော အိုးခွက် ပန်းကန်များ က လည်း ငွေရောင် ဖိတ်ဖိတ် တောက်ပ နေကြပေ၏ ။

မီးဖိုဆောင်ကိုဖြတ်၍ အိမ်နောက်ဖေး တံခါးကို ဖွင့်လိုက်သည့်အခါတွင် တော့ မာလကာ၊ ရှောက်၊ သံပရာ၊ သံပယို စသည့် သီးနှံပင်များ ကို သီးပွင့် ဝေဆာစွာ ဖြင့် တွေ့ မြင်လိုက်ရ၏ ။

“ခေါင်းရင်းဘက်မှာ သရက်၊ ပိန္နဲ၊ မင်္ဂုန်းပင်တွေ ရှိတယ်၊ အိမ်ရှေ့ဘက်မှာ တော့ ပန်းပင်တွေ ပေါ့၊ ခြေရင်းဘက်မှာ ကတော့ မုန်လာ၊ ချဉ်ပေါင်၊ သဘော်၊ နည်းနည်း ပါးပါး စိုက်ထားတယ်၊ သမီးရဲ့ အဖေက စိုက်ပျိုး ရေး အရာရှိ အငြိမ်းစားပီပီ စိုက်ပျိုးရေး ကို သိပ်ဝါသနာပါတာ ဟောဟိုက မြေကွက်လပ် ကတော့ သမီးလေး ရတနာလှိုင် ပူဆာလို့ ရေကူးကန်ဆောက်ဖို့ စီစဉ်ထားတာ လေ၊ သမီးလေးလဲ ဆုံးသွားရော မဆောက်ဖြစ်တော့ဘူး။ အဲဒီ ဘက်ကို သွားတိုင်း အဲဒီ မြေကွက်လပ်ကို ကြည့်ပြီး မေမေ့မှာ ဒီနေ့ထိ

ငိုရတုန်းပါပဲ”

ဒေါ်သစ္စာ၏ အသံသည် တုန်လာပြီး သူ့ မျက်ဝန်းနှစ် ဘက်တွင် မျက်ရည်တွေ စို့တက်လာ၏ ။

သဒ္ဒါဖြူက ဒေါ်သစ္စာ၏ လက်ကို အသာဆုပ်ကိုင်ကာ အားပေးလိုက် သည်။

“စိတ်မကောင်းစရာတွေ ကို ကြိုး စား မေ့ပျောက်ပစ်ပါ မေမေရယ်”

“ကြိုး စား နေပါတယ်ကွယ် … ကြိုး စား နေပါတယ်၊ ခု သမီးသဒ္ဒါဖြူကို သမီးလေး အစားရလိုက်ပြီ ဆိုတော့ ရင်ထဲက ဝေဒနာတွေ တဖြည်းဖြည်း ပေါ့သွား လိမ့်မယ် လို့ ထင်ပါတယ်၊ ဒါနဲ့ သမီး ရေကူး တတ်သလား ဟင်”

“မကူးတတ်ပါဘူး မေမေ”

“ဝါသနာကော ပါသလား”

“မသဒ္ဒါ ဝါသနာတော့ ပါပါတယ်”

ဒေါ်သစ္စာ ဦးခေါင်းကို တညိတ်ညိတ် လုပ်လိုက်၏ ။

“လာ … ဟိုနား က ဒန်းကလေးမှာ ထိုင်ကြရအောင်”

ပန်းခြံထဲရှိ ဒန်းကလေးတွင် နှစ် ဦးသား သွားထိုင် လိုက်ကြသည်။

သင်းပျံ့သော ပန်းရနံ့များ က လေနအေးနှင့် အတူ သူတို့နှစ် ဦးကို ထိတွေ့ ဖြတ်ကျော် သွားနေကြ၏ ။

“တစ်ခြံလုံး တစ်ဝင်းလုံး သမီးလေး ရတနာလှိုင်ရဲ့ စိတ်ကူးနဲ့ တည်ဆောက် ထားတာ ချည်းပဲ၊ ဒီအိမ် ဒီဝင်းကလေးက တစ်ချိန်က မေမေတို့ သားအမိ သားအဖ သုံးယောက် ရဲ့ ငြိမ်းချမ်း သာယာတဲ့ ကမ္ဘာလေး ဖြစ်ခဲ့ပါတယ်၊ သမီးလေး ဆုံးသွားတော့ ငရဲခန်းလို ဖြစ်ခဲ့ရတယ်၊ နေရာတိုင်းမှာ သူ့မျက်နှာ ကလေးကိုပဲ မြင်နေရလို့လေ၊ မကြာခင်မှာ ဒီအိမ်ဒီခြံကို ရောင်းပြီး ဇာတိ ဖြစ်တဲ့ မိုးကုပ်ကိုပြန်ကြမယ်လို့ သမီးဖေဖေနဲ့ မေမေ

စိတ်ကူးထားတယ်၊ အဲဒီ အကြောင်း ပြောပြတော့ ဒီကနေ ပြောင်းမသွားဖို့ ဟိန်းက အတန်တန်တားတယ်လေ၊ ခုတော့ ဒီ စိတ်ကူးတွေ ဖျက်လိုက်ပါပြီ၊ အဲဒါ ဘာ ဖြစ်လို့လဲ သိလား၊ သမီးလေး အစား ဟောဒီ သမီးလေး သဒ္ဒါဖြူကို ရလိုက်လို့ပဲ”

“မေမေရယ်”

ရင်ထဲတွင် နင့်နဲစွာ ဖြင့် ခေါ်ရင်း ဒေါ်သစ္စာ၏ လက်ကို သဒ္ဒါဖြူသည် သူ့ပါးပြင်တွင် တင်ထားလိုက်မိ၏ ။

သဒ္ဒါဖြူ၏ မျက်ဝန်းလှလှလေးတွင် ကြည်နူးရိပ်ဖြင့် မျက်ရည်တွေ ဝေနေပါ၏ ။

“သမီး … သဒ္ဒါ”

ဒေါ်သစ္စာသည် သူ့ရင်ခွင်ထဲတွင် သဒ္ဒါဖြူ၏ ဦးခေါင်းကလေးကို ဆွဲသွင်းဖိကပ်ထားကာ သဒ္ဒါဖြူ၏ သနပ်စင်လှသော ဦးခေါင်းကလေးတွင် သူ့ ပါးစပ်ကို ဖိကပ်ထားလိုက်သည်။

ဒေါ်သစ္စာ၏ ရင်ထဲတွင် သားပျောက်ကိုပြန်တွေ့လိုက်ရသော မိခင်ကဲ့သို့ ဖြစ်နေ၏ ။

*

# အခန်း (၅)

ဟိန်းသည် နှင်းဆီကြိုက်သော မိန်းမလှကလေးအတွက် သူ့ မိခင် ပျိုး ထားသော မျိုး သန့်ခြောက်လက်မ နှင်းဆီပင်အုံးအိုးကို ကားပေါ်သို့ တင်လိုက်သည်။

သူ့ မျက်နှာသည် မှိုရသည့် သို့ ပြုံး ကြည်နေ၏ ။

ရင်တွင် ကြည်နူးရသော စိတ်များ သည် အသက်ခန္ဓာကြွေလွင့်သွားသော ချစ်သူ ရတနာလှိုင်ကလေးနှင့် အတူ ပျောက်ဆုံးသွားခဲ့သည်မှာ နှစ် နှစ် ပင် ကျော်ခဲ့ပြီ ဖြစ်သည်။

ချစ်သူအတွက် တသသ ဆွေးမြည့် သော စိတ်များ ကို မေ့ဖျောက်ရန် ဟိန်းသည် သူ့ စိတ် ခန္ဓာတစ်ခုလုံးကို အလုပ်ထဲတွင် သာ လုံးလုံးလျားလျား နှစ် မြှုပ် ထားခဲ့သည်မှာ ကြာပါလေပြီ။

ချစ်သူ ရတလှိုင်ကိုယ်စား သူ ချစ်နိုင်မည့် လူ ဤကမ္ဘာတွင် ရှိတော့မည် မထင်သည့် ဟိန်းသည် သည်နေ့တွင် တော့ သဒ္ဒါဖြူဆိုသော မိန်းကလေးကို မမျှော်လင့်ဘဲ တွေ့ လိုက်ရသည်။

သိမ့်မွေ့နူးည့်၍ အရာရာ အားငယ်စိတ် လွှမ်းနေသော သဒ္ဒါဖြူလေးကို တွေ မြင်လိုက်သည် ဆိုလျှင်ပဲ သူ့ စိတ်ထဲတွင် ပျောက်ဆုံးနေသော ချစ်တတ်သည့် အသည်းနှလုံးကို ဘွားခနဲ တွေ့ လိုက်ရသည်သို့ ဖြစ်ခဲ့ရ၏ ။

နွမ်းပါး ချို့ တဲ့လှသော သဒ္ဒါဖြူကလေး အပေါ်တွင် ကြင်နာ သဒ္ဒါစိတ်တွေ ကြီးမားစွာ ယိုဖိတ်လာပြီး သည်မိန်းကလေး ဘဝ လှပ တင့်တယ်လာအောင် လုပ်ပေးချင်စိတ်တွေ ကား တားဆီးမရအောင် ဖြစ်လာခဲ့လေ၏ ။

"ထို့ကြောင့် လည်း သမီးလှရတနာကလေး ဆုံးခဲ့ရရှာသော ဦးဝေလှိုင်နှင့် ဒေါ်သစ္စာတို့ အတွက် အစားထိုး သမီးကလေး သဒ္ဒါဖြူကို ရရှိအောင် ဟိန်းသည် စိတ်ရော ကိုယ်ပါ ထိရောက်စွာ စွမ်းဆောင်ပေးခဲ့ခြင်း ဖြစ်ပါ၏ ။

"သဒ္ဒါဖြူကလေးရယ် ... မင်း ဘဝကလေး သန့်စင်ထွန်းတောက်လာမယ်ဆိုရင် ကိုယ် ဘာပဲ လုပ်ပေးရ လုပ်ပေးရပါ"

ဟိန်းသည် သဒ္ဒါဖြူ၏ မျက်နှာကလေး၏ မြင်ယောင်ရင်းက တီးတိုး ပြောလိုက်သည်။

ထို့နောက်တွင် ကားစက်ကို နှိုးကာ ပြည်ရိပ်သာ လမ်းရှိ သူ့နေအိမ်မှ သဒ္ဒါဖြူ ရှိနေမည် ဖြစ်သော အင်းလျားလမ်းနေအိမ်သို့ မောင်းထွက်ခဲ့တော့၏ ။

ကားကို ဒေါ်သစ္စာတို့ ခြံဝင်းထဲသို့ ကွေ့ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ပန်းဥယျာဉ်ဘေး ဒန်းကလေးပေါ်တွင် မိန်းကလေး လှလှကလေးတစ်ဦးတည်း ထိုင်နေသည် ကို ဟိန်း တွေ့လိုက်ရသည်။

သည် ဒါန်းကလေးပေါ်တွင် သည်အိမ်ကို လာတိုင်း ယခင့် ယခင်ကလည်း မိန်းကလေး လှလှလေးတစ်ဦး ထိုင်ထိုင်နေသည်ကို အဖန်ဖန် အခါခါ တွေ့ခဲ့ဖူးပါသည်။

သို့သော် ....

ယနေ့ တွေ့မြင် လိုက်ရသော မိန်းကလေးနှင့် ယခင်တွေ့မြင်ခဲ့ရသော မိန်းကလေးတို့ နှစ် ဦးစလုံး လှကြသည်။ မှန်သော်လည်း ယခု တွေ့မြင်နေရသော မိန်းကလေး၏ အလှက တည်ငြိမ် အေးဆေးလွန်းလှသည်။ သူ့ကို မြင်တွေ့လိုက်ရသည်နှင့် အေးချမ်းသော လရောင် ရိပ်သို့ မှီခိုဝင်တိုးလိုက်ရသည့်သို့ ရှိလှ၏ ။

ရိုးရိုးယဉ်ယဉ် ပြင်ဆင်မှု ကလေးဖြင့် လှပလွန်းနေသော မိန်းကလေးကို ရှည်လျား အိထွေး၊ နက်မှောင်နေသည့် သူ့ ခေါင်းက ဆံပင်တွေ က ကျက်သရေ ဖြည့်စွက်ပေး၍ နေ၏ ။ ဖြူလွလွ နှင်းဆီပွင့်ကြီး တစ်ပွင့်ကလည်း သူ့ ခေါင်းတွင် နေရာယူထားနေ၏ ။

"လှလိုက်တာ ကျက်သရေ ရှိလွန်းလိုက်တာ သဒ္ဒါဖြူလေးရယ်၊ မင်း အလှတွေ ကိုယ့်ရင်ကို ငြိမ်းချမ်းအေးမြ စေလိုက်တာကွာ"

သဒ္ဒါဖြူသည် ကားပြတင်းပေါက်ထဲက ခေါင်းထုတ်၍ သူ့ထံသို့ ကြည့်လိုက်သော ဟိန်းကို တွေ့လိုက်ရသဖြင့် ဒန်းပေါ်တွင် ထိုင်နေရာမှ ဖြုန်းခနဲ ထရပ်လိုက်မိသည်။

ဟိန်းသည် ကားကို လှပသော ပန်းဥယျာဉ် အနီးတွင် ရပ်တံ့ခဲ့ပြီး သဒ္ဒါဖြူထံသို့ အပြုံး မျက်နှာ ခြေလှမ်းကျယ်ကျယ်များ ဖြင့် ရောက်ရှိလာသည်။

သဒ္ဒါဖြူသည် ဟိန်းကို မဝံ့မရဲကလေး ကြည့်နေ၏ ။

"အတော် ပဲ၊ သဒ္ဒါ ခြံထဲမှာ ရောက်နေတာနဲ့ သဒ္ဒါ့ အတွက် ကိုယ် ရှိုး နှင်းဆီပျိုး အိုး သုံးအိုး ယူလာခဲ့တယ်"

"အို ... အားနာလိုက်တာ"

"ဟာ ... သဒ္ဒါကလဲ အားနာရမယ့် လူတွေ မဟုတ်တော့ဘူး ခင်ဗျ၊ ကဲ .... လာ လိုက်ကြည့်ပါဦး ဘယ်နေရာမှာ ထားပေးရမလဲ"

သူ ခေါ်ရာနောက်သို့ သဒ္ဒါဖြူလိုက်ခဲ့သည်။

သူ့ ကားပေါ်တွင် နှင်းဆီမျိုး အိုး သုံးအိုးကို တွေ့ရ၏ ။

"ဘယ်မှာ ထားမလဲ သဒ္ဒါ"

"ဟိုနားက ပန်းအိုးတွေ နားမှာ နေရာလပ်တယ်၊ အဲဒီ မှာ ပဲ ထားလိုက်မယ်လေ"

"ကောင်းသားပဲ၊ အို.... အို..... နေလေ၊ ကိုယ် သယ်ပေးမှာ ပေါ့"

"ဒီအိုးလောက်တော့ မသဒ္ဒါလဲ နိုင်ပါတယ်"

ပန်းအိုးကို သယ်ရန် ဟန်ပြင်နေသော သဒ္ဒါဖြူ၏ လက်များ ကို ဟိန်းက ပိုင်စိုးပိုင်နင်း ကိုင်၍ ဖယ်ရှားလိုက်သဖြင့် ယင်ဖိုတောင် အသမ်းမခံဖူးရှာသော သဒ္ဒါဖြူမှာ ရင်ခုန်သံတွေ ကမောက်ကမ ဖြစ်ကုန်တော့သည်။

အသက်ရှူမှန်အောင် မနည်း ကြိုး စားရင်း သဒ္ဒါဖြူသည် ဟိန်းကို မျက်တောင်

မခတ်နိုင်သော မျက်လုံးများ ဖြင့် မတ်မတ်ကလေး ရပ်ကာ ကြည့်နေမိသည်။

ဟိန်းသည် သွက်လက် ဖျတ်လတ်စွာ ပန်းအိုး တွေ ကို တစ်အိုးပြီး တစ်အိုး သယ်ပြီး သဒ္ဒါဖြူထားစေ့ ချင်သော နေရာတွင် ထားပေးလိုက် သည်။

ပြီးလျှင် ပန်းဥယျာဉ် အလယ်တွင် ထားသော ရေဘုံပိုင်တွင် သူ့ လက်ကို စင်ကြယ်အောင် ဆေးလိုက်သည်။

သဒ္ဒါဖြူ့ထံသို့ ပြန်လျှောက်လာသော သူ့ မျက်နှာက ပြုံး ပြုံး ကြီး ဖြစ်နေ၏ ။

သူ့ အပြုံး သည် သူ့ မျက်နှာကို ပို၍ ချောမော စေကာ ကျက်သရေ ဖြည့်စွက်နေသည်ကို သဒ္ဒါဖြူ မှတ်မှတ်ရရကြီး သတိပြုလိုက်မိသည်။

"လာ .... သဒ္ဒါ ... ဒန်းကလေးမှာ ပြန်ထိုင်ကြရအောင်" သဒ္ဒါဖြူလည်း မလွန်ဆန်ဘဲ သူခေါ်ရာသို့ လိုက်ပါလာခဲ့မိသည်။

"ထိုင် သဒ္ဒါ ...."

သူနှင့် အတူ နှစ် ကိုယ်တည်း ဒန်းကလေးတွင် ထိုင်ဖို့ကို တော့ သဒ္ဒါဖြူ မဝံ့မရဲလှပါ။

"ထိုင်ပါ ... ဘာ ဖြစ်လို့လဲ"

"ဟို ... ဟို ...."

သဒ္ဒါဖြူသည် ဘာမှ ဆက်မပြောနိုင်ဘဲ မျက်လွှာကလေးချကာ သူ့ လက်ဆစ် ကလေးများ ကို ချိုး ၍ နေ၏ ။

သူကလေး စိတ်လှုပ်ရှားနေသည်ကို သိသော ဟိန်းသည် နှစ် နှစ် ကာကာကြီး တစ်ချက်ပြုံး လိုက်မိသည်။

"သဒ္ဒါဖြူက ကိုယ်နဲ့ အတူ တွဲ ထိုင် ရမှာ ကို ရှက်နေကြောက်နေသလား ... အဟွန်း ... ကိုယ့်ကို မရှက်ပါနဲ့ မကြောက်ပါနဲ့ကွာ၊ ကိုယ်က ဦးဦးတို့ ဒေါ်လေးသစ္စာတို့နဲ့

ထိတွေ့ရင်းနှီးလာတာ မိသားထဲကလို ဖြစ်နေပါပြီ၊ ကိုယ့် မိသားစုထဲကို ရောက်လာတဲ့ သဒ္ဒါဖြူကို ကိုယ်က ခင်မင်ရင်းနှီးတာ သဒ္ဒါဖြူရှက်စရာ မလိုပါဘူးကွာ … ကဲ … ထိုင် ပါဦး …”

သဒ္ဒါဖြူလည်း တတ်နိုင်သမျှ ဒန်း၏ အစွန်းကလေး တစ်ဘက်ဆီသို့ တိုးကပ်ကာ ထိုင်လိုက်ပြီး၊ ဦးခေါင်းကလေး ငုံ့ထားနေ၏ ။

“သဒ္ဒါဖြူကို ကြည့်ရတာ ဘာကိုမဆို ကြောက်နေ ရွံ့နေသလိုပဲ၊ အားလဲ ငယ်ငယ်နေသလိုပဲ၊ သဒ္ဒါဖြူအဲဒီ စိတ်ထားတွေ ကို ဖျောက်ပါ၊ ဒီမှာ ကိုယ့် အိမ်ကိုယ့်ရာလို သဘောထားပြီး၊ ဒေါ်လေး သစ္စာနဲ့ ဦးဦးကိုလဲ မိဘ အရင်းအချာတွေ လို သဘောထားပါ၊ ဒေါ်လေး သစ္စာက သဒ္ဒါဖြူကို ဘယ်လောက် သံယောဇဉ် တွယ်နေတယ်ဆိုတာ ကိုယ် အသိဆုံးပဲ”

“မသဒ္ဒါ မေမေတို့ ဖေဖေတို့ ကို ကိုယ့် မိဘလိုပဲ သဘောထားပါတယ် ကိုကိုလေး”

“ကြားရတာ ဝမ်းသာပါတယ်ကွာ … သဒ္ဒါဖြူကို ကျောင်းဆက်ထားဖို့ ကိစ္စ ကိုကိုလေး ကျောင်းအုပ် ဆရာမ ကြီး တစ်ယောက် နဲ့ ဝင်ဆွေးနွေးခဲ့ ပါတယ်၊ အချိန်က စကောစကကြီး ဖြစ်နေတယ်လေ၊ ခုပဲ အောက်တိုဘာလ ရောက်နေပြီဆိုတော့ စာသင်နှစ် တစ်ဝက်နီးပါး ရှိနေပြီ”

“ဟင် …. ဒါ …. ဒါ ဆို မသဒ္ဒါ ကျောင်းတက်လို့ မရတော့ဘူးပေါ့နော်”

သဒ္ဒါဖြူသည် ဝမ်းနည်းသွားဟန်ကလေးဖြင့် ဟိန်းကို ကြည့်လိုက်သည်။

“ကျောင်းတက်ပြီး မဖြေနိုင်ပေမယ့် အချိန် မပုပ်အောင် ကြိုး စားပြီး ပြင်ပဖြေ ဖြေမယ် ဆိုရင်တော့ ရတယ်၊ အဲဒါ သဒ္ဒါဖြူဘယ်လို စိတ်ကူးရသလဲ”

“အို …. ဖြေမယ်လေ ….. မသဒ္ဒါ ဖြေမယ်၊ မသဒ္ဒါကြိုး စား နိုင်ပါတယ် ကိုကိုလေး”

စိတ်အားထက်သန်သွားသော အမူအရာဖြင့် သဒ္ဒါဖြူက ဟိန်းကို ကြည့်ကာ

မတုံ့မဆိုင်း ပြောလိုက်သည်။

“ဒါဆို ရင် စီစဉ်ကြတာပေါ့၊ ဒါနဲ့ သဒ္ဒါက ဝိဇ္ဇာလား၊ သိပ္ပံလား”

သိပ္ပံပါ ....... ကိုကိုလေး

“အင်း .... ကောင်းတယ် ....ကောင်းတယ် ကိုကိုလေး”

“အင်း ....ကောင်းတယ် ..... ကောင်းတယ် ကိုကိုလေး သဒ္ဒါကို အထောက်အကူ အများ ကြီး ပေးနိုင်မယ်၊ ဆရာ မကြီးနဲ့ သိထားတယ် ဆိုတော့ ကြောက်စရာ မလိုပါဘူး”

“အို .... မသဒ္ဒါ ..... မသဒ္ဒါ ဝမ်းသာလိုက်တာ ကိုကိုလေးရယ်၊ ကိုကိုလေး ကျေးဇူးကို မသဒ္ဒါ မမေ့ပါဘူး”

“ဟ ... ဒါ ဘာလုပ်တာလဲ”

“ဟို ... ဟိုလေ မသဒ္ဒါ ကိုကိုလေးကို ကျေးဇူး တင်လွန်းလို့ ကန် ... ကန့်တော့တာပါရှင်”

“သဒ္ဒါလေးရယ် ... ကန့်တော့စရာ မလိုပါဘူးကွာ”

သဒ္ဒါဖြူ၏ လက်အုပ် ချီထားသော လက်ကလေးကို ဟိန်းက သူ့ လက်နှစ်ဘက်ဖြင့် အုပ်မိုး၍ ကိုင်ထားလိုက်ရင်း ပြောလိုက်သည်။

နွေးထွေးသော လက်မှ ဟိန်း၏ အထိအတွေ့များ က သဒ္ဒါဖြူ၏ နှလုံးသားထဲ အထိ စိမ့်ဝင်သွားကာ နှလုံးသွေးများ နွေးလာကြတော့သည်။

ဟိန်းလက်မှ သူ့ လက်များ ကို ဆွဲထုတ်ရ ကောင်းနိုးနိုး မကောင်းနိုးနိုး သဒ္ဒါဖြူ တစ်ယောက် ဒုက္ခကြီးစွာ ရောက်နေစဉ် .....

“တီ ... တီ ... တီ”

ခြံဝင်းထဲသို့ ဝင်လာသော ကား၏ ဟွန်းသံက ကယ်တင်သွား၏ ။

ဟိန်း လက်များ အလိုလို ပြုတ်ကျသွားပြီး ကားဆီသို့ သူ့ မျက်လုံးများ

တည်ငြိမ်စွာ ရောက်ရှိသွားသည်။

“ဘယ်သူ လာတာလဲ မသိဘူး”

“အဲဒါ ဒေါ်လေး သစ္စာတို့ရဲ့ မိတ်ဆွေ ဒေါ်ကလျာ ဆိုတာပဲ သဒ္ဒါ”

“ဟုတ်လား ....၊ သူ သမီးကလေးပါ ပါလာမယ်လို့ မေမေက ပြောတယ်၊ ခုတော့ တစ်ယောက် တည်း ပါလား”

“မျိုး ပပက အိမ်ကပ်တာ မဟုတ်ဘူး။ ပြီးတော့ ဒီကို ရတနာ မရှိတဲ့ နောက် ပါလာခဲ့တယ်”

“ဪ ....”

ဒေါ်ကလျာသည် ကားကို အရှိန် အနည်းငယ် လျှော့ချပြီး ဟိန်းနှင့် သဒ္ဒါဖြူတို့ ရှိရာသို့ စူးစူးစိုက်စိုက်ကြီး ကြည့်လိုက်ပြီးမှ အိမ်ဆီသို့ ဆက်မောင်းသွား၏ ။

“ကိုကိုလေး လိုက်သွားချင် သွားလေ”

“ဟင့်အင်း ... ကိုကိုလေး မသွားဘူး၊ မလွှဲသာလို့ ခေါ်ပြောနေရတာ ဒေါ်ကလျာကြီးကို ကိုကိုလေး သိပ် ကြည့်လို့ မရဘူး”

ဘာ ဖြစ်လို့လဲဟု သဒ္ဒါဖြူက ဆက်၍ မေးခွန်း မထုတ်ပါ

ဟိန်း၏ တည်တည်ခန့်ခန့် မျက်နှာကြီးကို အတန်ကြာ အောင် ကြည့်နေပြီးမှ မျက်လွှာ ချသွား၏ ။

“သဒ္ဒါ့ကို ကိုကိုလေး တို့ အိမ် တစ်ခါလောက် အလည်ခေါ်သွားရဦးမယ်၊ မာမီက သဒ္ဒါကိုမြင်ရင် သိပ်ကြိုက်သွားမှာ ဒက်ဒီကလဲ အိမ်မှာ သမီး မိန်းကလေး ရှားပါးတော့ သဒ္ဒါကို တွေ့ရင် ချစ်မှာ ပါ”

“ကိုကိုလေးမှာ မောင်နှမ မရှိဘူးလား”

“အစ်ကို တစ်ယောက် ပဲ ရှိတယ်၊ ခု သူက အင်္ဂလန်မှာ မျက်စိအထူးကု ပါရဂူဘွဲ့

သွားယူနေတယ်လေ”

“ပညာတတ်တွေ ချည်းနော်၊ မသဒ္ဒါလဲ အဲသလို ပညာတတ် တစ်ယောက် ဖြစ်ချင်တယ်”

“ ဖြစ်ရမှာ ပေါ့ကွာ၊ ခုအခွင့်အရေး ရနေပြီပဲ၊ သဒ္ဒါ့ဘက်က ကြိုး စားမှု အပေါ် အခြေခံပြီး တိုးတက်အောင်မြင်မှု တစ်ခုခုရမှာ သေချာပါတယ်”

ဟိန်းက သဒ္ဒါဖြူကို အပြတ် အားပေးနေပြီး သဒ္ဒါဖြူမသိသော သူတို့မိသားစု အကြောင်းတွေ ကို အာဝဇ္ဇန်းရွှင်ရွှင် ပြောပြနေ၏ ။

သဒ္ဒါဖြူလည်း စိတ်ပါဝင်စားစွာ နားထောင်နေမိ၏ ။

*

“ဟော .... ကလျာ၊ သမီး ပပ ပါမလာဘူးလား”

“မနက်စောစောတုန်း ကတော့ ဟုတ်တိပတ်တိ လိုက်မယ် ပြောပြီး စူဇန်တို့နဲ့ လိုက်သွားတာ ပြန်မခေါ်လာသေးဘူးလေ မမသစ္စာရဲ့ ၊ စိတ်မရှည်တာနဲ့ စောင့်မနေဘဲ ထားပစ်ခဲ့တာ”

“လာ ... လာ ထိုင်၊ ကလျာတို့ကလဲ သားအမိကလေး နှစ် ယောက် တည်း ရှိတာ တည့်တည့်ကို မနေကြပါလား၊ အဟင်း ... ဟင်း ... ဟင်း”

“မတည့်ဘူး မမသစ္စာရေ၊ ဒီကောင်မလေးက ပြောမရ ဆိုမရလေး သူ့အကြောင်းလဲ မမသစ္စာ သိတဲ့အတိုင်းပဲ၊ ဘေးဘန်းက အဖော်ကို မအေထက် ပိုခင်တာ၊ ဒါနဲ့ အစ်ကိုကြီးကော ....”

“ခုနပဲ မြို့ထဲပဲ ခဏထွက်သွားတယ်”

"ဒါနဲ့ ခြံထဲမှာ ဟိန်းနဲ့ ကောင်မလေး တစ်ယောက် ကို တွေ့လာခဲ့တယ်၊ အဲဒီ ကောင်မလေးက ဘယ်သူလဲ ဟင်"

"ဩော် ... ဟိန်း ရောက်နေလား၊ ဒါကြောင့် စောစောက ကားသံတစ်ချက် ကြားလိုက်မတာကိုး၊ ကလျာတွေ့ခဲ့တဲ့ မိန်းကလေးက တခြားသူ မဟုတ်ဘူး။ မမသစ္စာရဲ့ သမီးလေးပဲလေ၊ နာမည် က သဒ္ဒါဖြူတဲ့"

"အို .... မမသစ္စာကလဲ တစ်သက်လုံးနီးနီး ကလျာတို့နဲ့ မမသစ္စာတို့ ညီအစ်မတွေ လို နေလာခဲ့တာ၊ ရတနာကလေးကလွဲလို့ ဘယ်ကမှ သမီးမရှိတဲ့ ဥစ္စာ၊ မမသစ္စာက နောက်တီးနောက်တောက် တွေ မပြောစဖူး ပြောနေပြန်ပါပြီ"

"ဟယ် ... မဟုတ်တာ၊ မမသစ္စာ ဘယ်တုန်းက အပိုစကားပြောခဲ့ဖူးလို့လဲ ကလျာရယ်၊ သဒ္ဒါဖြူလေးက မမသစ္စာနဲ့ ကိုဝေလှိုင်တို့ရဲ့ ကိတ္တိမ သမီးလေးလေ၊ ဒီမနက်ဘဲ အိမ်ကို ခေါ်လာခဲ့ကြတာ"

"ဟွန်း ...."

ဒေါ်ကလျာ၏ ဆေးရေခြယ်ထားသော မျက်နှာကြီးတွင် အံ့အားသင့်မှု အလိုမကျမှု တွေ အထင်းသား ပေါ်လွင်သွား၏ ။

"မမသစ္စာရဲ့ သမီးလေးက မလှဘူးလား ဟင်"

"လှတာ မလှတာ အသာထားပါဦး မမ သစ္စာရယ်၊ ဘယ်ကမိန်းကလေးကို ကောက်မွေးစား လိုက်တာလဲ၊ မျိုး ရိုးကကော ကောင်းလို့လား၊ ဝမ်းနဲ့ မလွယ်ရင် သားမည် ပါဘူး မမသစ္စာရယ်၊ ကိုယ့် လင် ကိုယ့် မယား နှစ် ယောက် က အသက်ကြီးပြီ၊ အေးအေးပဲ နေကြတာ မဟုတ်ဖူး၊ အပူရှာရန်ကော မမသစ္စာရယ်"

အလိုမကျဟန်တွေ ပေါ်ပေါ် တင်တင်ကြီး ဖြစ်နေသော ဒေါ်ကလျာ၏ မျက်နှာကို ဒေါ်သစ္စာသည် အပြုံး မပျက်ကြည့်ရင်း ညင်သာစွာ ဦးခေါင်းကို ယမ်းလိုက်သည်။

"ဒီနေရာမှာ ကလျာနဲ့ မမသစ္စာတို့ အမြင်ချင်း လုံးဝ ကွာဟတယ်ကွယ်၊

အသက်အရွယ် ကြီးရင့်လာတာနဲ့ အမျှ ခင်မင်တွယ်တာရမယ့်လူ ပိုလိုလာတာပေါ့၊ ကလျာသိတဲ့ အတိုင်း မမသစ္စာတို့မှာ သမီးကလေး ရတနာကို ဆုံးရှုံးခဲ့ရတဲ့ စိတ်ဝေဒနာက ကနေ့အထိ ပျောက်ကြတာ မဟုတ်ဘူး။ ခု သဒ္ဒါဖြူကလေးနဲ့ အစားထိုးကုနိုင်ကြပြီလေ၊ မမသစ္စာတို့ ကိုဝေလှိုင်တို့ ရင်ထဲမှာ ဘယ်လောက်ကြည်နူး ဝမ်းသာ ရှိနေကြတယ်ဆိုတာ ကလျာသိအောင် ရင်ဖွင့် ပြလိုက်ချင်တယ် သိလား”

ဒေါ်သစ္စာက ကြည်နူး ဝမ်းသာစိတ်တွေ ဖြင့် စကားတွေ ကိုရွှန်းရွှန်းဝေအောင် ပြောနေသော်လည်း ဒေါ်ကလျာ၏ မျက်နှာ ကတော့ တစ်မျိုး ကြီး ရှိနေဆဲ ဖြစ်၏ ။

ဘယ်လောက် ဟန်ဆောင်ထားထား သူ့ စိတ်နေစိတ်ထားကို သူ့ မျက်နှာရုပ်က ပြနေ၏ ။

“သမီးလေး သဒ္ဒါ ဘယ့်လောက် ချစ်စရာ ကောင်းတယ်၊ ချောချောမွေ့မွေ့ ရှိတယ်ဆိုတာ ကလျာကို ပြရဦးမယ် ခင်လုံ ... ခင်လုံရေ ”

“ရှင် .... မေမေကြီး”

“သမီး .... သဒ္ဒါတို့ကို သွားခေါ်ခဲ့ပါကွယ်”

“ဟုတ်ကဲ့ မေမေကြီး”

ခင်လုံကလေးသည် သွက်လက်ပေါ့ပါးစွာ ပန်းခြံဆီသို့ ပြေးထွက်သွားတော့သည်။

ခင်လုံကလေး သူ့ထံ ပြေးလာသည်ကို တွေ့မြင်လိုက်သည်နှင့် သူတို့ကို ဒေါ်သစ္စာ အခေါ် လွှတ်လိုက်ပြီ ဖြစ်သည်ကို သဒ္ဒါဖြူတို့ နှစ် ဦးစလုံး သဘောပေါက်လိုက်ကြသည်။

“ကိုကိုလေးတို့ကို ခေါ်ခိုင်းလိုက်သလား ခင်လုံ”

သူတို့ အနီးတွင် တုံ့ခနဲ ရပ်သွားသော ခင်လုံလေးကို ဟိန်းက စတင် မေးလိုက်သည်။

"ဟုတ်တယ် ကိုကိုလေး"

"ဒုက္ခပါပဲ၊ သူ့ကို သဒ္ဒါတွေ့ရမှာ ကြောက်တယ်"

ဦးခေါင်းကလေးကို ကုတ်ရင်း သဒ္ဒါဖြူက ရှုံ့ရှုံ့မဲ့မဲ့ ပြောလိုက်သည်။

"ဘာ ကြောက်စရာ ရှိလို့လဲ၊ လာကိုကိုလေး တစ်ယောက် လုံးရှိတယ်၊ သဒ္ဒါ ကြောက်စရာ ဘာမှ မလိုဘူး"

သူ့လက်ကို လှမ်းဆွဲလိုက်သဖြင့် သဒ္ဒါဖြူတစ်ယောက် ထရပ်လိုက်ရသည်။

"မမသဒ္ဒါ ဘာမှ မကြောက်နဲ့၊ ဒီမိန်းမကြီးနဲ့ သူ့ သမီးက စိတ်ပုပ်မကြီးတွေ ၊ သူတို့အကြောင်း အားလုံး သိနေတာပဲ"

ခင်လုံကလေးကလည်း ကြောက်အားတွေ ပိုလာပုံရသော သဒ္ဒါဖြူ၏ မျက်နှာကိုကြည့်ကာ အားပေးလိုက် ရှာသည်။

ဘာပဲပြောပြော သဒ္ဒါဖြူကတော့ စောစောက ကားရပ်၍ လှမ်းကြည့်သွားသော မိန်းမကြီး၏ မျက်နှာကို မျက်စိထဲ ပြန်မြင်ယောင်ကာ ကြောက်အားတွေ ပိုမိနေသည်မှာ အမှန်ပင် ဖြစ်သည်။

မလွှဲမရှောင်သာသည်မို့ သူသည် ဟိန်းနားကပ်ကာ မဝံ့မရဲသော ခြေလှမ်းများ ဖြင့် ဒေါ်သစ္စာတို့ရှိရာ ဧည့်ခန်းဆီသို့ ရောက်ခဲ့သည်။

ဒေါ်ကလျာ၏ မျက်လုံးများ က စူးရှ နက်ရှိုင်းစွာ သူ့ကို အဝေးမှာ ရှိနေကတည်းက လေ့လာ သုံးသပ်နေခြင်းကို သဒ္ဒါဖြူခံခဲ့ရသည်။

"ဟိန်း ကတော့ ... မမသစ္စာတို့ တအားကို အားကိုနေရတာ ပဲနော်၊ ပါရမီဖြည့်ဖက်ကြီးကို ဖြစ်လို့ အဟင်းဟင်း ..... ဟင်း...."

ဒေါ်ကလျာက သဒ္ဒါဖြူထံမှ မျက်စိကို လွှဲလိုက်ပြီး သူ့နံဘေးက ဟိန်းကိုကြည့်ကာ ပြောလိုက်သည်။

"ကျွန်တော့်မှာ ဒေါ်လေး သစ္စာတို့ ဦးဦးတို့ကို ကြည့်ရှု စောင့်ရှောက် ပေးရမယ့် တာဝန် ရှိနေတယ်လေ အန်တီကလျာရဲ့ ၊ ဒါနဲ့ ဘိုးဘိုးထွန်းကော နေကောင်းရဲ့ လား"

"မင်းက လူကို တွေ့မှပဲ မေးဖော်ရတော့တာပဲ၊ အန်တီကလျာတို့ အိမ်လေးဘက်လဲ မျက်စိလည် လမ်းမှား ပြီး ရောက်လာပါဦးကွယ်"

"ဟာ.... အန်တီ ကလျာကလဲ ဒီလို မပြောပါနဲ့၊ ကျွန်တော် လဲ အလုပ်တွေ ပိနေတာ နှစ် လ သုံးလ ရှိနေပြီ၊ ခုမှ နားခွင့်ရတာ သုံးလေးရက်ပဲ ရှိသေးတယ်၊ တလောက ပပနဲ့ လမ်းမှာ တွေ့လို့တောင် ပြောလိုက်ပါသေးတယ်"

"အဟင်း .... ဟင်း ... ဟင်း မင်း ညီမ ပပ ကတော့ မင်းမလာပေမယ့် လဲ မင်းအကြောင်း မပါရင် စကား မပြောတတ်သလို ဖြစ်နေပါတယ်၊ ပြောပါတယ် ... ပြောပါတယ် မင်းနဲ့ ဗိုလ်ချုပ်စျေးမှာ တွေ့တဲ့ အကြောင်းကို ...."

"သဒ္ဒါ သမီးလေး လာထိုင်လေ"

"သြော် ... ဟုတ်ပါရဲ့ မမသစ္စာရဲ့ သမီးကလေးကို ခုမှ ကလျာ သေသေချာချာ ကြည့်မိတယ်၊ ရတနာလှိုင်ကလေးနဲ့လဲ ဆင်တင်တင်ပဲနော်၊ ဒီမျက်နှာကလေးကို မြင်ဖူးသလိုလိုလဲ ရှိလိုက်တာ မမသစ္စာရဲ့ ၊ သူ့ကို ဘယ်ကနေ ခေါ်မွေးစားလိုက်တာလဲ ဟင်"

"စဉ်းစားပါဦး ကလျာ၊ သူ့ကို ဘယ်မှာ မြင်ဖူးခဲ့သလဲ လို့ အဟင်း .... ဟင်း"

ဒေါ်ကလျာသည် မည်းနက်နေအောင် ဆွဲထားသော သူ့ မျက်ခုံးမွှေး မျှင်မျှင်ကလေး နှစ် ဘက်ကို ထိစပ်လုမတတ် မျက်မှောင်ကြုတ်၍ သဒ္ဒါဖြူကို အားမနာစတမ်း စိုက်ကြည့်နေ၏ ။

"တွေ့တော့ တွေ့ဖူးတယ် ... ဘယ်မှာ မှန်းကို သတိမရဘူး။ ပြောစမ်းပါဦး မမသစ္စာ သူ့ကို ဘယ်မှာ တွေ့ပြီး ဘယ်လို ဖြစ်ပြီး မွေးစား ဖြစ်သွားတာလဲ ဟင်"

"အဟင်း .... ဟင်း ကလျာက မေ့လွယ်တတ်တာကိုး၊ တလောက အိမ်မှာ ဆွမ်းကျွေးဖို့ မမသစ္စာနဲ့ ကလျာ မြေနီကုန်းစျေး စျေးထွက်ဝယ်ကြတော့ ပန်းတန်းမှာ တွေ

ခဲ့ရတဲ့ မိန်းကလေး တစ်ယောက် ကို မှတ်မိသေးသလား ဟင် .... ကလျာပဲ ပြောတယ်လေ ပန်းသည်မလေးရုပ်ရည်က သားသား နားနား ရှိလိုက်တာလို့"

"ဟွန်....."

ဒေါ်ကလျာသည် မျက်လုံးကြီးများ ပြူး ကာ သဒ္ဒါဖြူကို ကြည့်လိုက်သည်။

မှတ်မိ သွားပါပြီ ... ကောင်းကောင်းကြီးကို မှတ်မိသွားလေပြီ။

ပုဆိုးကွက်စိပ် အထက်အောင် ဆင်တူကလေး ဝတ်ကာ မျက်နှာတွင် သနပ်ခါးတွေ ဖုန်နေအောင် လိမ်းထားသော သနားကမား ရုပ်ရည် ရှိလှသည့် ပန်းသည်မကလေး

"သြော် ... ရွှေပင်နားတော့ ရွှေကျေး ဖြစ်တယ်ဆိုတာ ဒါမျိုး ကိုး၊ ကြည့်စမ်းပါဦး အလျင်က အစုတ်အနုတ်ကလေးက သားနား သွားလိုက်တာပါလား"

"အဟင်း ... ဟင်း မှတ်မိပြီလား ကလျာ"

"သြော် .....အင်း ... အင်း မှတ်မိပါပြီ၊ ကလျာမှာ ဖြင့် ဘယ်က အမျိုး ကောင်း၊ အရိုးကောင်းကလေး မွေးထားတာပါ လိမ့်လို့ စဉ်းစား လိုက်ရတာ ခေါင်းကို ပူထူသွားတာပဲ မမသစ္စာရယ်"

ဒေါ်ကလျာ၏ စကားကြောင့် သဒ္ဒါဖြူ၏ ကိုယ်ကလေး တွန့်ခနဲ ဖြစ်သွားသည်။

ရတ်ခြည်း ခေါင်းကလေးလဲ ငုံ့ဆင်းသွား၏ ။

ဒေါ်သစ္စာမှာ တော့ ဏ္ဍန္ဓေ မဆည်နိုင်အောင် မျက်နှာ ပျက်သွား၏ ။

ဟိန်း ကတော့ တစ်ဖက်သားကို ချိုး ချိုး နှိမ်နှိမ် ပြောတတ်သော ဒေါ်ကလျာကို ဒေါသ ထွက်သွားသော မျက်နှာဖြင့် ကြည့်လိုက်သည်။

ဒေါ်ကလျာ ကတော့ တစ်ချက်ကလေးမှ မျက်နှာ အချိုး မပြောင်းဘဲ အားလုံး၏ မျက်နှာတွေ ကို တစ်ဦးချင်း လိုက်ကြည့်ပြီးမှ သူ့ ပိုက်ဆံအိတ်ကြီးကို ဖွင့်ကာ အတွင်း းက

ရွှေရောင် စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။

သဒ္ဒါဖြူ၏ မျက်ဝန်းထဲမှ ရွှဲလည်ခိုတွဲ နေသော မျက်ရည်သည် ပေါက်ခနဲ ကြမ်းပေါ်သို့ ကြွေကျသွား၏ ။

သဒ္ဒါဖြူအလွန် ဝမ်းနည်းသွားမိသည်။

ထိန်းချုပ်၍ မရနိုင်လွန်းသည်မို့ မျက်ရည်တွေ တစ်ပေါက် ပေါက်ကျလာသည်အထိ ဖြစ်လာ၏ ။

သည် အမျိုး သမီးကြီးရှေ့တွင် ဆက်နေလျှင် အခြေအနေတွေ ပိုဆိုးလာမည် ဖြစ်သဖြင့် ချာခနဲ လှည့်၍ ပြေးထွက်ခဲ့မိတော့သည်။

"အန်တီကလျာ ဘယ်လိုပြောလိုက်တာလဲဗျာ၊ တစ်ဘက်လူကို အားနာစရာ ကောင်းလိုက်တာ"

ဟိန်းက ဒေါ်ကလျာကို ခပ်စိန်းစိန်းကြီး ကြည့်ကာ ပြောလိုက်သည်။

"အောင်မယ်လေးကွယ် ... မင်းတို့ အန်တီကလျာတို့ အရေး အရာ လုပ်ရမယ့် အတန်းအစားထဲက မဟုတ်တဲ့ မိန်းကလေးကို ပြောတာများ မင်းက ဖြစ်နေလိုက်တာ၊ ဟိန်းကိုတော့ အန်တီကလျာ သိပ်အံ့ဩနေပြီ"

ဒေါ်ကလျာက ကတော့ သူပြောချင်ရာ ပြောရလျှင် ပြီးရော ပုံစံမျိုး ဖြင့် ဆက်ပြောလိုက်ပြန် ပါသည်။

"အန်တီကလျာ မှာ ːနေပြီ၊ သဒ္ဒါဖြူကို ကျွန်တော် ရော ဒေါ်လေး သစ္စာတို့ကော သိပ် တန်ဖိုးထားနေတာဗျ၊ ဒီထက် အံ့ဩစရာတွေ က ကလျာ ဒီထက် မြင်ရဦးမယ်"

ဟိန်းသည် စိတ်ဆိုး မာန်ဆိုးဖြင့် ဒေါ်ကလျာတို့အနီးမှ ထွက်ခွာသွားသည်။

"ဟုတ်သားပဲ ကလျာကလဲကွယ်"

ဒေါ်သစ္စာက ထိုမျှသာ ပြောပြီး သက်မချလိုက်သည်။

"အင်း .... ခက်တယ် ခက်တယ်၊ ကလျာတော့ ဘာမှ မပြောချင်တော့ဘူး၊ နောင်မှ မသစ္စာတို့ မရှုနိုင် မကယ်နိုင် မ ဖြစ်ကြပါစေနဲ့လို့ ကလျာ ဆုတောင်းရမှာ ပဲ၊ ကဲပါ လေ သူ့ အကြောင်း ထားလိုက်ပါတော့၊ ကလျာလာတာ မမသစ္စာကို တစ်ခါက ပြောတဲ့ ပတ္တမြား နားကပ်ကလေး ရောင်းမယ်ဆိုတာ ရောင်းဦးမလားလို့"

"မရောင်းတော့ပါဘူးကွယ်"

"ဟင် ... ဘာ ဖြစ်လို့လဲ၊ ဈေးကောင်း ရနိုင်နေပြီ မမသစ္စာရဲ့ "

"ရှိပါစေတော့ကွယ်၊ ဟိုတုန်း ကတော့ သမီးလေးလဲ မရှိတော့လို့ ရောင်းပစ်မလားလို့ စဉ်းစားတာ"

"အင်းလေ ... ခုလဲ ရှိမှ မရှိတော့တာပဲ၊ ဘာ ဖြစ်လို့ စိတ် ပြောင်းသွား ပြန်တာလဲ မမသစ္စာရဲ့ "

"နေပါစေတော့ ကလျာရယ်၊ ဒီအိမ်မှာ လဲ အပျိုလေး အရွယ်လေးက ရှိနေပြီဆိုတော့ ..."

ဒေါ်ကလျာသည် သူ့ လက်ပွေ့အိတ်ကို ပြန်ပြီး လက်တွင် ချိတ်ကာ ထိုင်ရာမှ ထလိုက်သည်။

"ကဲ .... မမသစ္စာရေ ... အလုပ် ဖြစ်မလားလို့ ကလျာ လာတာ၊ မ ဖြစ်တော့ဘူး ဆိုတာ သေချာတော့ ပြန်တော့မယ်၊ ခင်မေတို့က မေးခိုင်းတာ သူတို့ကို အကြောင်းပြန်ရဦးမယ်"

"ကောင်းပြီ ကလျာ၊ မမသစ္စာ စိတ် ပြောင်းသွား တာ ကိုတော့ စိတ်မဆိုးဖို့ တောင်းပန်ပါတယ်ကွယ်"

လေအေးအေးဖြင့် ဒေါ်သစ္စာက တောင်းပန်လိုက်သည်ကို ဒေါ်ကလျာသည် ကျေနပ်ဟန် သိပ်မရှိလှသည့် မျက်နှာဖြင့် မပြုံး ချင် ပြုံး ချင်ကလေး ပြုံး ပြပြီး ထိုင်နေရာမှ ထလိုက်တော့သည်။

*

# အခန်း (၆)

မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ အသံကလေး တစ်အစ်အစ်ထွက်အောင် သဒ္ဒါဖြူငိုနေသည်။

ခေါင်းငုံ့ ငိုနေသဖြင့် သူ့ ခေါင်းက ဆံပင် နက်နက်ထွေးထွေးများ က မျက်နှာကလေးကို ဖုံးလု မတတ် ရှေ့သို့ အိပ်ကိုက်ကျကြပေ၏ ။

"သဒ္ဒါ ...."

သူ့ အနားတွင် တိုးတိုးညင်ညင်ကလေး ခေါ်လိုက်သံကိုကြားရသော အခါ သဒ္ဒါဖြူတွင် ဝမ်းနည်းစိတ်ကို ပိုစေရန် တွန်းအားပေးလိုက် သည့်ကဲ့သို့ ရှိုက်သံသည် ညင်ညင်ကလေး ရှိနေရာမှ နင့်နင့်နဲနဲ ရှိုက်သံ အ ဖြစ် ကျယ်ထွက်လာ၏ ။

ဟိန်း မိန်းကလေးကို သိပ် သနားသွားမိသည်။

ရင်ခွင်တွင် ပွေ့ပိုက်၍ ကလေးလေး တစ်ယောက် လို ချော့မြူနှစ် သိမ့်ချင်စိတ်များ တားဆီး မရအောင် လည်း ရင်တွင် ဖြစ်ပေါ်လာ၏ ။

စိတ်ရှိတိုင်း လွှတ်ထွက်ရန် မသင့်သည်မို့ ဟိန်းသည် သူ့ စိတ်ကို ထိန်းချုပ်လိုက်ပြီး သဒ္ဒါဖြူ၏ နံဘေးတွင် အသာထိုင်ကာ သူ့ မျက်နှာပေါ်တွင် အုပ်ထားနေသော လက်ကလေးများ ကို ဖယ်ရှားပစ်လိုက်သည်။

သဒ္ဒါဖြူ၏ မျက်ရည် လူးနေသော မျက်နှာလေး ။ အထူးသဖြင့် နှာဖျား မော့မော့လုံးလုံးကလေးလည်း ရဲတွတ်နေ၏ ။

ဟိန်းသည် သူ့ ရှပ်အင်္ကျီအိတ်ထဲက လက်ကိုင် ပဝါကို ထုတ်ယူပြီး ယုယကြင်နာမှု များ စွာ ပေးနေသော လက်ဖြင့် မေးဖျားကလေးကို ဆွဲ၍ မော့ယူကာ ညင်သာစွာ သုတ်ပေးလိုက် သည့်.

"မငိုပါနဲ့ သဒ္ဒါလေးရယ်၊ ဒီမိန်းမကြီးက ဘယ်တော့မှ နှုတ်စောင့်စည်းတတ်တာ

မဟုတ်ဘူး။ သူ့ကို ကိုကိုလေးတို့ ဒေါ်လေး သစ္စာတို့က မိတ်ဟောင်း ဆွေဟောင်းတွေ ထဲက ဖြစ်နေလို့သာ လက်ခံနေကြရတာ ပါ၊ နောင် သူ သဒ္ဒါကလေးကို ချိုး ချိုး နှိမ်နှိမ် ထပ်ပြောရင် ကိုကိုလေးနဲ့ ထိပ်တိုက်တွေ့မယ်၊ သဒ္ဒါ စောင့်ကြည့်နေ”

“သဒ္ဒါ ... သဒ္ဒါကြောင့် ဘာမှ မ ဖြစ်ကြပါနဲ့ ရှင် ... သဒ္ဒါ တောင်းပန်ပါတယ်၊ သဒ္ဒါက သဒ္ဒါ့ ဘဝကို သဒ္ဒါတွေ ့ပြီး ဝမ်းနည်းမိတာပါ၊ ဘယ်သူ့ကိုမှ အပြစ်မြင်လို့ မဟုတ်ပါဘူး ကိုကိုလေးရယ်”

ပြောရင်းက သူ့ မျက်ဝန်းကလေး နှစ် ဘက်မှ မျက်ရည်တွေ က တစ်လိမ့်လိမ့် အဆက်မပြတ် ဆက်ကျနေ၏ ။

“သဒ္ဒါရယ် မငိုပါနဲ့တော့ကွာ၊ သဒ္ဒါ ငိုတာ ကိုကိုလေး မကြည့်ရက်ဘူး၊ ဒီမှာ ... ဒီမှာ ၊ ကိုကိုလေး မျက်နှာကို ကြည့်စမ်း ... အေး .... ဟုတ်ပြီး၊ နောင်ကိုလေ ... ဘယ်သူ ဘာပြောပြော သဒ္ဒါ ခေါင်းငုံ့ မခံရဘူး။ မျက်ရည်မကျဘူး၊ ကိုကိုလေးတို့ ဒေါ်လေးသစ္စာတို့ မျက်နှာလဲ ထောက်စရာ မလိုဘူး။ ပြောတဲ့ လူကို နာနာထက်ထက်သာ ပြန်ပြောကြားလား ....”

“သဒ္ဒါ ... သဒ္ဒါ၊ အဲသလို မပြောတတ်ဘူး။ သဒ္ဒါမှာ အဲသလို ပြောတတ်တဲ့ သဘာဝ မရှိဘူး ...”

“ကွာ ... ဒါဆို ကိုကိုလေးကိုပြော၊ သဒ္ဒါ့အတွက် ကိုကိုလေး ဖိုက်ပေးမယ်၊ ကြားလား ၊ ငိုတာ လူပျော့ လူညံ့ အလုပ်၊ လူဆိုတာ အနည်းနဲ့ အများ တော့ ရှိသင့်တဲ့ သတ္တိ ရှိရမှာ ပေ့ါ၊ အရင်က မရှိရင် ခု မွေးရမယ်၊ ကြားလား သဒ္ဒါ”

သဒ္ဒါဖြူသည် သူ့ လက်ကို ဆုပ်ကိုင်၍ အားပေးနေသူကို မျက်ရည်ရွှဲ နစ်သော မျက်နှာဖြင့် ကြည့်ကာ လျော့ရဲရဲကလေး ပြုံး ပြလိုက်သည်။

ခုတော့ သူ့ မျက်နှာကလေးပေါ်တွင် မျက်ရည်တွေ က တန့်သွားပြီ ဖြစ်သည်။

“ဒါနဲ့ သဒ္ဒါကို သတိပေးထားရဦးမယ်”

“ဘာကိုလဲ ကိုကိုလေး .....”

"ဒေါ်လေး သစ္စာတို့ မပါဘဲ ကိုကိုလေး မပါဘဲ သဒ္ဒါလေး အပြင်မထွက်ရဘူးနော်...."

"သဒ္ဒါ တစ်ယောက် တည်း အပြင် မထွက်ပါဘူး ကိုကိုလေး ...."

"ကြိုတင် သတိပေးထားတာပါ၊ ကိုကိုလေးက သဒ္ဒါအတွက် စိုးရိမ်လို့ပါကွယ်၊ သဒ္ဒါ့ကို နှောင့်ယှက်မယ့်လူ မရှိလို့ မပြောနိုင်ဘူး။ ဟို ... ကျော်မိုးနိုင်ဆိုတဲ့ လူက သဒ္ဒါ့ကို ဒုက္ခပေးနိုင်တယ်လို့ ကိုကိုလေး စိတ်ထဲမှာ ထင်နေလို့ပါ"

"ဟင် ... ကိုကျော်မိုးနိုင် အကြောင်း ကိုကိုလေး ... ကိုကိုလေး ဘယ်လို သိလဲဟင်"

မျက်ဝန်းကလေး ကျယ်လွန်းစွာ ဖြင့် ဟိန်း၏ မျက်နှာကို သဒ္ဒါဖြူ ကြည့်လိုက်သည်။

"ဒေါ်ကြီးတင် ဆိုတဲ့ အမျိုး သမီးကြီးနဲ့ ကိုကိုလေး တွေ့တုန်းက သဒ္ဒါဖြူနဲ့ ပတ်သက်သမျှ ကိုကိုလေးကို အကုန်အစင် သူ သိသမျှ ပြောခဲ့ပါတယ်၊ ဒီမောင်က သဒ္ဒါလေးကို လိုချင်နေတာဆိုတော့ သူ့ကို ကိုကိုလေးတို့ လျှော့တွက်ထားလို့ မရဘူးလေ"

ရှက်အား ပိုသွားသည်ထင့် သဒ္ဒါဖြူသည် ခေါင်းကလေးကို ငုံ့လျှိုး ပစ်လိုက်သည်။

"ကြည့်စမ်း၊ သူ ငါ့ကြောင်းတွေ ကို အကုန်သိအောင် စုံစမ်းခဲ့တာပဲ၊ သိပ်စေ့စပ်တဲ့ လူကြီးပါလား"

"သဒ္ဒါအတွက် ကိုကိုလေး စိုးရိမ်လို့ ပြောတာ၊ စိတ်မဆိုးနဲ့နော် ...."

"သဒ္ဒါ စိတ်မဆိုးတတ်ပါဘူး ကိုကိုလေးရယ်"

"သဒ္ဒါ ...."

"သဒ္ဒါ နှင်းဆီကို သိပ်ကြိုက်တာပဲလား ဟင်"

“အွန်း ....”

သဒ္ဒါဖြူက မဆိုင်းမတွ ခေါင်းကလေး ဆတ်ခနဲ ညိတ်ပြလိုက်သည်။

“ကိုကိုလေး ကဗျာတော့ မဆန်တတ်ပါဘူး ဒါပေမယ့် စိတ်ထဲမှာ ပြောချင်နေတာ ရှိတယ်၊ အဲဒါ ဘာလဲဆိုတော့ သဒ္ဒါနဲ့ နှင်းဆီကို ဘယ်လိုမှ ဆက်စပ်လို့ မရဘူးကွာ၊ သဒ္ဒါရဲ့ ပုံပန်းသဏ္ဌာန် စိတ်နေစိတ်ထား နွဲ့နွဲ့ နုနု ညှံ့ညှံ့ ကလေးကို စံပယ်ကလေးလို ခရေကလေးလိုပဲ ကိုကိုလေး မြင်ယောင်မိတယ်၊ သူ့ကို ထိလိုက် တို့လိုက်တိုင်း စူးခနဲ ရှခနဲ ဖြစ်တတ်တဲ့ နှင်းဆီနဲ့ ဘယ်လိုမှ စပ်ဟပ်လို့ မရပါဘူးကွာ ....”

“အဟင်း ... ဟင်း ... ဟင်း ...”

ညှင်းညှင်း ဘွဲ့ဘွဲ့ ကလေး သဒ္ဒါဖြူထံမှ ရယ်သံကလေး ထွက်လာသည်။

“ဘာတွေ များ သဘောကျသွား လို့လဲဟင် .... သဒ္ဒါ”

“နှင်းဆီ ဆိုတာ သတ္တိရှိတယ်၊ သူ့ကို ထိလိုက် တို့လိုက်တာနဲ့ စူးခနဲ ရှခနဲ မဖြစ်စေတဲ့ အခါရယ်လို့ မရှိဘူး ကိုကိုလေး၊ သူ့ သတ္တိကို သဒ္ဒါ သိပ် သဘောကျတယ်၊ အားကျတယ်၊ ဒါကြောင့် လဲ နေ့တိုင်း အစူး အရှခံပြီး သဒ္ဒါ နှင်းဆီပန်း တစ်မျိုး တည်းပဲ ရွေးရောင်းတာပေါ့”

“အဟွန်း .... သဒ္ဒါကလဲ ကိုယ့် စိတ်ကူးလေးနဲ့ ကိုယ်ပဲ ကိုး၊ ဟုတ်တယ် သဒ္ဒါ့ပင်ကို သဘာဝက ပျော့ညံ့လွန်းပါတယ် ၊ နှင်းဆီလို သတ္တိမျိုး မွေးဖို့ လိုတာ ကတော့ အမှန်ပဲ ဟော ... ဟိုမှာ ဒေါ်ပွဲစားကြီး ထွက်သွားပြီ”

“ရှင် ...”

“အဟော် .... ဒေါ်ကလျာက ပွဲစားလေ၊ အဲဒါကို ခင်လုံကလေးက ပွဲစားကြီးလို့ သူ့ နောက်ကွယ်မှာ ခေါ်တယ်”

“သူက ပွဲစား ဟုတ်လား၊ ကြည့်တော့ သူဌေးမကြီး နော် ... စိန်တွေ ရွှေတွေ သီးလို့၊ ပြီးတော့ သူ့ ကိုယ်ပိုင်ကားကြီးကလဲ အဖိုးတန်ကြီး၊ သဒ္ဒါတို့ ရပ်ကွက်ထဲက ပွဲစား

ဒေါ်သန္တာကြီး နဲ့တော့ ကွာလိုက်တာ”

သဒ္ဒါဖြူသည် အုံ့ဩဟန်ကလေးနှင့် ဒေါ်ကလျာ၏ ကား နောက်မြီးကို မျက်စိ တစ်ဆုံး ကြည့်ကာ ပြောနေ၏ ။

“သူကတစ်ပဲ ခြောက်ပြား ပွဲစား မဟုတ်ဘူး သဒ္ဒါလေးရဲ့ ၊ သူ့ အဖေ မုဆိုးဖိုကြီး က ဒေါ်လေး သစ္စာ တို့လိုပဲ မိုးကုပ်က သူဌေးကြီး တစ်ယောက် ပဲ၊ ဒါပေမယ့် ကားမှော က်ပြီး ပေါင်ကျိုး သွားလို့ ဒုက္ခိတကြီး ဖြစ်နေတာ ကြာပြီ၊ ဘိုးဘိုး ဦးမျိုး ထွန်းက သိပ်တော် တဲ့ လူကြီး တစ်ယောက် သဒ္ဒါ၊ သူ့မှာ ပစ္စည်း ဥစ္စာ အထုပ် အထည်နဲ့ ကျန်ပေမယ့် သမီးနဲ့ မြေးကို ထိုင်စားဖို့ အခြေအနေ မပေးဘူး၊ ဘယ်လောက်ပဲ ရရ ကိုယ့် ချွေးနဲ့စာ ကိုယ်ရှာ စားရမယ်လို့ အမိန့်ထုတ်ထားလို့ ဒေါ်ကလျာကြီး ခမျာမှာ သူ့ ပတ်ဝန်းကျင်ထဲမှာ ပွဲစား လုပ်စား နေရတာ လေ၊ ဖအေက ဒီလောက်ဖိနှိပ်ထားတာတောင် ဒေါ်ကလျာကြီး အချိုး က မြင်တယ် မဟုတ်လား”

“သူ့ သမီးကကော ....”

“မအေ့ သမီး မအေလိုပဲပေါ့ သဒ္ဒါရာ”

“အို ... သဒ္ဒါကြောက်လိုက်တာ”

“ဘာကို ကြောက်တာလဲ”

“သူ့ ... သူ့ကိုပေါ့၊ သူလဲ သူ့အမေလို သဒ္ဒါကို လာနိမ်မှာ သေချာတယ်”

“လာရင် သဒ္ဒါက နှင်းဆီ စိတ်ဓာတ်မျိုး နဲ့ စူးပစ်လိုက်ပေါ့ သဒ္ဒါရ”

“မလုပ်ပါနဲ့ ကိုကိုလေးရယ် ... သဒ္ဒါ စူး မပစ်လိုက်ဝံ့ပါဘူး ရှင်”

“ဒါဆို ကိုကိုလေးကို ပြော၊ သူ့ကို သုံးမြှော င့် သံကြီး တက်နင်းသလို ဖြစ်သွားအောင် ကိုကိုလေး သဒ္ဒါ့ဘက်က လိုက်ပြောပေးမယ်”

“ဘာတွေ ကို လိုက်ပြောပေးမှာ လဲ ဟင်း၊ ဆိုစမ်းပါဦး”

"ဟော ... မေမေ ..."

သန္ဒါဖြူသည် အနီးရောက်မှ ဒေါ်သစ္စာကို တွေ့ရသဖြင့် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

"ထိုင်လေ ... သမီး၊ ထိုင်ပါ"

"ဒေါ်ကလျာကြီး ပြောလိုက်တာကို ဝမ်းနည်းပြီး ဒီမှာ လာထိုင် ငိုနေလို့ ချော့လိုက်ရတာ ဒေါ်လေး သစ္စာရယ်"

"ကလျာကလဲ ကလျာပဲ၊ ဒါပေမယ့် သမီးရယ် ... မေမေက သမီးကို မြတ်နိုး တွယ်တာလို့ မွေးစား ထားတာ သူတို့ အလုပ် သူတို့အပူ မဟုတ်ပါဘူး။ သူများ ဘာပဲ ပြောပြော စိတ်ဓာတ်မကျနဲ့ သိလား၊ သမီးကို မေမေတို့ ချစ်ရင် ပြီးတာပဲလို့ သဘောထား ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ မေမေ"

သန္ဒါဖြူသည် ခေါင်းကလေး ငုံ့ကာ တိုးတိုးညင်းညင်း ကလေး ဖြေလိုက်သည်။

"ကဲ ...ဒေါ်လေး သစ္စာ ကျွန်တော် လဲ ပြန်လိုက်ဦးမယ်၊ ဖေဖေ့ကို ဆေးခန်း ကြို ရဦးမှာ မို့ပါ"

"အယ် ... ဟုတ်သားပဲ၊ ကဲ ... ကဲ ... သွားတော့ သွားတော့၊ သန္ဒါလေးရဲ့ အမေကို ဆေးစစ်ဖို့ ကိစ္စလဲ မြန်မြန် စီစဉ်ပေးပါကွယ်"

"မနက်ဖြန်ပဲ ခေါ်သွားပြီး ပြပေးဖို့ ကျွန်တော် စီစဉ်ထားပြီးပါပြီ"

"ဟိန်း ကတော့ တယ်စိတ်ချရတဲ့ လူပဲ"

ဟိန်းသည် ပြုံး ရယ်ရင်း ဒေါ်သစ္စာတို့ သားအမိအနီးမှ ထွက်ခွာသွား၏ ။

ဒေါ်သစ္စာသည် နှစ် လိုဖွယ်ရာ မျက်နှာ ပြုံး ပြုံး ကြီးဖြင့် သန္ဒါဖြူ၏ ခါးလေးကို ဖက်ကာ ဟိန်းကို လှမ်းကြည့်နေသည်။

ကားလေး မောင်းထွက်ခါနီး ဟိန်းက ဒေါ်သစ္စာတို့ သားအမိထံ လက်လှမ်းပြကာ နှုတ်ဆက်ခဲ့သည်။

ဒေါ်သစ္စာက လက်ကို ငေ့ယမ်း၍ ပြန်နှုတ်ဆက်သည်။

သဒ္ဒါဖြူကတော့ တည်ငြိမ် အေးအေး လှသော အပြုံး လှလှကလေးဖြင့် သူ့ကို မျက်စိတစ်ဆုံး လှမ်းကြည့်နေလိုက်သည်။

*

ကျော်မိုးနိုင်သည် သူ သောက်နေသော အရက်ဖန်ခွက်၏ နှုတ်ခမ်း ပတ်လည်ကို လက်ညှိုးဖြင့် ဝိုက်သပ်နေရင်း က အရက်ခွက်ကို စူးစူး စိုက်စိုက်ကြီးကြည့်ကာ မျက်နှာကြီး နီရဲ တင်းမာ၍ နေ၏ ။

သဒ္ဒါဖြူကို သူ တွေ့နိုင်ဖို့ ကြိုး စားခဲ့သည်မှာ အခါခါ ဖြစ်သော် လည်း တွေ့ခွင့် မရဘဲ ရှိနေသည်။

လမ်းမနှင့် အိမ်က အလှမ်းကွာလွန်းသဖြင့် သည်အိမ်ထဲကို မြင်နိုင်ဖို့က ခက်နေသည်။ သည်ကြားထဲ သစ်ပင် ပန်းပင်တွေ က ကြားခံနေသဖြင့် ပိုလို့သာ ဆိုးတော့သည်။

အခွင့်အရေး ရတုန်းရခိုက် အပိုင်ကြံလိုက်လျှင် အကောင်းသား၊ ခုတော့ ခက်ခဲစွာ သော ပြဿ နာကို ရင်ဆိုင်ပါမှ သဒ္ဒါဖြူကို ရနိုင်မည် ဟု သူ သိလာသဖြင့် ကြိတ်မနိုင်ခဲမရ ကြီး ဖြစ်ကာ ဒေါသတွေ ထွက်မဆုံး ဖြစ်နေသည်။

“တောက် ... ဒီမိန်းမကြီး အသုံးမကျလို့ ခုလိုတွေ ဖြစ်ကုန်တာ သူ ငါ့ စိတ်ကို စမ်းတာပဲ၊ ငါလိုချင်တဲ့ ပုံစံမျိုး ရအောင် လုပ်မပေးရင်တော့လား ဒီမိန်းမကြီး ကောင်းကောင်း သိမယ်၊ အဟွန်း ... အပျံစား ကားကျလေး စီးပြီး ဆေးခန်းသွားရ၊မကိုင်စဖူး ငွေစကလေး ကို

ရေ လုပ်ရတာ နဲ့ ကျေနပ်နေတဲ့ မိန်းမကြီး ၊ ကျော်မိုးနိုင် အကြောင်း ကောင်းကောင်း သိစေ့ရမယ်”

အရက်ဖန်ခွက်ကို ဆတ်ခနဲ ဆုပ်ကိုင်ကာ ကွဲသွားလုမတတ် တအား ဆုပ်ထားလိုက်သည်။

အချိန် အတန်ကြာအောင် အရက်ခွက်ကို စူးစူး စိန်းစိန်းကြီး စိုက်ကြည့် နေပြီးမှ တစ်ရှိန်ထိုး မော့ချပစ်လိုက်သည်။

ဖန်ခွက်ကို စားပွဲပေါ်သို့ ဆောင့်ချပြီး မဲ့မဲ့ ရွဲ့ရွဲ့ကြီး သူ့ ပါးစပ်ကို လက်ခုံဖြင့် သုတ်ချပြီး ထိုင်ရာမှ ထ လိုက်သည်။

ထို့နောက်တွင် တော့ ရပ်ထားသော မော်တော် ဆိုင်ကယ်ဆီသို့ ခြေလှမ်း ကျဲကြီးများ ဖြင့် သွားကာ တက်စီးလိုက်ပြီး မောင်းနှင် လိုက်တော့သည်။

စိတ်ကလည်း ကြမ်း ၊ အရက်ကြောင့် လည်း သွေးက ကြွကြွနှင့် ကျော်မိုးနိုင်သည် မြေနီကုန်း ရပ်ကွက်ဆီသို့ ဦးတည် မောင်းနှင်နေ၏ ။

ဒေါ်မြခင်၏ အိမ်ရှေ့တွင် ဆိုင်ကယ်ကို တုန့်ခနဲ စက်သတ်လိုက်ပြီး အိမ်ပေါ်သို့ သူ ပြေးတက်လိုက်သည်တွင် အကြမ်း ပန်းကန် တစ်လုံးကို ကိုင်၍ ထိုင်နေသော ဒေါ်မြခင်သည် သူ့ကို မြင်လိုက်သော အခါ လန့်ဖျန့်ပြီး လက်ထဲက ရေနွေး ပူပူတွေ ထည့်ထားသော အကြမ်းခွက် လွတ်ကျသွား၏ ။

“အမေ့ ....”

ရေနွေးတွေ ဒေါ်မြခင်၏ ပေါင်ပေါ်သို့ ကျကာ ပူလောင် သွားခဲ့ရသည်။

သူ့ရှေ့တွင် ခြေနှစ် ချောင်းကို ကားရပ်၍ သူ့အား ခါးထောက်ကာ မာထန်သော မျက်နှာကြီးဖြင့် ကြည့်နေသူကို ဒေါ်မြခင်သည် ထိတ်လန့် စိုးရွံ့ခြင်း ရှိလှသည့် မျက်နှာကြီးဖြင့် မော့ကြည့်ရင်း သူ့ပေါင်ပေါ်က ရေနွေးတွေ လက်က ခါထုတ်ပစ်နေ၏ ။

“ဒီမှာ အဘွားကြီး ကျုပ် သဒ္ဒါဖြူကို တွေ့ချင်တယ်၊ အမြန်ဆုံး တွေ့ချင်တယ်၊

အဲဒါ ခင်ဗျားကြီး ဖြစ်တဲ့နည်းနဲ့ တွေ့ရအောင် စီစဉ်ပေး၊ ကျုပ် ဆိုးရင် ဘယ်လောက်အထိ ဆိုးနိုင်တယ် ဆိုတာ ခင်ဗျားကြီး သိတယ် မဟုတ်လား ....”

“မင်း ... မင်းက သူ့ကို ဘာကိစ္စ တွေ့ချင်တာလဲ ကွယ်”

ငယ်ကြောက်လို ဖြစ်နေသော ကျော်မိုးနိုင်ကို ဒေါ်မြခင်က တုန်တုန်ယင်ယင်ဖြင့် မေးလိုက်သည်။

“ကျုပ် ဘာ့ကြောင့် တွေ့ချင် တွေ့ချင် ခင်ဗျားကြီး အလုပ် မဟုတ်ဘူး။ ခင်ဗျားကြီး အလုပ်က သူနဲ့ ကျုပ် တွေ့နိုင်အောင် စီစဉ်ပေးဖို့ပဲ၊ ကျုပ် ပြောလိုက်သလို လုပ်မပေးနိုင်ရင်တော့ ခင်ဗျားတို့ နှစ် ယောက် ဘဝ ပျက်အောင် ကျုပ် ကောင်းကောင်း မွှေပြလိုက်မယ် သိလား၊ ခင်ဗျား တစ်ချိန်က တတ်ထားတဲ့ ဝမ်းဆွဲပညာနဲ့ ဘာတွေ လုပ်ခဲ့တယ် ဆိုတာ မေ့မသွားနဲ့ ကျုပ် အားလုံး သိတယ် နားလည်လား”

ဒေါ်မြခင် ခမျာ ကျောကြီး ဆတ်ခနဲ တွန့်သွားရှာ၏ ။

ဒေါ်မြခင်သည် ကျော်မိုးနိုင်၏ ဆိုးညစ် သန္ဓေကို ကောင်းကောင်းကြီး သိထားသည်မို့ သည် လူယုတ်မာ သည် ပြောလျှင် ပြောသည့်အတိုင်း ဖြစ်အောင် လုပ်တော့ မည် ကို သိနေ၏ ။

လောကတွင် သူ့ ဘဝတစ်လျှောက်လုံး၌ နတ်စည်းစိမ်နှင့် တူသော ဘဝသစ်တစ်ခုကို ရလိုက်သည့်မှာ ရက်ပိုင်း ကလေး ရှိပါသေး၏ ။

ဒီစည်းစိမ်ကို ဒေါ်မြခင် တစ်ယောက် လက်လွှတ်အဆုံးအရှုံး မခံနိုင်သည်မို့ မျက်ရည်တွေ က အလိုလို ကျလာ၏ ။

*